# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၁၂ ရက် ၂၀၁၈ ခုနှစ်၊ ဇွန် ၂၄ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၇)၊ အမှတ် (၂၆၅)


**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ **ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)**

# မြိတ်မြို့ ငြိမ်းချမ်းရေးစက်ဘီးစီးပွဲတော်တွင် စက်ဘီးအစီး ၁၀၀၀ ကျော် စုပေါင်းစီးနင်း




**မြိတ် ဇွန် ၂၃**

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မိဘပြည်သူများအနေဖြင့် ပစ်ခတ်တိုက်ခိုက်မှု ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများကို နားလည်သိရှိသဘောပေါက်စေရန်နှင့် ငြိမ်းချမ်းရေးဆောင်ရွက်မှု လုပ်ငန်းစဉ်များတွင် ပြည်သူလူထု ပူးပေါင်းပါဝင်လာရေး ရည်ရွယ်၍ ငြိမ်းချမ်းရေးစက်ဘီးစီး ပွဲတော်ကို ယနေ့ နံနက် ၅ နာရီခွဲတွင် စတင်ကျင်းပရာ မြိတ်မြို့ မြို့မအားကစားကွင်းစုရပ်မှစတင်၍ စက်ဘီးစီးဝါသနာရှင် လူကြီးလူငယ် အမျိုးသား၊ အမျိုးသမီးများ စုပေါင်း၍ စက်ဘီးအစီး ၁၀၀၀ ကျော်ဖြင့် စုပေါင်းစီးနင်းခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

ငြိမ်းချမ်းရေးစက်ဘီးစီးပွဲတော်တွင် တိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှု ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) ဒုတိယဥက္ကဋ္ဌ(၁) ပဒိုဘီးလယ်က အဖွင့်အမှာစကားပြောကြားပြီး ကော်မတီအဖွဲ့ဝင် တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ဇေယျက ငြိမ်းချမ်းရေးစက်ဘီးစီးပွဲတော် ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှု ပူးတွဲစောင့်ကြည့်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)နှင့် အဖွဲ့ဝင်များက စက်ဘီးစီးပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပြီး မြိတ်ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဦးဇော်ဇော်ထွဋ်က ခရာမှုတ်၍ တာလွှတ်ပေးခဲ့သည်။

*စာမျက်နှာ ၁၂ ကော်လံ ၃* ❑

# ရန်ကုန်မြို့သစ်ကို စီးပွားရေးမြို့တော်နှင့် လူနေထိုင်ရန်ကောင်းသည့်မြို့တော်ဖြစ်ရန် လမ်းပြမြေပုံရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်

**ရန်ကုန် ဇွန် ၂၃**

ရန်ကုန်မြို့သစ်စီမံကိန်းနှင့်စပ်လျဉ်းပြီး ထွက်ပေါ်နေသည့် မေးခွန်းများကို ဆွေးနွေးနိုင်ရန်နှင့် အများပြည်သူမှ မေးခွန်းများ မေးမြန်းနိုင်ရန်အတွက် ရန်ကုန်မြို့သစ်ဖွံ့ဖြိုးရေး ကုမ္ပဏီလီမိတက် (NYDC) မှ ဦးစီးပြီး ရန်ကုန်မြို့သစ် စီမံကိန်းနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ကုန်သည်စက်မှုအသင်းချုပ်ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်မြို့သစ် ဖွံ့ဖြိုးရေးကုမ္ပဏီလီမိတက် (NYDC) မှ ဒေါ်အေးအေးခိုင်က အနောက်တောင်မြို့သစ်စီမံကိန်းသည် ရန်ကုန်တိုင်းဒေသကြီးဧရိယာအတွင်းရှိ စီမံကိန်းများထဲမှ စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ အနောက်တောင်မြို့သစ် စီမံကိန်းကို အပိုင်း (၂)ပိုင်းခွဲပြီး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ အပိုင်း(၁)တွင် ဧကနှစ်သောင်းကျော်ပါဝင်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ NYDC ကို ဖွဲ့စည်းခဲ့ကြောင်း။

**အကောင်အထည်ဖော်ဆောင်ရွက်သွားမည်**

NYDC သည် ရန်ကုန်တိုင်းဒေသကြီးအစိုးရမှ ၁၀၀ ရာခိုင်နှုန်း ပိုင်ဆိုင်သည့် ကုမ္ပဏီတစ်ခုဖြစ်ကြောင်း၊ မြို့သစ်ကို စီးပွားရေးမြို့တော်နှင့် လူနေထိုင်ရန်ကောင်းသည့် မြို့တော်ဖြစ်ရန် Road Map ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ✳

**စီးပွားရေးလုပ်ငန်းများ အတွက် အပြောင်းအလဲ ဆောင်ကြဉ်းပေးမည့် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေသစ်**

ဆောင်းပါး စာ ➤ ၆




**မြန်မာ့အလင်း**

# ကျိုးကြောင်းယုတ္တိကင်းမဲ့သော အကြောင်းကြားချက်

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး (ICC) က ၎င်းတို့ကြားနာစစ်ဆေးရန် သင့်/မသင့် သုံးသပ်နေသည့် တရားစွဲဆိုမှုဆိုင်ရာ တောင်းဆိုချက်တစ်ရပ်အပေါ် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့ကိုနောက်ဆုံးထား၍ တုံ့ပြန်ရန် နိုင်ငံတော်အစိုးရထံ အကြောင်းကြားလာပါသည်။ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး၏ ရှေ့နေချုပ် ဖာတူးဘင်ဆူဒါက ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူတို့၏ အရေးသည် နယ်စပ်ဖြတ်ကျော်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံအပေါ် သက်ရောက်မှုရှိသောကြောင့် စစ်ဆေးပေးရန် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးသို့ လျှောက်ထားခဲ့ခြင်းကြောင့် ဤသို့အကြောင်းကြားလာခြင်း ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး၏ ရှေ့နေချုပ် ဖာတူးဘင်ဆူဒါက “နယ်စပ်ဖြတ်ကျော်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံအပေါ် သက်ရောက်မှုရှိသော” ဟူသော ရှင်းလင်းချက်ကို အသုံးပြုခဲ့ခြင်းသည် အကြောင်းရင်းရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ဤရှင်းလင်းချက်ကိုသာ အသုံးမပြုပါက အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးအနေဖြင့် မြန်မာနိုင်ငံအပေါ် စစ်ဆေးပိုင်ခွင့်မရှိသည်မှာ ရာနှုန်းပြည့် သေချာနေသောကြောင့် ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး၏ အဖွဲ့ဝင်နိုင်ငံမဟုတ်သော မြန်မာနိုင်ငံအပေါ် ဤခုံရုံးက မည်သို့မည်ပုံ စစ်ဆေးပိုင်ခွင့် ရှိနိုင်ပါမည်နည်း။ သို့ဖြစ်၍ ရှေ့နေချုပ်ဖာတူးဘင်ဆူဒါက “နယ်စပ်ဖြတ်ကျော်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံအပေါ် သက်ရောက်မှုရှိသော”ဟူသည့် ရှင်းလင်းချက်ကို အကြောင်းပြချက်အဖြစ် အသုံးချလာခြင်းဖြစ်ပါသည်။

ဤသို့သောအနေအထား၌ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးအနေဖြင့် ပထမဦးဆုံးလုပ်သင့်သည့်ကိစ္စမှာ ၎င်းတို့က ရခိုင်ပြည်နယ်အရေးကိစ္စအား အဘယ်ကြောင့် လက်ခံစဉ်းစားရသည်ဆိုသည့် အကြောင်းပြချက်ကို ကမ္ဘာ့ပြည်သူများထံ ရှင်းလင်းတင်ပြပေးရန် ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးက မြန်မာနိုင်ငံထံ ပေးပို့ချက်၌ “အတင်းအဓမ္မ မောင်းထုတ်မှုသည် မြန်မာနိုင်ငံပိုင်နက်၌ အစပြု ဖြစ်ပွားခဲ့သည်”ဟူသော စွပ်စွဲချက်ကို ရည်ညွှန်းဖော်ပြထားပါသည်။ နေရပ်စွန့်ခွာသူတို့ကို မြန်မာနိုင်ငံက အတင်းအဓမ္မမောင်းထုတ်မှု ရှိ/မရှိသည် ဒုတိယအဆင့်ကိစ္စသာဖြစ်ပြီး ဤကိစ္စရပ်အပေါ် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးက ဝင်ရောက်စွက်ဖက်ပိုင်ခွင့် မရှိပါ။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး၏ အဖွဲ့ဝင်နိုင်ငံမဟုတ်ခြင်းကြောင့် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပထမအဆင့်ကိစ္စမှာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးက ရခိုင်ပြည်နယ်အရေးအပေါ် အဘယ်ကြောင့် စစ်ဆေးပိုင်ခွင့်ရှိသည်ကို ကမ္ဘာ့ပြည်သူများထံ ရှင်းလင်းတင်ပြရမည်ဖြစ်ပါသည်။ နေရပ်စွန့်ခွာသူတို့အား အတင်းအဓမ္မ မောင်းထုတ်ခဲ့ခြင်း မရှိကြောင်းကို နိုင်ငံတော်အစိုးရက အကြိမ်ကြိမ်အထပ်ထပ် ရှင်းလင်းပြီး ဖြစ်ပါသည်။

ရှေ့နေချုပ်အပါအဝင် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး၏စဉ်းစားချက်၌ နယ်စပ်ကိုဖြတ်ကျော်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံအပေါ် အကျိုးသက်ရောက်ခြင်းသည် အဓိကအချက် ဖြစ်နေပါသည်။ သုံးသပ်ကြည့်ပါက နယ်စပ်ကို ဖြတ်ကျော်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံအပေါ် အကျိုးသက်ရောက်သည့်ကိစ္စမှာ နေရပ်စွန့်ခွာသူတို့၏ ကိစ္စရပ်သာရှိပါသည်။ သို့သော် နေရပ်စွန့်ခွာသူတို့ ရခိုင်ပြည်နယ်၌ ပြန်လည်အခြေချမည့်ကိစ္စအပေါ် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား သဘောတူညီချက်ရရှိပြီး ဖြစ်ပါသည်။ နေရပ်စွန့်ခွာသူတို့ဆန္ဒအလျောက် ရခိုင်ပြည်နယ်သို့ ပြန်လည်အခြေချနိုင်ရေး အပါအဝင် ရခိုင်ပြည်နယ်ရှိ မတူကွဲပြားသော အသိုင်းအဝိုင်းနှစ်ရပ်စလုံး၏ လုံခြုံရေးနှင့်ဖွံ့ဖြိုးရေးတို့အား အာမခံချက်ပေးနိုင်ရန် မြန်မာနိုင်ငံအစိုးရ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့အကြား သုံးပွင့်ဆိုင် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နေရပ်စွန့်ခွာသူတို့က ဘင်္ဂလားဒေ့ရှ်နိုင်ငံအပေါ် မည်သို့မည်ပုံ အကျိုးသက်ရောက်မှု ရှိနိုင်ပါမည်နည်း။ ဘင်္ဂလားဒေ့ရှ်နိုင်ငံက မြန်မာနိုင်ငံနှင့် ချုပ်ဆိုသော စာချုပ်နှင့်အညီ ဆောင်ရွက်ရမည့် ကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်ရုံမျှဖြင့် နေရပ်စွန့်ခွာသူတို့၏ ပြဿနာကို ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ သို့သော် လက်တွေ့ပြဿနာမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံက စာချုပ်ပါ ကတိကဝတ်တို့အား အကောင်အထည်ဖော်ရန် ပျက်ကွက်နေခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးအနေဖြင့် အကြောင်းပြချက် မခိုင်လုံသောကိစ္စအပေါ် ရှေ့တိုးဆောင်ရွက်ရန် အဘယ်ကြောင့် သုံးသပ်နေသည်ကို ပြန်လည်သုံးသပ်သင့်နေပြီဖြစ်ပါကြောင်း လေးနက်စွာ ဖော်ပြအပ်ပါသည်။ ။

## ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းက အိမ်မဲမြို့၌ အခမဲ့ ဆေးကုသပေး

**အိမ်မဲ ဇွန် ၂၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်အတွင်းရှိ ပြည်သူများအား အခမဲ့ ကွင်းဆင်းဆေးကုသပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို အိမ်မဲမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းက ဇွန် ၂၃ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းမှ အထူးကုဆရာဝန် ၇၁ ဦးနှင့် အကူ ၁၅၀ တို့ ပါဝင်သောအဖွဲ့က အိမ်မဲမြို့နယ်အတွင်းရှိ ပြည်သူများအား ဇွန် ၂၃ နှင့် ၂၄ နှစ်ရက်ကြာ အခမဲ့ ဆေးဝါးကုသပေးခြင်းဖြစ်ကြောင်း၊ လူနာလက်ခံရေးမဏ္ဍပ်ကို အထက(၁) ကျောင်းအတွင်း ဆောက်လုပ်ထားရှိကာ ဆေးကုသမှုခံယူရန် ရောက်ရှိလာသည့် လူနာများအား ကုသမည့်အမျိုးအစားအလိုက် ယာယီဆေးခန်း ၁၂ ခန်းသို့ ပို့ဆောင်ပေးပြီး ဆေးခန်းတစ်ခန်းလျှင် စေတနာ့ဝန်ထမ်း ငါးဦးနှုန်း ခွဲဝေချထား၍ ကုသပေးမည်ဖြစ်ကာ ဆေးဝါးကုသရာတွင် တစ်ရက်လျှင် လူနာ ၆၀၀၀ ကျော်အား ကုသပေးမည်ဖြစ်ကြောင်း သိရသည်။



အခမဲ့ ဆေးဝါးကုသပေးမည့်ရောဂါများမှာ မျက်စိရောဂါ၊ အထွေထွေရောဂါ၊ အရေပြား၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ သွားနှင့်ခံတွင်း၊ အရိုးအကြော၊ စိတ်ကျန်းမာရေး၊ ဆီးနှင့်ကျောက်ကပ်၊ သားဖွားနှင့်မီးယပ်၊ အထွေထွေခွဲစိတ်နှင့် ကလေးလူနာများဖြစ်ပြီး အိမ်မဲမြို့နယ်အတွင်းရှိ လူနာများသာမက အခြားမြို့များမှ လူနာများလည်း လာရောက်ဆေးကုသမှု ခံယူနေကြကြောင်း သိရသည်။

ရွှေပါရမီဖောင်ဒေးရှင်းအနေဖြင့် အိမ်မဲမြို့နယ်အတွင်းရှိ ပြည်သူများအား အခမဲ့ကုသပေးရာတွင် လူနာများ စိတ်အေးချမ်းစွာ ကုသနိုင်ရေးအတွက် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှဝန်ထမ်းများ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင် လုပ်အားဒါနအလှူရှင်များနှင့် ပူးပေါင်း၍ ကော်မတီများဖွဲ့ပြီး ကြိုတင်ဆောင်ရွက်ထားသလို အလှူရှင်များကလည်း လူနာနှင့်လူနာစောင့်များအတွက် တစ်ရက်လျှင် ထမင်းဘူး ၆၀၀၀ ကျော်နှုန်း ဝေပေးနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

**ချစ်သက်လယ်(ပြန်/ဆက်)**

## လောင်းလုံးမြို့၌ အေးခဲအသားများ ရောင်းချခြင်းမရှိစေရန် စစ်ဆေး

**လောင်းလုံး ဇွန် ၂၃**

ထားဝယ်ခရိုင် လောင်းလုံးမြို့ပေါ်ရှိ မြို့မဈေးနှင့် မြို့နယ်အတွင်းရှိ ရေဖြူကျေးရွာဈေး၊ သောကြာပြင်ဈေး၊ မောင်းမကန်ဈေးများတွင် ပြည်ပမှတင်သွင်းလာသည့် အေးခဲအသားများ ရောင်းချခြင်းမရှိစေရန်အတွက် မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်မှုကော်မတီအဖွဲ့က ဇွန် ၂၂ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်မှုကော်မတီဝင်များက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ ကျန်းမာရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊စည်ပင်သာယာရေးအဖွဲ့၊ ပြန်/ဆက်ဦးစီးဌာန၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ ဈေးများအတွင်း အဖွဲ့နှစ်ဖွဲ့ခွဲပြီး အေးခဲအသားများရောင်းချမှုမရှိစေရန် ဝင်ရောက်စစ်ဆေးခဲ့ခြင်းဖြစ်ကာ ရောင်းချမှု မတွေ့ရှိရကြောင်း သိရသည်။

စစ်ဆေးရေးအဖွဲ့များသည် ဈေးများ၌ အေးခဲအသားများစစ်ဆေးခြင်းအပြင် မြို့ပေါ်ဈေးဆိုင်များနှင့် ကျေးရွာများရှိ ဆေးဆိုင်များကိုလည်း စံချိန်စံညွှန်း အရည်အသွေး ကိုက်ညီမှုမရှိသောဆေးဝါးများ ရောင်းချမှုမရှိစေရေးအတွက် လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

**စိုးထွန်း(ပြန်/ဆက်)**

## နတ်တလင်းမြို့နယ်တွင် ကျေးရွာ ၁၅ ရွာ အကျိုးပြု မယင်းချောင်းကူးတံတား တည်ဆောက်ပြီးစီး

**မော်လမြိုင်ကျွန်း ဇွန် ၂၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်စီမံကိန်းအတိုးရငွေဖြင့် ဒေသခံပြည်သူများအတွက် လိုအပ်နေသော ပျဉ်ပုံကျေးရွာအုပ်စု မယင်းကျေးရွာချောင်းကူးတံတား တည်ဆောက်ခဲ့ရာ ဇွန် ၂၂ ရက်က ပြီးစီးသွားပြီဖြစ်သည်။

ယခင်က တံတားမှာ ဝါးများဖြင့်တည်ဆောက်ထားသော တံတားသာရှိခဲ့သဖြင့် ဒေသခံပြည်သူများနှင့် ကျောင်းသူကျောင်းသားများမှာ ဝါးတံတားပေါ်မှ ဖြတ်သန်းသွားလာကြရသဖြင့် ဂရုပြုကူးသန်းသွားလာခဲ့ကြရသည်။

ယင်းချောင်းကူးတံတားတည်ဆောက်ပြီးစီးသွားသဖြင့် မယင်းကျေးရွာကို ဖြတ်သန်းသွားလာလျက်ရှိသော ကျေးရွာပေါင်း ၁၅ ရွာမှ ဒေသခံပြည်သူများ၏ ဒေသထွက်ကုန်ရောင်းဝယ်ဖောက်ကားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများပါ ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်သည်။

အဆိုပါ ချောင်းကူးတံတားမှာ မြစိမ်းရောင်စီမံကိန်းအတိုးရငွေကျပ်သိန်း ၅၀ ဖြင့် တည်ဆောက်ခဲ့သော တံတားဖြစ်ပြီး တံတားအရှည်ပေ ၇၀၊ အကျယ်



ရှစ်ပေရှိသော ကွန်ကရစ်တိုင်သံပေါင်သစ်သားကြမ်းခင်း တံတားအမျိုးအစားဖြစ်သည်။

**မော်ကျွန်း-မြင့်အောင်**

## မူးယစ်တိုက်ဖျက်ရေးနေ့ ကြိုဆို ကလေးပန်းချီပြိုင်ပွဲ ကျင်းပ

**ရေဦး ဇွန် ၂၃** - ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို ကြိုဆိုသောအားဖြင့် အခြေခံပညာမူလတန်းအဆင့် ကလေးပန်းချီပြိုင်ပွဲကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ ကျင်းပသည်။

ရေးဦးစွာ မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဒေါ်အေးမြင့်စန်းက ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲကိုကျင်းပပေးခဲ့သည်။ ပြိုင်ပွဲတွင် မြို့ပေါ်ရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်းများမှ ကျောင်းသားကျောင်းသူ ၄၅ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုရွေးချယ်ရေးအဖွဲ့က စနစ်တကျရွေးချယ်ပေးခဲ့သည်။ ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေသန်းနှင့် ပြန်/ဆက်ဦးစီးမှူးတို့က ကလေးပန်းချီပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ် ( ပြန်/ဆက်)**

*ထင်သာမြင်သာပြုပြင်စရာ*

## အန္တရာယ်ရှိ လျှပ်စစ်မီးတိုင်ပြုပြင်ပေးစေလို

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် ပျဉ်းမမြိုင်ရပ်ကွက် လဂွမ်းအိမ်လမ်းရှိ လျှပ်စစ်မီးတိုင်တစ်တိုင်မှာ မိုးရွာသွန်းပြီးရေတိုက်စားခြင်းကြောင့် ယိမ်းယိုင်နေသည်။

အဆိုပါ လျှပ်စစ်မီးတိုင်သည် လွန်ခဲ့သည့် သုံးလခန့်ကတည်းက ယိုင်နဲ့နေကြောင်း၊ ရေတိုက်စားမှုကြောင့် တိုင်အောက်ခြေပေါ်နေပြီးလဲမည့်အခြေအနေရှိကြောင်း၊ အိမ်ရှေ့မီးတိုင်ဖြစ်၍ လျှပ်စစ်ရုံးမှ တာဝန်ရှိသူများကို အကြောင်းကြားသော်လည်း ယခုအထိပြုပြင်ပေးခြင်းမရှိကြောင်း၊ မီးတိုင်လဲသွားပါက အိမ်အတွင်းစက်ရက်ကန်းလုပ်နေသည့်အလုပ်သမားများ၊ လမ်းပေါ်သွားလာနေသော ရဟန်းရှင်လူ ပြည်သူများ၊ ကျောင်းသားကျောင်းသူများ အန္တရာယ်ရှိနိုင်၍ သက်ဆိုင်ရာမှ



ပြုပြင်ပေးရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းညီ-ကျွန်းလှ**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မကွေးတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုများနှင့် ပတ်သက်၍ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဇွန် ၂၃

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့ နံနက်ပိုင်းတွင် ပခုက္ကူမြို့ရှိ သီဟိုဠ်ရှင်မြတ်စွာဘုရားကြီးနှင့် ရွှေကူမြတ်စွာဘုရားတို့အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း ဆက်ကပ်လှူဒါန်းပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။**

ပြည်ထောင်စုဝန်ကြီးသည် မကွေးတိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြတ်မင်းဆွေ၊ ခရိုင်နှင့်မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပခုက္ကူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြရောခန်းမ(၂)တွင် ကျင်းပပြုလုပ်သည့် သဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့် ထောက်ပံ့ငွေများ ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားရာတွင် ယခုခရီးစဉ်သည် သဘာဝဘေးနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လာရောက်ခြင်းဖြစ်ပါကြောင်း၊ သဘာဝဘေးနှင့်ပတ်သက်၍ ကော်မတီဝင်များ၊ ဌာနဆိုင်ရာများသာမက လူမှုရေးအသင်းအဖွဲ့များမှ ပူးပေါင်းပါဝင်မှုသည် အရေးကြီးပါကြောင်း၊ လူမှုရေးအသင်းအဖွဲ့များဟုဆိုရာ၌ မြန်မာနိုင်ငံ အမျိုးသမီးကော်မတီအောက်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးအရေးတက်ကြွစွာလှုပ်ရှားသူများအသင်းများသာမက အခြားသော လူမှုရေးအသင်းအဖွဲ့များပါ ပါဝင်ပါကြောင်း၊ လူမှုရေးအသင်းအဖွဲ့များသည် ပြည်သူလူထုကို ကိုယ်စားပြုသည့်အတွက် ပြည်သူလူထုတစ်ရပ်လုံး ဘေးအန္တရာယ်နှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များအား သိရှိနိုင်ရန် ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း။

### ရင်းနှီးပွင့်လင်းစွာဆွေးနွေး

မိမိကိုယ်တိုင် မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၊ ပွင့်ဖြူမြို့နယ်နှင့် မွန်ပြည်နယ် မော်လမြိုင်မြို့သို့ သွားရောက်ပြီး ဘေးသင့်ပြည်သူများနှင့် တွေ့ဆုံကာ အားပေးနှစ်သိမ့်ခြင်း၊ ထောက်ပံ့ပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ယခုခရီးစဉ်သည် ပခုက္ကူမြို့နယ်အနီး ဖြတ်သန်းစီးဆင်းနေပြီး တောင်ကျရေကြောင့် လူသေဆုံးခဲ့ရသည့် ရွှေချောင်းချောင်းရေလမ်းကြောင်း ဖောက်လုပ်ခြင်း၊ မကျီးပင်ပုကျေးရွာအုပ်စု၊ ကျွန်းအိုကျေးရွာ ရေကာတန်းပြုလုပ်ခြင်းနှင့် ကန်တော်ကန်ကျိုးပေါက်မှုတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသော ပရဟိတလူမှုကူညီရေးအသင်းများအတွက် ထောက်ပံ့ငွေပေးအပ်ခြင်းများဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယနေ့ တက်ရောက်လာကြသည့် ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များမှလည်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပေးပါရန်နှင့် ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ပခုက္ကူမြို့နယ်အတွင်းရှိ ကန်တော်ကန် ကျိုးပေါက်ခဲ့မှုကို သွားရောက်ကြည့်ရှုစဉ်။ သတင်းစဉ်



ဆက်လက်၍ မကွေးတိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရွှေချောင်း ချောင်းတူးဖော်ခြင်းအတွက် ထောက်ပံ့ ငွေကျပ် ၁၂၄ ဒသမ ၅၆ သိန်း၊ မကျီးပင်ပုကျေးရွာအုပ်စု ကျွန်းအိုကျေးရွာ ရေကာတန်း ပြုလုပ်ခြင်းအတွက် ထောက်ပံ့ငွေကျပ် ၅၃ ဒသမ ၅၈ သိန်းအားလည်းကောင်း၊ ကန်တော်ကန်ကျိုးပေါက်မှုတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသော ပရဟိတလူမှုကူညီရေးအသင်း ငါးသင်းအတွက် စက်သုံးဆီဖိုး ငွေကျပ် ၁ ဒသမ ၅ သိန်းအား လည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူများနှင့် ကျေးရွာသူ ကျေးရွာသားများက လက်ခံရယူကြသည်။

ထို့နောက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုကူညီရေးအသင်းအဖွဲ့များက ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ပေါင်းစပ်ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးသည်။

### ပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးခဲ့

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရွှေချောင်း ချောင်းတူးဖော်ထားမှုအခြေအနေများကို မြေပြင်ကွင်းဆင်းကြည့်ရှုခဲ့ပြီး ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ ထိုမှတစ်ဆင့် ကန်တော်ကန်ကျိုးပေါက်ခဲ့မှုအား သွားရောက်ကြည့်ရှုခဲ့ကာ ဒေသခံပြည်သူများ၏ တင်ပြတောင်းဆိုချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရေစကြိုမြို့သို့ ထွက်ခွာခဲ့ကြပြီး လိုတရသာရက္ခန်ရွှေဂူမြတ်စွာဘုရား အား ဖူးမြော်ကြည်ညို၍ အလှူငွေများ ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ ဧရာဝတီမြစ်ရေတိုက်စားခြင်းခံနေရသည့် ဗလာကျေးရွာသို့ ရောက်ရှိကာ ဉာတိကာရုံဘုန်းတော်ကြီးကျောင်း ပရဝဏ်အတွင်း မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုများအား ကာကွယ်လုပ်ဆောင်ထားသည့် အခြေအနေများကို ကြည့်ရှုခဲ့ပြီး နှစ်ပေါင်း ၈၂၃ နှစ် သက်တမ်းရှိပြီဖြစ်သော ဉာဏ်တော် ၂၇ တောင် ဓမ္မရံသီ (ခေါ်) မြစ်ကမ်းပါးပြန် ရွှေဘုံသာစေတီအား ရေတိုက်စားမှုဒဏ်မှ ကာကွယ်နိုင်ရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်နေသည့် အခြေအနေများအား ကြည့်ရှုသည်။

### ထောက်ပံ့ငွေပေးအပ်

ထို့နောက် ဉာတိကာရုံဆရာတော်အား ဖူးမြော်ကြည်ညိုကာ နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ပြီး ကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံကာ ကမ်းပါးပြိုကျ၍ ကြိုတင်ရွှေ့ပြောင်း အိမ်ထောင်စု နှစ်စုအတွက် အိမ်ဆောက်ပစ္စည်းနှင့် ဆန်ရိက္ခာဖိုး စုစုပေါင်း ငွေကျပ် ၂၃၅၇၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၀ မျိုးကို ထောက်ပံ့ပေးအပ်ခဲ့သည်။ ထို့နောက် ဓမ္မရံသီ (ခေါ်) မြစ်ကမ်းပါးပြန် ရွှေဘုံသာစေတီအနီး မြစ်ကမ်းပါးပြိုကျမှုနှင့် ပျက်စီးဆုံးရှုံးမှုသက်သာစေရန်အတွက် မြစ်ကြောင်းထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ထောက်ပံ့ငွေကျပ် ၃၀၀၀၀၀၀ အား ပေးအပ်ခဲ့ရာ စေတီတော်ဂေါပကနှင့် ရပ်မိရပ်ဖတို့က လက်ခံရယူသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေစကြိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ကျင်းပပြုလုပ်သည့် ရေဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူလူထုများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ပြီး အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာကြသူများက ဒေသအတွင်း သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ လိုအပ်ချက်များအား ဆွေးနွေးတင်ပြခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးသည်။

ယခုနှစ်များအတွင်း မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုများသည် ဆုံးရှုံးမှုအများဆုံးဖြစ်ကာ ပြည်သူများ ရင်ဆိုင်ကြုံတွေ့နေရပြီး မြစ်ကမ်းပါးအနီးရှိ ရှေးဟောင်းအဆောက်အအုံများ၊ စေတီပုထိုးများပါ ဆုံးရှုံးမှုများရှိနေသဖြင့် ကြိုတင်ကာကွယ်မှုအပိုင်းတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများနှင့် ပူးပေါင်းကာ အလေးထားဆောင်ရွက်ရန် လိုအပ်နေကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာ၌ မြစ်ကမ်းပါးပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်



**ညောင်တုန်း ဇွန် ၂၃**

ညောင်တုန်းမြို့နယ် ဆားမလောက် ကျေးရွာ မြစ်ကမ်းပါးပြိုကာကွယ် ထိန်းသိမ်းနိုင်ရေးအတွက် ဆားမလောက် ကျေးရွာ နန္ဒာရာမဘုန်းကြီးကျောင်း ပန်းလှိုင်မြစ်ကမ်းဘေးတွင် ကမ်းအလျား အရှည် ပေ ၂၀၀ ၌ ဘိုးပိုင်အခြေပြုကျောက်စီနံရံ တည်ဆောက်နိုင်ရေး အတွက် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် မအူပင်ခရိုင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တည်ဆောက်ခဲ့ရာ ယခုအခါ မြစ်ကမ်းအတွင်း ဘိုးပိုင်များအားလုံး တည်ဆောက်ပြီးစီးနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(ယာပုံ)**

မိုးရာသီ မိုးများလာချိန်ဖြစ်ပြီး ပန်းလှိုင်မြစ်ရေလည်း မြင့်တက်လာပြီဖြစ်သဖြင့် ကျောက်စီနံရံတည်ဆောက်ခြင်းလုပ်ငန်းများကို ပွင့်လင်းရာသီရောက်ချိန်တွင် ဆက်လက်တည်ဆောက်သွားမည်ဖြစ်ကြောင်း မအူပင်ခရိုင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်အင်ဂျင်နီယာ ဦးမြင့်အုန်းက ပြောသည်။ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းနှင့် ဒေါ်နီနီမိုးတို့ကလည်း မြစ်ကမ်းပါးပြို ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်နေသော လုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးခဲ့သည်။

လွန်ခဲ့သော ၂၀၁၇ ခုနှစ် ဇန်နဝါရီလက ဆားမလောက်ကျေးရွာ နန္ဒာရာမရွှေဥဒေါင်းဘုန်းကြီးကျောင်းရှေ့ပန်းလှိုင်မြစ်အတွင်း ရေစွယ်ထိုးခြင်း၊ ရေနက်အိုးများ ဖြစ်တည်နေခြင်းများကြောင့် မြစ်ကမ်းများ ပြိုခဲ့သဖြင့် လူနေအိမ် ၁၅ လုံး၊ ဝါးဂိုဒေါင်တစ်လုံး ဖျက်သိမ်းရွှေ့ပြောင်းခဲ့ရပြီး မြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို အရေးပေါ်ဆောင်ရွက်ခဲ့ရကြောင်း သိရသည်။ **နေလင်း(ညောင်တုန်း)**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ရေတာရှည်မြို့နယ်အတွင်းရှိ ရိုးမကြိုးပြင်ကာကွယ်တောနှင့် ဖိုးကျားဆင်စခန်းတို့ကို ကွင်းဆင်းကြည့်ရှု

ရေတာရှည် ဇွန် ၂၃

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ညွှန်ကြားရေးမှူး ဦးဇော်ဝင်းမြင့်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၉ နာရီ မိနစ် ၄၀ က ရေတာရှည်မြို့နယ် သာဂရ-ကိုးပင်ရိုးမဖြတ်ကျော်ကားလမ်းမိုင်တိုင် ၃၅/၀ ရှိ ရိုးမကြိုးပြင်ကာကွယ်တော စီးပွားဖြစ်ကျွန်းစိုက်ခင်း ဧက ၂၅၀ ကို ကွင်းဆင်းကြည့်ရှုခဲ့သည်။**




အဆိုပါ ကျွန်းစိုက်ခင်းကို ပြည်နှင့်စဥ့်ကူးမြို့နယ်များမှ မျိုးစေ့များဖြင့် စိုက်ပျိုးထားခြင်းဖြစ်ပြီး မြို့နယ်သစ်တော ဦးစီးအရာရှိ ဦးကျော်ဆန်းမိုးက စိုက်ခင်းအတွင်း မိုးရာသီကာလ ပေါင်းမြက်များ ရှင်းလင်းဆောင်ရွက်မှု၊ အပင်စိုက်ပျိုးထားမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ကျွန်းပင်များ ဖွံ့ဖြိုးမှုမြန်ဆန်ရေးအတွက် ကျွန်းပင်များတွင်ရစ်ပတ်နေသော နွယ်ပင်များ၊ မလိုအပ်သော ကိုင်းတက်၊ အရွက်များကို ရှင်းလယ်ဖယ်ရှားခြင်းဖြင့် ပင်စည်အာဟာရ ဓာတ်ကြွယ်ဝစွာရရှိနိုင်မည်ဖြစ်ကြောင်း ညွှန်ကြားခဲ့ပြီး ကျွန်းစိုက်ခင်းအတွင်း လိုက်လံကြည့်ရှုခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သာဂရ-ကိုးပင်ရိုးမဖြတ်ကျော်ကားလမ်းအတိုင်း ပြန်လည်ထွက်ခွာလာခဲ့ရာ ၁၀ မိုင် ဖိုးကျားအပန်းဖြေဆင်စခန်းသို့ နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် ရောက်ရှိသည်။ ဖိုးကျားအပန်းဖြေ ဆင်စခန်းရှင်းလင်းဆောင်တွင် မြန်မာ့သစ်လုပ်ငန်း မန်နေဂျာ ဦးကျော်ဇင်က ဖိုးကျားဒေသနောက်ခံသမိုင်းကြောင်း၊ ဖိုးကျားအပန်းဖြေဆင်စခန်းဖြစ်ပေါ်လာပုံနှင့် နှစ်ပေါင်း ၁၀၀ သက်တမ်းရှိ ဒေသမျိုးရင်းကျွန်းပင်ကြီးများကို ထိန်းသိမ်းစောင့်ရှောက်ထားမှု၊ ဆင်ပြကွက်များ ပိုမိုတိုးချဲ့ခြင်း ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးက ဆင်အခြေပြုခရီးသွားလုပ်ငန်းများ ယခုထက်ပိုမိုဖွံ့ဖြိုးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် မိုးရာသီကာလ ညှော့အဝင်နည်းပါးမှုကို ပြောင်းလဲနိုင်ရန် ဝင်ကြေးနှင့် ဆင်စီးခနှုန်းထားများ လျှော့ချနိုင်ရေးကို စိစစ်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ခရီးသွားလုပ်ငန်းများနှင့် ချိတ်ဆက်၍လည်းကောင်း၊ ပညာရေးဌာနများနှင့်ဆက်သွယ်ကာ ဆရာ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများကို အခမဲ့ဝင်ခွင့်ပြုခြင်းအားဖြင့် ဆင်အစာရောင်းရလျှင်ပင် ဆင်များနှင့်ဝန်ထမ်းများအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။ ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ဖိုးကျားဆင်စခန်းအတွင်းရှိ နှစ်ရှည်သက်တမ်းရင့် အကြီးဆုံးကျွန်းပင်ကြီးများကို လိုက်လံကြည့်ရှုခဲ့ပြီး စနစ်ကျစွာထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ညွှန်ကြားခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

---

✳ *ရှေ့ဖုံးမှ*

ထို့နောက် Strategy First Institute မှ ဦးအောင်ချစ်ခင်က Moderator အနေဖြင့် ဆောင်ရွက်ပြီး NYDC Co., Ltd မှ Serge Pun (ခ) ဦးသိမ်းဝေ၊ Sandhi Governance Institute မှ ဦးခိုင်ဝင်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင် ဦးရဲမြတ်သူနှင့် The Voice Weekly Journal မှ ဦးဇေယျသူတို့က ရန်ကုန်မြို့သစ်စီမံကိန်းနှင့် စပ်လျဉ်းပြီး ပါဝင်ဆွေးနွေးကြသည်။

The Voice Weekly Journal မှ ဦးဇေယျသူက "ရန်ကုန်မြို့သစ်စီမံကိန်းနဲ့ပတ်သက်ပြီး ဝိုင်းဝန်းဆွေးနွေးကြတာပါ၊ ကျွန်တော်က မီဒီယာအနေနဲ့ရော၊ စီးပွားရေးသုံးသပ်သူအနေနဲ့ရော ပြည်သူ့ကိုယ်စား မေးပေးတာပါ၊ စီမံကိန်းက အကြီးကြီးပဲ၊ မြန်မာပြည်ကို ပြောင်းသွားစေမယ့် စီမံကိန်းဖြစ်ပါတယ်၊ တိတိကျကျ စီမံချက်နဲ့ဘာနဲ့ ပြည်သူကို သေချာရှင်းပြပြီးတော့ လုပ်ရမယ်၊ လုပ်ရင်လည်း အောင်မြင်အောင် လုပ်ဖို့လိုပါတယ်"ဟု ပြောသည်။

ဆက်လက်၍ ၎င်းက "ဒီနေ့ ဆွေးနွေးပွဲက ပွင့်လင်းမြင်သာမှုရှိတယ်၊ တချို့မသိတဲ့ အချက်တွေကိုလည်း မစ္စတာ Serge Pun က ဖြေသွားတာရှိတယ်၊ ကျွန်တော်တို့ဆိုလည်း သိချင်တာ အကုန်မေးတယ်၊ ဖြေသင့်တာတွေ ဖြေတယ်၊ တချို့ဟာတွေဆို ဒီရောက်မှ သိရတယ်၊ ပွင့်လင်းမြင်သာမှုရှိပါတယ်"ဟု ပြောသည်။

ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးသူ Sandhi Governance Institute မှ ဦးခိုင်ဝင်းက "ရန်ကုန်မြို့သစ် စီမံကိန်းနဲ့ပတ်သက်လို့ ဘယ်လိုစီမံဆောင်ရွက်ထားလဲ၊ ဒီစီမံကိန်းက ပြည်သူတွေကို ထိခိုက်နိုင်လား၊ နိုင်ငံတော်အနေနဲ့ ထိခိုက်နိုင်လားဆိုတာ အဓိက ဆွေးနွေးဖြစ်ပါတယ်၊ ဆွေးနွေးပွဲမှာ အစိုးရက စီးပွားရေးလုပ်သင့်လား၊ မလုပ်သင့်လားဆိုတာနဲ့ ပတ်သက်လို့ စီးပွားရေးမူဝါဒ ၁၂ ချက်မှာ နံပါတ် ၂ မှာ ရေးထားတာက ဈေးကွက်စီးပွားရေးကို ဦးတည်နေတယ်၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းတွေတောင်မှ ပြောင်းလဲဖို့လုပ်နေတာ၊ အဲဒီအချိန်မှာ ဒီလိုလုပ်တာ ဖြစ်ရဲ့လားဆိုတာ မေးခွန်းထုတ်ခဲ့တယ်၊ အစိုးရပိုင် စီးပွားရေးလုပ်မယ်ဆိုရင် သတိထားဖို့တော့ ဆွေးနွေးခဲ့တယ်၊ စီမံကိန်းက အလုပ်အကိုင် နှစ်သန်း ဖန်တီးပေးမယ်ဆိုတာ အင်မတန်ကြီးတဲ့ စီမံကိန်းကြီးဆိုတော့ ချက်ချင်းလက်ငင်းကြီး ပေါ်လာဦးမှာမဟုတ်ဘူး၊ အခုဟာက ဒီဇိုင်းအဆင့်လောက်ပဲ၊ ဒီဇိုင်းတောင် ဆွဲတုန်းရှိသေးတယ်၊ အချိန်ကာလကတော့ ဖြတ်သန်းရဦးမယ်"ဟု ပြောသည်။




ရန်ကုန်မြို့သစ်စီမံကိန်းနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲကျင်းပစဉ်။

ယနေ့ ဆွေးနွေးပွဲသို့ စီးပွားရေးလုပ်ငန်းရှင်များ၊ ဆောက်လုပ်ရေးကဏ္ဍမှ လုပ်ငန်းရှင်များ၊ ပညာရှင်များ၊ စိတ်ပါဝင်စားသူပြည်သူများ တက်ရောက်ပြီး ရန်ကုန်မြို့သစ်စီမံကိန်းနှင့်စပ်လျဉ်းသည့် သိရှိလိုသည့်မေးခွန်းများကို မေးမြန်းကြသည်။

ရန်ကုန်မြို့သစ်စီမံကိန်းတွင် ပါဝင်သည့် အနောက်တောင်မြို့သစ်စီမံကိန်းသည် ရန်ကုန်မြစ်အနောက်ဘက် ပန်းလှိုင်မြစ်တောင်ဘက်နှင့် မြစ်ဝအထိတည်ရှိကြောင်း၊ ပထမဆုံး အကောင်အထည်ဖော်မည့် အပိုင်း(၁)သည် ဧက နှစ်သောင်းရှိပြီး မြောက်ဘက်တွင် ပန်းလှိုင်မြစ်၊ တောင်ဘက်တွင် တွံတေးတူးမြောင်း၊ အရှေ့ဘက်တွင် ရန်ကုန်မြစ်၊ အနောက်ဘက်တွင် ရန်ကုန်-တွံတေးလမ်းမရှိကြောင်း၊ အပိုင်း(၂)သည် ပန်းလှိုင်မြစ် တောင်ဘက်မှစတင်ပြီး မြစ်ဝအထိရှိကြောင်း သိရသည်။

**သတင်း-မင်းသစ်(MNA)၊ ဓာတ်ပုံ-နေလင်း**

---

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများ မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ် တိုက်ပွဲရှောင်စခန်းများရှိ ပြည်သူများအား သွားရောက်တွေ့ဆုံ

**ရန်ကုန် ဇွန် ၂၃**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများသည် ယမန်နေ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်များရှိ တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်လျက်ရှိသော ပြည်သူများအား သွားရောက်တွေ့ဆုံကာ လက်ရှိနေထိုင်မှု အခြေအနေများနှင့် အခက်အခဲများကို မေးမြန်းစုံစမ်းခြင်းများ ပြုလုပ်ခဲ့ကြောင်း အဆိုပါကော်မရှင်ထံမှ သိရသည်။



မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာ မြင့်ကြည်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ဇွန် ၂၂ ရက် နံနက်ပိုင်းတွင် အင်ဂျန်းယန်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် မရန်ဂျာဆိုင်းခေါ်န်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါ၍ မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်များရှိ တိုက်ပွဲရှောင်စခန်းများ ဖြစ်ကြသော ဂျော်မဆတ်၊ တန်ဖရဲ၊ တြီနီတီနှင့် ဝိုင်းမော်နှစ်ခြင်းစခန်းတို့ရှိ တိုက်ပွဲရှောင်ပြည်သူများနှင့်တွေ့ဆုံကာ အခက်အခဲများ၊ ကလေးငယ်များ၏ ပညာရေးကိစ္စများနှင့် လိုအပ်ချက်များကို မေးမြန်းမှုများ ပြုလုပ်ပြီး နေထိုင်ရာနေရာများကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

အလားတူ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ဇွန် ၂၀ ရက် နံနက်ပိုင်းက ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါ၍ မိုးကောင်းမြို့နယ်နှင့် ကာမိုင်းမြို့နယ်များရှိ တိုက်ပွဲရှောင်စခန်းများ ဖြစ်ကြသော လမ်းခွ ကေဘီစီ၊ Host၊ လမ်းခွ အာစီ၊ လမ်းခွ အေဂျီ၊ မြို့ဦး၊ လဝါးနှင့် ကာမိုင်းအာစီတို့သို့ သွားရောက်ခဲ့ပြီး အိုးအိမ်များကို စွန့်ခွာ၍ အဆိုပါစခန်းများသို့ရောက်ရှိလာသော ဒေသခံပြည်သူများကို တွေ့ဆုံခဲ့ကြသည်။

ထိုသို့တွေ့ဆုံစဉ် လာရောက်ခိုလှုံစဉ် တွေ့ကြုံခဲ့ရသော အခက်အခဲများ၊ တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်စဉ် စားဝတ်နေရေးအခြေအနေများ၊ ပညာရေး၊ ကျန်းမာရေးအခက်အခဲများနှင့် မိမိနေအိမ်များသို့ မပြန်ရဲသည့် အကြောင်းအရင်းများကို အဖွဲ့လိုက်သော်လည်းကောင်း၊ တစ်ဦးချင်းအလိုက် အခက်အခဲများကိုလည်းကောင်း မေးမြန်းစုံစမ်း၍ မှတ်တမ်းများ ရယူခဲ့ကြသည်။

ထို့နောက် တိုက်ပွဲရှောင်ပြည်သူများနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည့်အပြင် နေထိုင်ရာစခန်းများ၊ ချက်ပြုတ်စားသောက်နေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဇေဇော်**

---

# တောင်ငူခရိုင်အတွင်း တောင်သူများ၏ မြေသြဇာသုံးစွဲမှု စစ်တမ်းကောက်ယူ

**တောင်ငူ ဇွန် ၂၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်းရှိ တောင်သူများ၏မြေဆီလွှာအဆင့်အတန်း မြေသြဇာသုံးစွဲမှု အထွက်နှုန်းရရှိမှုဖြင့် ဈေးကွက်အခြေနေတို့အား စစ်တမ်းကောက်ယူခြင်းကို ဇွန် ၂၃ရက် နံနက်ပိုင်းက စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ စစ်တမ်းကောက်ယူခဲ့ကြသည်။

**အသိပညာပေးဆွေးနွေး**

စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာနခွဲ ညွှန်ကြားရေးမှူး ဒေါ်သူဇာမြင့်၏ ဦးဆောင်မှုဖြင့် တောင်ငူမြို့နယ်နှင့် အုတ်တွင်းမြို့နယ်ရှိ စပါးစိုက်တောင်သူ ၁၀၀ ကို စစ်တမ်းကောက်ယူခဲ့ပြီး တောင်ငူခရိုင်ဦးစီးမှူး ဦးကျော်ကျော်ဦး၊ တိုင်းမြေအသုံးချရေးတာဝန်ခံ ဒေါ်ခင်မြင့်မြင့်တို့က ကြီးကြပ်ကာ ခရိုင်မြေအသုံးချရေး တာဝန်ခံ မြို့နယ်ဦးစီးမှူး ဦးအောင်ဆန်းဦး၊ ဦးနိုင်မင်းလှိုင်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ်ဝန်ထမ်းများက ကွင်းဆင်းစစ်တမ်းများ ကောက်ယူကြပြီး ကျေးရွာ တောင်သူများအား မြေဆီလွှာပြုပြင်ရေး၊ မြေဆီသြဇာထည့်သွင်းခြင်း၊ မြေသြဇာအမျိုးအစားလိုက် အချိန်ကိုက် အချိုးညီသုံးစွဲခြင်း မြေအသုံးချရေးဆိုင်ရာ အသိပညာပေးဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

အဆိုပါ စစ်တမ်းကောက်ယူခြင်းသည် တောင်ငူခရိုင်အတွင်းရှိ တောင်သူများ မြေသြဇာကို စနစ်တကျ အချိန်ကိုက်အချိုးညီသုံးစွဲခြင်းဖြင့် သီးနှံထွက်နှုန်းများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန်နှင့် ဈေးကွက်ဝင်သီးနှံများ ရရှိနိုင်ရန် ရည်ရွယ်၍ ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

**သူရ(တောင်ငူ)**

# ၂၀၁၇ ခုနှစ်အတွက် အကောင်းဆုံးအားကစားသမားဆုများချီးမြှင့်

ရန်ကုန် ဇွန် ၂၃

**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ ပူးပေါင်းကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်မှ ရွေးချယ်ချီးမြှင့်သည့် ၂၀၁၇ ခုနှစ်အတွက် မြန်မာ့အကောင်းဆုံး အားကစားသမားများ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက သုဝဏ္ဏအားကစားပြိုင်ပွဲရုံ ၁ ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက အမှာစကားပြောကြားသည်။**




ယင်းနောက် မြန်မာနိုင်ငံအားကစား မီဒီယာများအဖွဲ့ချုပ် (မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်) ဥက္ကဋ္ဌ ဦးစိုးမိုးကျော် ( စိုးမိုး IBC ) က ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပရခြင်းနှင့် ဆုများစိစစ်ရွေးချယ်ပုံနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၁၇ ခုနှစ်အတွက် မြန်မာ့အကောင်းဆုံး အားကစားသမား ဆုရသူများစာရင်းကို ကြေညာသည်။

၂၀၁၇ ခုနှစ်အတွက် မြန်မာ့အကောင်းဆုံး အားကစားသမားဆု အမျိုးသား Sportsman of the Year 2017 ဆု ထွန်းထွန်းအောင်(ကာယဗလ မောင်)၊ ၂၀၁၇ ခုနှစ်အတွက် မြန်မာ့ အားကစားသမားဆု အမျိုးသမီးဆု Sportswoman of the Year 2017 ဆု မေပိုးဝါ (သေနတ်ပစ်)၊ ၂၀၁၇ ခုနှစ် အတွက်အထူးဆုဖြစ်သည့် အကောင်းဆုံးနည်းပြဆရာဆု ဦးမင်းဇော်ဦး (ကာယဗလ)၊ ၂၀၁၇ ခုနှစ်အတွက် အသင်းလိုက်ဆု မြန်မာ့ရိုးရာလှေလှော်အသင်း၊ ၂၀၁၇ ခုနှစ်အတွက် အထူးဂုဏ်ပြုဆု Sport Personality Award 2017 ဆုကို အောင်လအန်ဆန် (ဝဲပုံ) တို့က အသီးသီး ဆွတ်ခူးသွားခဲ့သည်။

"ဒီဆုက ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် ၁၀ လပိုင်း အာရှပွဲ ကိုရီးယားမှာပေါ့၊ အဲဒီမှာ မာစတာတန်း အသက် ၄၀ အထက် ပြိုင်ပွဲမှာ ရွှေတံဆိပ်ရတယ်၊ ကီလို ၆၀ တန်းမှာ ငွေတံဆိပ်ရတယ်၊ မွန်ဂိုလီးယားနိုင်ငံမှာ ကျင်းပတဲ့ ကမ္ဘာ့ပြိုင်ပွဲမှာတော့ ကီလို ၆၀ တန်းမှာ ရွှေတံဆိပ်ရတယ်၊ ၂၀၁၃ ခုနှစ် ဆီးဂိမ်းမှာ စတင်ကစားခဲ့ပါတယ်၊ ဒီအတွက် အောင်မြင်မှုတွေရခဲ့ပါတယ်"ဟု ကာယဗလအားကစားသမား ကိုထွန်းထွန်းအောင် ကပြောသည်။

"ပြီးခဲ့တဲ့ ၂၉ကြိမ်မြောက် မလေးရှားဆီးဂိမ်းမှာ အမျိုးသမီးတစ်ဦးချင်း သေနတ်ပစ်ပြိုင်ပွဲမှာ ရွှေတံဆိပ်ဆွတ်ခူးခဲ့ပါတယ်၊ ဒီအဖွဲ့ချုပ်ကပေးတဲ့ ဆုကတော့ ပထမအကြိမ်ပါ၊ အားကစားအောင်မြင်မှုဟာ နိုင်ငံတော်အောင်မြင်မှုပါ၊ ဒီအတွက် အားကစားကို အားပေးကြပါလို့ တိုက်တွန်းချင်ပါတယ်"ဟု သေနတ်ပစ် အားကစားမယ် မမေပိုးဝါက ပြောသည်။

"အားကစားသမားတိုင်းက ပန်းတိုင်ရှိရပါမယ်၊ ကျွန်တော်ဆိုရင် ONE CHAMPIONSHIP ပြိုင်ပွဲ မစ်ဒယ်ဝိတ်တန်းမှာ အကောင်းဆုံးဖြစ်အောင် အမြဲတမ်းကြိုးစားနေခဲ့ပါတယ်၊ အားကစားသမားတိုင်းက ပန်းတိုင်ရှိမှ အောင်မြင်နိုင်ပါတယ်၊ အောင်မြင်မှုရဖို့ အမြဲတမ်းပြင်ဆင်နေရပါမယ်၊ ဒီလို ဆုချီးမြှင့်တဲ့အတွက် အလွန်ကိုပျော်ပါတယ်၊ ဂုဏ်လည်းယူပါတယ်" ဟု အောင်လအန်ဆန်က ပြောသည်။

အဆိုပါဆုချီးမြှင့်ပွဲတွင် ထွန်းထွန်းအောင်နှင့်မေပိုးဝါတို့ကို အားကစားကလောင်ရှင်အဖွဲ့ချုပ်က ငွေကျပ် ၁၀ သိန်းစီ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီက ငွေကျပ် ၁၀သိန်းစီချီးမြှင့်ပြီး လှေလှော်အသင်းနှင့် နည်းပြဆုရသူဦးမင်းဇော်ဦးတို့အား ငွေကျပ်ငါးသိန်းစီ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး( မြန်မာ့အလင်း)**

## နေပြည်တော်၌ စီးပွားရေးဆိုင်ရာ သိကောင်းစရာများ ဆွေးနွေး

**နေပြည်တော် ဇွန် ၂၃**

နေပြည်တော်ရှိ စီးပွားရေးလုပ်ငန်းရှင်များအား အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSMEs)နှင့် သက်ဆိုင်သည့် သိကောင်းစရာများ ဆွေးနွေးခြင်းကို နေပြည်တော်ရှိ Excel Capital Hotel တွင် ဇွန် ၂၁ ရက်နှင့် ၂၂ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် နေပြည်တော် စီးပွားရေးလုပ်ငန်းရှင်များ ကိုယ်စား MSMEs နေပြည်တော်အသင်းနာယက ဦးသိန်းဝင်း(ရွှေသပြေ)က အမှာစကားပြောကြားကာ ဆရာ ဦးရဲမြင့် (စွန့်ဦးတီထွင်)၊ ဒေါက်တာ ခင်မောင်ဇော်တို့က ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နေပြည်တော်စီးပွားရေးလုပ်ငန်းရှင်များကိုယ်စား နေပြည်တော်အသင်းဥက္ကဋ္ဌ ဦးနေလင်းထိုက် Linn IT Solution က အသိပညာပေးဆွေးနွေးခြင်းနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားသို့ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ ၇၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ**

## မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ဘဏ္ဍာနှစ်၏ ဧပြီလနှင့် မေလတို့တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှု

**နေပြည်တော် ဇွန် ၂၃**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ စိစစ်ကာ ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၁၈ ခုနှစ်(ဧပြီလမှ စက်တင်ဘာလအထိ) ဘဏ္ဍာနှစ်၏ ဧပြီလအတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်း တန်ဖိုး အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၀၉၉ သန်း မေလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံ စုစုပေါင်း တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၂ ဒသမ ၁၀၈ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ဘဏ္ဍာနှစ်၏ ဧပြီလနှင့် မေလအတွင်း ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်-

| စဉ် | ကဏ္ဍ | ဧပြီ လုပ်ငန်းခုရေ | ဧပြီ မတည်ငွေရင်းပမာဏ US$ (သန်း) | မေလ လုပ်ငန်းခုရေ | မေလ မတည်ငွေရင်းပမာဏ US$ (သန်း) |
|---|---|---|---|---|---|
| (က) | စက်မှုကဏ္ဍ | ၂ | ၂၁.၅၃၉* | ၉ | ၈၁.၇၄၉ * |
| (ခ) | အိမ်ရာအဆောက်အဦကဏ္ဍ | ၁ | ၂.၈၈၀ | | |
| (ဂ) | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | - | ၀.၃၀၀* | | ၄.၃၃၅ * |
| (ဃ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၁ | ၁၇.၁၅၀ | ၁ | ၉.၂၂၃ |
| (င) | လယ်ယာကဏ္ဍ | - | - | ၁ | ၅.၆၅၀ |
| (စ) | စက်မှုဇုန် တည်ဆောက်မှုကဏ္ဍ | - | ၅.၃၃၀* | | ၁.၁၅၁ * |
| | **စုစုပေါင်း** | **၄** | **၄၇.၀၉၉** | **၁၁** | **၁၀၂.၁၀၈** |

*ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ဘဏ္ဍာနှစ်၏ ဧပြီလအတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း တန်ဖိုး ကျပ် ၆၃၈, ၇၈၅ ဒသမ ၆၉၇ သန်းနှင့် မေလအတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း တန်ဖိုး ကျပ် ၃၀,၈၈၄ဒသမ ၉၀၂ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၁၈ ခုနှစ်(ဧပြီလမှ စက်တင်ဘာလအထိ) ဘဏ္ဍာနှစ်၏ ဧပြီလနှင့် မေလအတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ဧပြီ လုပ်ငန်းခုရေ | ဧပြီ မတည်ငွေရင်းပမာဏ ကျပ်(သန်း) | မေလ လုပ်ငန်းခုရေ | မေလ မတည်ငွေရင်းပမာဏ ကျပ်(သန်း) |
|---|---|---|---|---|---|
| (က) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ | - | - | ၉ | ၁၈,၅၈၄.၉၀၂ |
| (ခ) | အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၃ | ၁၇၇,၃၂၂.၁၀၉ | ၂ | ၁၁,၅၀၀.၀၀၀ |
| (ဂ) | စက်မှုကဏ္ဍ | ၆ | ၇၅,၇၅၈.၃၆၅ | - | - |
| (ဃ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၅ | ၃၅,၁၀၂.၇၃၃ | - | - |
| (င) | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | ၁ | ၆၆,၄၃၅.၆၆၀ | - | - |
| (စ) | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၂ | ၈,၀၇၀.၀၃၀ | - | - |
| (ဆ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၆ | ၂၇၆,၀၉၆.၈၀၀ | - | - |
| | **စုစုပေါင်း** | **၂၃** | **၆၃၈,၇၈၅.၆၉၇** | **၁၁** | **၃၀,၀၈၄.၉၀၂** |

*ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ဘဏ္ဍာနှစ်၏ ဧပြီလနှင့် မေလအတွင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်သည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) ဧပြီလ | မေလ |
|---|---|---|---|
| (က) | လယ်ယာကဏ္ဍ | - | ၄၀ |
| (ခ) | စက်မှုကဏ္ဍ | ၁,၅၄၈ | ၈,၇၈၆ |
| (ဂ) | အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၇၀ | - |
| (ဃ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၂၈ | ၄၀ |
| | **စုစုပေါင်း** | **၁,၆၄၆** | **၈,၈၆၆** |

၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ဘဏ္ဍာနှစ်၏ ဧပြီလနှင့် မေလအတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) ဧပြီလအတွင်း | မေလအတွင်း |
|---|---|---|---|
| (က) | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၄၃ | - |
| (ခ) | စက်မှုကဏ္ဍ | ၇၆၉ | ၁,၄၆၄ |
| (ဂ) | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | ၆၁၆ | ၃၀၂ |
| (ဃ) | အိမ်ရာနှင့် အဆောက်အဦတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၃၈၈ | - |
| (င) | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | ၇၆၀ | - |
| (စ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၂၂၅ | - |
| | **စုစုပေါင်း** | **၂,၈၂၁** | **၁,၇၆၆** |

**သတင်းစဉ်**

# စီးပွားရေးလုပ်ငန်းများအတွက် အပြောင်းအလဲဆောင်ကြဉ်းပေးမည့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေသစ်

မောင်ဠီကာ

**၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့က နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးထုတ်ပြန်လိုက်တဲ့ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေဟာ နိုင်ငံတော်သမ္မတရုံးရဲ့ ၂၀၁၈ ခုနှစ် ဇွန်လ ၂၂ ရက်နေ့က ထုတ်ပြန်တဲ့ အမိန့်ကြော်ငြာစာအမှတ်၊ ၄၈/၂၀၁၈ အရ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှာ စတင်အာဏာတည်တော့မှာ ဖြစ်ပါတယ်။**

ကုမ္ပဏီများဥပဒေကို စတင်ပြဋ္ဌာန်းချိန်ကစပြီး အာဏာတည်သည်အထိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ ရှစ်လကျော် အချိန်ယူပြီး လိုအပ်တာတွေကို အသေးစိတ် စီမံပြင်ဆင်ခဲ့ပါတယ်။ ထူးခြားတာကတော့ ဩဂုတ်လ ၁ ရက်နေ့မှာ ကုမ္ပဏီများဥပဒေ အာဏာတည်ရုံသာမက ကုမ္ပဏီဆိုင်ရာ လုပ်ငန်းစဉ်များ လွယ်ကူ၊ မြန်ဆန်၊ သက်သာစွာဆောင်ရွက်နိုင်တဲ့ အီလက်ထရောနစ်ကုမ္ပဏီမှတ်ပုံတင်စနစ် (Myanmar Companies Online-MyCO) ကိုပါ တစ်ပြိုင်တည်း အသုံးပြုနိုင်တော့မှာ ဖြစ်ပါတယ်။

**ခိုင်ခိုင်မာမာလုပ်ကိုင်နိုင်မယ့် အခွင့်အလမ်းရရှိ**

ကုမ္ပဏီများဥပဒေဟာ ကုမ္ပဏီထူထောင်ခြင်း လုပ်ငန်းတွေအတွက် ခေတ်မမီတော့တဲ့ ဥပဒေဟောင်းပါ ပြဋ္ဌာန်းချက်တွေကို ဖယ်ရှားလိုက်ပြီး စီးပွားရေး လုပ်ငန်းရှင်များအနေနဲ့ လွယ်ကူစွာ ကုမ္ပဏီထူထောင်နိုင်အောင် ပြင်ဆင်ရေးဆွဲထားတာလည်း ဖြစ်ပါတယ်။ ယခင်တုန်းက ကုမ္ပဏီထောင်ရင် ရှယ်ယာရှင် နှစ်ဦးရှိမှသာ ထောင်လို့ရတဲ့အနေအထားကနေ ဥပဒေသစ်အရ ရှယ်ယာရှင် တစ်ဦးတည်းနဲ့ ကုမ္ပဏီထောင်နိုင်တော့မှာဖြစ်တဲ့အတွက် အသေးစားလုပ်ငန်းလေးတွေ၊ တစ်ဦး တည်းလုပ်ကိုင်နေတဲ့ လုပ်ငန်းရှင်တွေ ကုမ္ပဏီအဖြစ် ပြောင်းလဲပြီး ခိုင်ခိုင်မာမာ လုပ်ကိုင်နိုင်မယ့် အခွင့်အလမ်းရရှိသွားမှာဖြစ်ပါတယ်။ အလားတူပဲ အများနှင့် မသက်ဆိုင်တဲ့ ကုမ္ပဏီတွေမှာ ဒါရိုက်တာတစ်ဦးတည်း ထားရှိဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ယခင်တုန်းက ကုမ္ပဏီထူထောင်တဲ့အခါမှာ "လုပ်ငန်းရည်ရွယ်ချက်"များ ဖော်ပြဖို့လိုအပ်တဲ့ ပြဋ္ဌာန်းချက်ကို ဥပဒေသစ်မှာ ပယ်ဖျက်လိုက်ပြီဖြစ်တဲ့အတွက် ကုမ္ပဏီတစ်ခုထူထောင်ပြီးရင် ဥပဒေနဲ့ညီညွတ်တဲ့ မည်သည့်လုပ်ငန်းမဆို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရသွားမှာ ဖြစ်ပါတယ်။ ယခင်တုန်းက ကုမ္ပဏီထူထောင်တဲ့အခါ "သင်းဖွဲ့စည်းမျဉ်း" နဲ့ "သင်းဖွဲ့ မှတ်တမ်း"ဆိုတဲ့ စာရွက်စာတမ်း လိုအပ်ချက်နှစ်မျိုးကို ဥပဒေသစ်မှာ ကုမ္ပဏီရဲ့ "ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း" တစ်မျိုးတည်းနဲ့ အစားထိုးလိုက်တဲ့အတွက် များစွာရှင်းလင်းလွယ်ကူသွားပါတယ်။ ကုမ္ပဏီတွေအနေနဲ့ မည်သည့်ရှယ်ယာ အမျိုးအစားကိုမဆို လွတ်လပ်စွာ ထုတ်ဝေနိုင်ပြီး ယခင်ဥပဒေအရ ကုမ္ပဏီထောင်ရာမှာ "သတ်မှတ်မတည်ငွေရင်း" ဖော်ပြရတဲ့ လိုအပ်ချက်ကိုလည်း ပယ်ဖျက်ပေးလိုက်ပါတယ်။ ဒါ့ကြောင့် ကုမ္ပဏီများအနေနဲ့ ယခင်ဥပဒေဟောင်းနဲ့ ဆောင်ရွက်စဉ်ကာလကလို ကုမ္ပဏီမှတ်ပုံတင်ရုံးကို အကြိမ်ကြိမ်သွားရခြင်း၊ တရားရုံးကို အကြိမ်ကြိမ်သွားရခြင်းစသည်တို့ မလိုအပ်တော့ပါ။

**နိုင်ငံသားတွေအတွက် ငွေပင်ငွေရင်း ပိုမိုရရှိစေ**

ဥပဒေသစ်မှာ အရေးကြီးတဲ့ ပြဋ္ဌာန်းချက်က မြန်မာနိုင်ငံသားကုမ္ပဏီတွေမှာ နိုင်ငံခြားသားပါဝင်မှု ၃၅ ရာနှုန်းအထိ ခွင့်ပြုပေးထားတာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံသားများအနေနဲ့ မိမိအခွင့်အရေး မဆုံးရှုံးဘဲ မိမိကုမ္ပဏီအတွင်းမှာ နိုင်ငံခြားသား စီးပွားရေးမိတ်ဖက်ကို တရားဝင် ဖိတ်ခေါ်ခွင့်ရသွားမှာ ဖြစ်ပါတယ်။ ဤပြဋ္ဌာန်းချက်က နိုင်ငံသားတွေအတွက် ငွေပင်ငွေရင်း ပိုမိုရရှိစေခြင်း၊ ဈေးကွက်ပိုမိုရရှိစေခြင်း၊ နည်းပညာရရှိခြင်းစတဲ့ အကျိုးကျေးဇူးတွေကို ဖန်တီးပေးမှာဖြစ်သလို နိုင်ငံခြားသားများအနေနဲ့လည်း မြန်မာပြည်အတွင်းမှာ စီးပွားရေးနဲ့ပတ်သက်တဲ့ အခွင့်အလမ်းတွေ ပိုမိုရရှိမှာဖြစ်တဲ့အတွက် မြန်မာ့စီးပွားရေးမှာ သိသာတဲ့ အပြောင်းအလဲတွေကို ဖန်တီးပေးနိုင်မှာ ဖြစ်ပါတယ်။

ဥပဒေသစ်ရဲ့ ထူးခြားချက်တစ်ခုက ဝန်ထမ်းဦးရေ ၃၀ အောက်ရှိပြီး တစ်နှစ်ဝင်ငွေကျပ် သန်း ၅၀ အောက်သာရှိတဲ့ ကုမ္ပဏီတွေကို "အသေးစားကုမ္ပဏီ"လို့ သတ်မှတ်ပြီး သက်သာခွင့်တွေ ဖန်တီးပေးတာပါ။ ၎င်းကုမ္ပဏီတွေဟာ သူတို့ရဲ့ နှစ်စဉ်ဘဏ္ဍာရေးရှင်းတမ်းကို စာရင်းစစ်ဆေးရန် လိုအပ်ခြင်းမှ ကင်းလွတ်ခွင့်၊ နှစ်စဉ် အထွေထွေအစည်းအဝေးခေါ်ယူရန် လိုအပ်ခြင်းမှ ကင်းလွတ်ခွင့် စတဲ့ ကင်းလွတ်ခွင့်တွေ ရရှိမှာဖြစ်ပါတယ်။ လုပ်ငန်းပမာဏ မကြီးမားတဲ့ ကုမ္ပဏီငယ်လေးတွေကို စည်းမျဉ်းစည်းကမ်းဆိုင်ရာ ဝန်ထုပ်ဝန်ပိုးတွေ၊ ဥပဒေကို လိုက်နာရသည့်အတွက် ကုန်ကျမည့်စရိတ်တွေကို သက်သာအောင် ဖန်တီးပေးထားခြင်းပဲ ဖြစ်ပါတယ်။ ကုမ္ပဏီတွေ ရှယ်ယာအပြောင်းအလဲလုပ်တဲ့ကိစ္စ၊ ကုမ္ပဏီမှတ်ပုံတင်ရုံးကို ပေးပို့ရမယ့် ပြန်တမ်းများ နောက်ကျတဲ့ကိစ္စတွေမှာ ယခင်ကလို တရားရုံးကို သွားရောက်ဆောင်ရွက်ရတဲ့ လိုအပ်ချက်ကိုလည်း ပယ်ဖျက်ထားပြီး ဖြစ်ပါတယ်။

**ရင်းနှီးမြှုပ်နှံနိုင်သူတွေကို ဥပဒေက အကာအကွယ်ပေး**

ယခင်ဥပဒေမှာတော့ ကုမ္ပဏီရဲ့ ဒါရိုက်တာ တာဝန်ထမ်းဆောင်သူတွေ လိုက်နာရမယ့် တာဝန်တွေ၊ ကျင့်သုံးရမယ့်ကျင့်ဝတ်တွေနဲ့ ပတ်သက်ပြီး တိကျတဲ့ ပြဋ္ဌာန်းချက်တွေ မပါတဲ့အတွက် အချို့ကုမ္ပဏီတွေမှာ ဖရိုဖရဲဖြစ်တဲ့ ဖြစ်စဉ်တွေ ရှိခဲ့ပါတယ်။ ကုမ္ပဏီဥပဒေသစ်မှာတော့ ဒါရိုက်တာတွေရဲ့တာဝန်များနဲ့ ပတ်သက်ပြီး သီးခြားအခန်းတစ်ခန်း ရေးဆွဲပြဋ္ဌာန်းထားတဲ့အတွက် ကုမ္ပဏီတွေရဲ့ "ကော်ပိုရိတ်စီမံအုပ်ချုပ်မှု" ကို ပိုမိုကောင်းမွန်လာစေမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကုမ္ပဏီမှာ ပါဝင်ကြတဲ့ ရှယ်ယာအနည်းစု ပိုင်ဆိုင်သူတွေကိုလည်း အကာအကွယ်ပေးမယ့် ပြဋ္ဌာန်းချက်တွေလည်း ထည့်သွင်းပြဋ္ဌာန်းထားတဲ့အတွက် ငွေအရင်းအနှီး အနည်းအပါးသာ ရင်းနှီးမြှုပ်နှံနိုင်သူတွေကို ဥပဒေက အကာအကွယ်ပေးပြီး ဖြစ်ပါတယ်။

ဥပဒေသစ်အရ ကုမ္ပဏီတွေအနေနဲ့ ကုမ္ပဏီဥပဒေပါပြဋ္ဌာန်းချက်တွေကို လိုက်နာကျင့်သုံးမှုနဲ့ ပတ်သက်ပြီး လိုအပ်သလို ထိန်းကျောင်းဆောင်ရွက်နိုင်ဖို့ အတွက်လည်း ကုမ္ပဏီမှတ်ပုံတင်အရာရှိကို လုပ်ပိုင်ခွင့်များ အပ်နှင်းထားပါတယ်။ ဥပဒေပါ ပြဋ္ဌာန်းချက်တွေ လိုက်နာရန် အားနည်းမှုအပေါ်မူတည်ပြီး ကုမ္ပဏီမှတ်ပုံတင်အရာရှိက သက်ဆိုင်ရာကုမ္ပဏီတွေကို ဒဏ်ကြေးပေးဆောင်ရန် ညွှန်ကြားနိုင်ပါတယ်။ ထို့အပြင် ကုမ္ပဏီတွေကို လိုအပ်လျှင် လိုအပ်သလို စုံစမ်းစစ်ဆေးခွင့်ရှိရုံသာမက ဥပဒေစည်းမျဉ်းစည်းကမ်း ဖောက်ဖျက်တဲ့ ကုမ္ပဏီတွေကို တရားစွဲဆိုနိုင်တဲ့အထိ ကုမ္ပဏီမှတ်ပုံတင်အရာရှိကို လုပ်ပိုင်ခွင့်များ အပ်နှင်းထားပါတယ်။ ကုမ္ပဏီများအနေနဲ့ ဥပဒေသစ်အရ ဖြေလျှော့မှုများအပေါ် လွယ်ကူသက်သာစွာ လုပ်ငန်းများ ဆောင်ရွက်နိုင်သည့်နည်းတူ အခြားတစ်ဖက်ကလည်း ဥပဒေပါ ပြဋ္ဌာန်းချက်တွေ လိုက်နာမှုကို ပိုမိုတင်းကျပ်စွာ ဆောင်ရွက်သွားမယ့် အခြေအနေကို ကြိုတင်သိရှိထားဖို့ အရေးကြီးလှပါတယ်။

**ကုမ္ပဏီများရဲ့ ပွင့်လင်းမြင်သာမှုကို အားကောင်းစေ**

အီလက်ထရောနစ်မှတ်ပုံတင်စနစ်ကို စတင်ကျင့်သုံးမယ့် ဩဂုတ်လ ၁ ရက်နေ့ကစပြီး လုပ်ငန်းရှင်များအနေနဲ့ ကုမ္ပဏီမှတ်ပုံတင်ခြင်းကို ကုမ္ပဏီမှတ်ပုံတင်ရုံးသို့ လာရောက်ရန် လုံးဝမလိုတော့ဘဲ မိမိနေအိမ်၊ မိမိရုံးခန်း၊ မိမိလက်ကိုင်တယ်လီဖုန်းကနေ အလွယ်တကူ ဆောင်ရွက်နိုင်တော့မှာဖြစ်ပါတယ်။ မှတ်ပုံတင်သည့် လုပ်ငန်းသာမက မှတ်ပုံတင်ကြေးပေးသွင်းခြင်း၊ အခြားဝန်ဆောင်ခများ ပေးသွင်းခြင်း၊ ဒဏ်ကြေးများ ပေးဆောင်ခြင်း စတာတွေကိုလည်း အီလက်ထရွန်နစ်စနစ်နဲ့ ပေးချေနိုင်မှာ ဖြစ်ပါတယ်။ ကုမ္ပဏီတွေက ကုမ္ပဏီမှတ်ပုံတင်ရုံးထံ နှစ်စဉ်ပုံမှန်ပို့ရတဲ့ ပြန်တမ်းတွေ၊ ကုမ္ပဏီမှတ်ပုံတင်ရုံးနဲ့ စာပေးစာယူ ဆက်သွယ်ဆောင်ရွက်ရမည့်ကိစ္စတွေ အားလုံးကိုလည်း အီလက်ထရွန်နစ်နည်းနဲ့ (Online) ဆက်သွယ်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ကုမ္ပဏီများအနေနဲ့ ဥပဒေပါ လိုအပ်ချက်အရ အစီရင်ခံစာ ပေးပို့ခြင်း အပါအဝင် အခြားလိုက်နာရန်ကိစ္စရပ်များနဲ့ပတ်သက်ပြီး ကုမ္ပဏီရုံးရဲ့ ကြိုတင်သတိပေးချက်တွေကို အီလက်ထရွန်နစ်နည်းနဲ့ ပုံမှန်ကြိုတင်ရရှိကြမှာဖြစ်တဲ့အတွက် သတိမေ့လျော့ပြီး ပေးပို့ရမယ့် ပြန်တမ်းတွေ၊ အစီရင်ခံစာတွေ နောက်ကျပေးပို့ခြင်း မဖြစ်ရလေအောင် Online စနစ်က သတိပေး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မှတ်ပုံတင်ထားတဲ့ ကုမ္ပဏီတစ်ခုချင်းစီရဲ့ အချက်အလက်ကို ကမ္ဘာတစ်ဝန်းက မည်သူမဆို အချိန်မရွေး MyCO ပလက်ဖောင်းပေါ်မှာ ဝင်ရောက်ကြည့်ရှုနိုင်မှာ ဖြစ်တဲ့အတွက် ကုမ္ပဏီများရဲ့ ပွင့်လင်းမြင်သာမှုကို အားကောင်းစေမှာ ဖြစ်ပါတယ်။ ကုမ္ပဏီတစ်ခုခုက ဥပဒေ စည်းမျဉ်းစည်းကမ်းလိုက်နာရန် ပျက်ကွက်ခြင်း၊ အားနည်းခြင်း ဖြစ်ပေါ်ခဲ့ရင် ၎င်းကုမ္ပဏီရဲ့ အခြေအနေကို Online ပေါ်မှာ ပကတိအတိုင်းဖော်ပြမှာ ဖြစ်တဲ့အတွက် ကုမ္ပဏီများအနေနဲ့ မိမိကုမ္ပဏီရဲ့ ဂုဏ်သိက္ခာကို ထိခိုက်မှုမရှိစေရေး ဥပဒေကို ပိုမိုလေးစားလိုက်နာဖို့ အရေးကြီးလှပါတယ်။

**ငွေကြေးကုန်ကျမှုမရှိဘဲ ဆောင်ရွက်နိုင်**

ဥပဒေသစ် စတင်အာဏာတည်မည့် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့အထိ ခြောက်လတာ ကာလအတွင်းမှာ ယခင်မှတ်ပုံတင်ထားပြီးဖြစ်တဲ့ ကုမ္ပဏီဟောင်းများအနေနဲ့ ဥပဒေသစ်နှင့်အညီ ပြန်လည်မှတ်ပုံတင်ဖို့ လိုအပ်ပါတယ်။ ပြန်လည် မှတ်ပုံတင်ခြင်းကို Online ပေါ်မှာ အခမဲ့ ဆောင်ရွက်နိုင်ပါတယ်။ ပြန်လည်မှတ်ပုံတင်တဲ့အခါ ကုမ္ပဏီမှတ်ပုံတင်အမှတ်အသစ် ထပ်မံထုတ်ပေးမှာဖြစ်ပြီး ထိုကဲ့သို့ ထုတ်ပေးမည့် ကုမ္ပဏီမှတ်ပုံတင်နံပါတ်ဟာ ပြည်တွင်းအခွန်များဦးစီးဌာနရဲ့ အခွန်မှတ်ပုံတင်အမှတ် (Tax Identification Number-TIN) လည်း ဖြစ်ပါတယ်။ သတ်မှတ်ကာလအတွင်း ပြန်လည်မှတ်ပုံတင်ခြင်းမရှိတဲ့ ကုမ္ပဏီများကိုတော့ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်သွားမှာ ဖြစ်ပါတယ်။ ကုမ္ပဏီဟောင်းများအနေနဲ့ ပြန်လည်မှတ်ပုံတင်ရတဲ့အတွက် အလုပ်ရှုပ်စေမယ်လို့ ယူဆရသော်လည်း တကယ်တော့ ကုမ္ပဏီဟောင်းများအတွက် ကုမ္ပဏီသစ်ပါ ပြဋ္ဌာန်းချက်များအတိုင်း မိမိတို့ရဲ့ကုမ္ပဏီကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းဖို့ ငွေကြေးကုန်ကျမှုမရှိဘဲ ဆောင်ရွက်နိုင်တဲ့ အခွင့်အရေးတစ်ရပ်ပဲ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဥပဒေဟောင်းနဲ့ မှတ်ပုံတင်ထားခဲ့တဲ့ ကုမ္ပဏီတွေကို ဥပဒေသစ်ပါ အခွင့်အရေးတွေ ပြန်လည်ပေးအပ်ခြင်းလည်း ဖြစ်ပါတယ်။

ကုမ္ပဏီဥပဒေနဲ့ပတ်သက်ပြီး အဓိက တာဝန်ယူဆောင်ရွက်ရတဲ့ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနအနေနဲ့ လိုအပ်တဲ့ပြင်ဆင်မှုတွေ ရှစ်လကျော်ခန့် အချိန်ယူ ဆောင်ရွက်ခဲ့ရခြင်းအပေါ် ဝေဖန်မှုတွေလည်း များစွာကြုံတွေ့ခဲ့ရပါတယ်။ တကယ်တော့ မြန်မာပြည်ထက် စီးပွားရေးရာကိစ္စများ၊ ကုမ္ပဏီရေးရာကိစ္စများ ပိုမိုရှေ့ရောက်တဲ့ ဟောင်ကောင်မှာ ကုမ္ပဏီဥပဒေသစ်ကို ၂၀၁၂ ခုနှစ် ဇူလိုင်လ ၁၂ ရက်နေ့က ပြဋ္ဌာန်းခဲ့ပြီး အာဏာတည်ဖို့ တစ်နှစ်နဲ့ရှစ်လ၊ မလေးရှားနိုင်ငံမှာ ၂၀၁၆ ခုနှစ် ဧပြီလ ၅ ရက်နေ့က ပြဋ္ဌာန်းခဲ့ပြီး အာဏာတည်ဖို့ တစ်နှစ်ကျော်၊ စင်ကာပူနိုင်ငံမှာ ၂၀၁၄ ခုနှစ် အောက်တိုဘာလက ပြဋ္ဌာန်းခဲ့ပြီး အပြည့်အဝ အာဏာတည်ဖို့ တစ်နှစ်နဲ့ သုံးလ အချိန်ယူဆောင်ရွက်ခဲ့ရတာကြောင့် မြန်မာနိုင်ငံရဲ့ ပြင်ဆင်ဆောင်ရွက်မှုဟာ အဆိုပါနိုင်ငံတွေထက် အချိန်ကာလပိုမိုတိုတောင်းတာကို သုံးသပ်တွေ့ရှိနိုင်ပါတယ်။

**အပြောင်းအလဲတွေ ပေါ်ပေါက်စေ**

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ အာဏာတည်မယ့်နေ့ကို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကလည်း အထူးစိတ်ဝင်စားနေကြတာကြောင့် ဥပဒေသစ်ဟာ မြန်မာပြည်ရဲ့ စီးပွားရေးလုပ်ငန်းများအတွက် သိသာတဲ့အပြောင်းအလဲတွေ ပေါ်ပေါက်စေမှာ ဖြစ်ပါတယ်။ ကုမ္ပဏီမှတ်ပုံတင်လုပ်ငန်းကို အီလက်ထရွန်နစ်နည်းနဲ့သာ လက်ခံဆောင်ရွက်တော့မှာဖြစ်သော်လည်း အကျွမ်းတဝင် မရှိသေးတဲ့ မြန်မာနိုင်ငံတစ်ဝန်းက ပြည်သူများအတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးရဲ့ မြို့တော်များမှာ ရုံးဖွင့်လှစ်ထားတဲ့ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက နိုင်ငံ့ဝန်ထမ်းများက လိုအပ်သလို ကူညီပေးရန် အဆင်သင့်ရှိနေကြောင်းကိုလည်း သတင်းကောင်းပါးလိုက်ပါတယ်။ ။

❑ ဥပဒေသစ်အရ ကုမ္ပဏီတွေအနေနဲ့ ကုမ္ပဏီဥပဒေပါ ပြဋ္ဌာန်းချက်တွေကို လိုက်နာကျင့်သုံးမှုနဲ့ ပတ်သက်ပြီး လိုအပ်သလို ထိန်းကျောင်းဆောင်ရွက်နိုင်ဖို့ အတွက်လည်း ကုမ္ပဏီမှတ်ပုံတင်အရာရှိကို လုပ်ပိုင်ခွင့်များ အပ်နှင်းထား

❑ ဥပဒေပါ ပြဋ္ဌာန်းချက်တွေလိုက်နာရန် အားနည်းမှုအပေါ်မူတည်ပြီး ကုမ္ပဏီ မှတ်ပုံတင်အရာရှိက သက်ဆိုင်ရာကုမ္ပဏီတွေကို ဒဏ်ကြေးပေးဆောင်ရန် ညွှန်ကြားနိုင်

○ ကုမ္ပဏီများအနေနဲ့ ဥပဒေသစ်အရ ဖြေလျှော့မှုများအပေါ် လွယ်ကူ သက်သာစွာ လုပ်ငန်းများဆောင်ရွက်နိုင်သည့်နည်းတူ အခြားတစ်ဖက်ကလည်း ဥပဒေပါ ပြဋ္ဌာန်းချက်တွေ လိုက်နာမှုကို ပိုမိုတင်းကျပ်စွာ ဆောင်ရွက်သွားမည့် အခြေအနေကို ကြိုတင်သိရှိထားဖို့ အရေးကြီး

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယအကြိမ် နိုင်ငံလုံးဆိုင်ရာ ပါတီညီလာခံ ရန်ကုန်မြို့၌ ကျင်းပ

ရန်ကုန် ဇွန် ၂၃

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယအကြိမ် နိုင်ငံလုံးဆိုင်ရာ ပါတီညီလာခံကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)၌ ကျင်းပသည်။** (အောက်ပုံ)



**ရှစ်စက္ကန့် ငြိမ်သက်ခြင်း ဆောင်ရွက်**

ပါတီညီလာခံတွင် နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်းများ ဦးစွာပြုလုပ်ပြီး ဒီမိုကရေစီအရေးတော်ပုံ အဆက်ဆက်တွင် ကျဆုံးခဲ့သော ရဟန်း ရှင်လူ၊ ကျောင်းသားပြည်သူတို့ကို ဂုဏ်ပြုသောအားဖြင့် ရှစ်စက္ကန့် ငြိမ်သက်ခြင်းကို ဆောင်ရွက်ကြသည်။

**ရှေ့လုပ်ငန်းစဉ်များ ဆက်လက်အကောင်အထည်ဖော်**

ထို့နောက် ပါတီညီလာခံသဘာပတိ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အဖွင့်အမှာစကား ပြောကြားရာတွင် "ယခုညီလာခံသည် ပထမညီလာခံထက် ထူးခြားတဲ့ ဝိသေသများ၊ အင်္ဂါရပ်များနဲ့ ပြည့်စုံတဲ့ ညီလာခံကြီး ဖြစ်ပါတယ်၊ ရည်ရွယ်ချက်တွေကတော့ နိုင်ငံတော်အစိုးရရဲ့ ရည်မှန်းချက်တွေကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ အင်အားပြည့်ဝ ခိုင်မာအားကောင်းပြီး စည်းလုံးညီညွတ်တဲ့ အဖွဲ့အဖြစ် ဆက်လက်ရပ်တည်သွားနိုင်ရေး၊ အဖွဲ့ချုပ်ခေါင်းဆောင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ပါတီခေါင်းဆောင်တွေရဲ့ ဦးဆောင်မှု၊ လမ်းညွှန်မှုနောက်မှာ စည်းလုံးညီညွတ်စွာ လိုက်ပါဆောင်ရွက်နိုင်ရေး၊ အဖွဲ့ချုပ်၏ လွှတ်တော်ကိုယ်စားလှယ်များ အရည်အချင်းပြည့်ဝပြီး နိုင်ငံ့အကျိုးအတွက် သယ်ပိုးဆောင်ရွက်နိုင်ရေး၊ ပါတီရဲ့ပုံရိပ် ဂုဏ်သိက္ခာမြင့်မားရေးနဲ့ ပြည်သူယုံကြည်လက်ခံမှု ပိုမိုရရှိရေး၊ ယခုညီလာခံမှ ချမှတ်မည့် မူဝါဒနှင့် ရှေ့လုပ်ငန်းစဉ်များကို အောင်မြင်အောင် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ပြည်သူတို့၏ အနာဂတ်ဘဝ ပိုမိုတိုးတက်မြင့်မားရေး စတဲ့ ရည်ရွယ်ချက်တွေဖြစ်ပါတယ်"ဟု ပြောကြားသည်။

**ဖတ်ကြားတင်သွင်း**

ယင်းနောက် ပါတီဗဟိုအလုပ်အမှုဆောင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာဇော်မြင့်မောင်က ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ နိုင်ငံရေးအစီရင်ခံစာအား ဖတ်ကြားတင်သွင်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ စည်းရုံးရေး အစီရင်ခံစာအား ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါက်တာမျိုးညွန့်က ဖတ်ကြားတင်သွင်းသည်။

**ရွေးချယ်အတည်ပြု**

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး အဖွဲ့ဝင် ဦးဉာဏ်ဝင်းက ညီလာခံ လုပ်ထုံးလုပ်နည်းများအကြောင်းနှင့် ဗဟိုကော်မတီဝင်ရွေးချယ်ပုံအဆင့်ဆင့်ကို ရှင်းလင်းတင်ပြပြီး ဗဟိုကော်မတီဝင်နှင့် အရန် ဗဟိုကော်မတီဝင်တို့ကို ရွေးချယ် အတည်ပြုခဲ့ကြသည်။

**ပြန်လည်သုံးသပ်ဆွေးနွေး**

ပါတီညီလာခံကျင်းပမှုနှင့် ပတ်သက်၍ ဗဟိုကော်မတီအဖွဲ့ဝင်၊ ဗဟိုပြန်ကြားရေးကော်မတီအဖွဲ့ အတွင်းရေးမှူး မုံရွာဦးအောင်ရှင်က "နိုင်ငံရေးအစီရင်ခံစာ အနေနဲ့ကတော့ ငါးနှစ်အတွင်းမှာ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေအပေါ်မှာ ပြန်ပြီးတော့သုံးသပ်တာ၊ ရှေ့လုပ်ငန်းစဉ် ဘယ်လိုလုပ်မယ်ဆိုတဲ့ ရည်မှန်းချက်တွေကို ချပြကြတာပါ၊ မနက်ဖြန်မှာတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက စီအီးစီ တစ်ယောက်စီ ရွေးချယ်သွားမယ်၊ ရွေးချယ်ခံရတဲ့ ဗဟိုကော်မတီအသစ်နဲ့ အရင် ဗဟိုကော်မတီ စုပေါင်းပြီးတော့ ဒီနေ့ဖတ်ခဲ့တဲ့ နိုင်ငံရေးအစီရင်ခံစာ အပေါ်မှာပြန်လည်သုံးသပ် ဆွေးနွေးတဲ့ အစီအစဉ်လုပ်မှာ ဖြစ်ပါတယ်" ဟု ပြောသည်။

**နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်**

ယနေ့ကျင်းပသည့် ပါတီညီလာခံသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦး၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပါတီညီလာခံကိုယ်စားလှယ် ၁၀၀၀ ကျော် တက်ရောက်ကြပြီး ပါတီညီလာခံကို ယနေ့မှစ၍ ဇွန် ၂၄ ရက်အထိ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

---

✻ *ကျောဖုံးမှ*

ဒီတစ်ခါက် ကျောက်စိမ်းပွဲမှာ ကျောက်စိမ်းအတွဲပေါင်း ၆၀၀၀ ကျော်ရှိတဲ့အနက် ရှေ့ပိုင်းအတွဲ ၃၀၀၀ လောက်မှာ ကျောက်ရဲ့ လိုအပ်ချက်တွေကို တွေ့ရပေမယ့် ကျွန်တော့်အနေနဲ့ အတွဲအများကြီး ဝယ်ယူတာမဟုတ်တဲ့အတွက် ပြဿနာမရှိပါဘူး" ဟု တရုတ်နိုင်ငံမှ ကျောက်မျက်ရတနာကုန်သည် Mr.Law ChiKwong က ပြောသည်။

"တရုတ်နိုင်ငံမှာလည်း ကျောက်တွေကို ရောင်းချတာရှိပါတယ်၊ မြန်မာနိုင်ငံကိုလာပြီး ဝယ်ယူရခြင်းက ကျောက်စိမ်းအရည်အသွေးမှာ မြန်မာနိုင်ငံရဲ့ ကျောက်စိမ်းကို ဘယ်နိုင်ငံမှ မမီပါဘူး၊ နောက်တစ်ချက်က တရုတ်နိုင်ငံမှာရောင်းတဲ့ ကျောက်စိမ်းကလည်း မြန်မာနိုင်ငံကလာတာဖြစ်ပြီး ဈေးနှုန်းအရ မြန်မာနိုင်ငံမှာ ယှဉ်ပြိုင်ပြီး ဝယ်ယူရတာကို ပိုမိုသဘောကျတဲ့အတွက် လာရခြင်းဖြစ်ပါတယ်၊ ကျောက်စိမ်းဈေးကွက်အနေနဲ့ အခု နှစ်နှစ်အတွင်း သိပ်မကောင်းပါဘူး၊ နောက်ပိုင်းမှာ ဈေးကွက်အနေအထားအရ ပိုမိုကောင်းမွန်လာမယ့် အခြေအနေရှိပါတယ်" ဟု ၎င်းက ပြောသည်။

အလားတူ (၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပလျက်ရှိသည့် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ကျောက်မျက်သင်တန်းကျောင်းမှ သင်တန်းသားများ၏လက်ရာ တန်ဖိုးမြင့်ထုတ်ကုန်များ ပြခန်းအပါအဝင် ကျောက်မျက်ရတနာ အချောထည် အရောင်းဆိုင်များ၌ ဝယ်ယူကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့ပြင် ပြပွဲသို့ လာရောက်ကြသည့် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ၏ တည်းခိုနေထိုင် သွားလာရေး အဆင်ပြေချောမွေ့စေရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက စနစ်တကျ စီမံ ဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်း တွေ့ရသည်။ **သူရဇော်(သတင်းစဉ်)**



(၅၅) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ လာရောက်ကြသော ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များကို တွေ့ရစဉ်။

---

# မကွေးမြို့ ဗိုလ်ချုပ်ပန်းခြံအတွင်း ရဲဘော်သုံးကျိပ်၏ မော်ကွန်းကျောက်စာတိုင် တည်ဆောက်နေ

**မကွေး ဇွန် ၂၃**

မကွေးမြို့ ဗိုလ်ချုပ်မြင်းစီးကြေးရုပ်ပန်းခြံအတွင်း၌ မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးထိုးထားသော ရဲဘော်သုံးကျိပ် မော်ကွန်းကျောက်စာတိုင်ကို ဇွန် ၇ ရက်မှ စတင်တည်ဆောက်ခဲ့ရာ လက်ရှိအချိန်တွင် ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်းနှင့် ရာသီဥတုကောင်းမွန်ပါက လာမည့်တစ်ပတ်အတွင်း ပြီးတော့မည်ဖြစ်ကြောင်း တည်ဆောက်ရေးလုပ်ငန်းခွင်မှ သိရသည်။




မန္တလေးမြို့မှ ပန်းတော့ပညာရှင် ဦးချိုဇော်မင်း ဦးစီးတည်ဆောက်နေသည့် အဆိုပါ ကမ္ပည်းကျောက်စာတိုင်မှာ အောက်ခုံမှ အပေါ်ဆုံးကမ္ပည်းကြယ်တန်းအထိ ၁၅ ပေအမြင့်ရှိပြီး ကျောက်စာတွင် ရဲဘော်သုံးကျိပ်ဝင်များ၏ သခင်အမည်၊ ဗိုလ်အမည်နှင့် မွေးဖွားရာဇာတိဒေသတို့ကို မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာတို့ဖြင့် တစ်ဖက်တစ်ချက်စီတွင် ရေးထိုးထားသည်ကို တွေ့မြင်နိုင်ကာ အဆိုပါ ရဲဘော်သုံးကျိပ်အကြောင်း ကျောက်စာသည် နိုင်ငံအတွင်း ပထမဆုံး တည်ဆောက်သောရဲဘော်သုံးကျိပ်အကြောင်း ကျောက်စာတိုင်ဖြစ်ကြောင်း သိရသည်။

"ရဲဘော်သုံးကျိပ်ရဲ့ ကမ္ပည်းကျောက်စာတိုင်ကို ဗိုလ်ချုပ်မြင်းစီးကြေးရုပ်ပန်းခြံမှာ ထားရှိသင့်ကြောင်း အဆိုကို ဆင်ပေါင်ဝဲမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးက ၂၀၁၇ စက်တင်ဘာလက မကွေးတိုင်းဒေသကြီး လွှတ်တော် ဒုတိယအကြိမ် သတ္တမပုံမှန်အစည်းအဝေးမှာ တင်သွင်းခဲ့ပါတယ်၊ အဆိုအောင်မြင်ခဲ့တဲ့အတွက် တိုင်းဒေသကြီးအစိုးရက အစိုးရဘတ်ဂျက်နဲ့ အကောင်အထည်ဖော် တည်ဆောက်ပေးတာဖြစ်ပါတယ်"ဟု မကွေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းက ပြောသည်။

အဆိုတင်သွင်းခဲ့သူ လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးက "အာဇာနည်ပုဂ္ဂိုလ်များကို မျိုးဆက်သစ်တို့ နှလုံးသားမှာ သိရှိနိုင်ဖို့ လမ်းစဖော်ပေးတဲ့အနေနဲ့ မြန်မာပြည်မှာ လိုနေတဲ့ ကွက်လပ်တစ်ခုကို မကွေးတိုင်းဒေသကြီးအစိုးရက စတင်အကောင်အထည်ဖော်ပေးလိုက်ရင် အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်များကလည်း ဆက်လက်ဖော်ဆောင်ကြမယ်လို့ ယုံကြည်လို့ ဒီအဆိုကို တင်ခဲ့တာပါ၊ ရဲဘော်သုံးကျိပ်ထဲမှာလည်း သခင်အောင်ဆန်း(ဗိုလ်တေဇ)၊ ကိုထွန်းရှိန်(ဗိုလ်ရန်နိုင်)၊ သခင်ဗဂျမ်း (ဗိုလ်လရောင်)တို့ သုံးဦးဟာ မကွေးတိုင်းထဲက ဖြစ်ပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံ၌ ရွှေတိဂုံရင်ပြင်တော် စနေထောင့်တွင် ရန်ကုန်တက္ကသိုလ်သပိတ်မှောက်အမှတ်အသား ကမ္ပည်းမှတ်တိုင်၊ မကွေးမြို့ သရက်လေးပင်ရွာကားလမ်းဘေး၌ သခင်ဖိုးလှကြီး မော်ကွန်းကျောက်စာတိုင် စသည်ဖြင့် အထိမ်းအမှတ်ကျောက် စာတိုင်များ၊ ရုပ်တုများကို သမိုင်းမှတ်တမ်းရှိရာ ဒေသများ၌ စိုက်ထူလေ့ရှိသည်ကို တွေ့ရှိရပြီး မကွေးမြို့ရှိ ဗိုလ်ချုပ်မြင်းစီး ကြေးရုပ်ပန်းခြံဝင်းအတွင်း၌လည်း ကျန်အာဇာနည်ရှစ်ဦး၏ ကိုယ်တစ်ပိုင်းရုပ်ထုများကို တောင်တွင်းကြီးမြို့၌ ဆောင်ရွက်ထားသကဲ့သို့ လုပ်ဆောင်ပေးစေလိုကြောင်း မကွေးဒေသခံအချို့က ပြောသည်။

**ဇေယျာတု(မကွေး)**

# ခမ်းပတ်မြို့၌ ရပ်ကွက်လမ်းများ ပြုပြင်ရန် သဲကြမ်းကား အစီး ၁၀၀ လှူဒါန်း

**ခမ်းပတ် ဇွန် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် ခမ်းပတ်မြို့ အမှတ်(၁)ရပ်ကွက်အတွင်း လမ်းများ ပြုပြင်ရန်နှင့် လိုအပ်သည့်နေရာများတွင် အသုံးပြုနိုင်ရန်အတွက် သဲကြမ်းကား အစီး ၁၀၀ ကို ခမ်းပတ်မြို့ အမှတ်(၁)ရပ်ကွက်နေ ဦးကပ်ခိုင်က ဇွန် ၂၂ ရက်က လှူဒါန်းခဲ့ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

မိုးရာသီတွင် ရပ်ကွက်အတွင်းရှိလမ်းများ၌ ရွှံ့ဗွက်များရှိသောကြောင့် ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူများ သွားလာရခက်ခဲသဖြင့် လမ်းများ ပြုပြင်ရန် အလှူရှင်ကလှူဒါန်းခြင်းဖြစ်ကြောင်း၊ လှူဒါန်းထားသော သဲကြမ်းများကို ကျောင်းလမ်းတစ်လျှောက်နှင့် ကျောင်းပတ်ဝန်းကျင်လမ်းများအတွက် အဓိကထား အသုံးပြုသွားမည်ဖြစ်ကြောင်းနှင့် ရပ်ကွက်အတွင်းမှ လူအသွားအလာများသည့် လမ်းများကို ဦးစားပေးပြုပြင်သွားမည်ဖြစ်ကြောင်း အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးက ပြောသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၆-၂၀၁၈ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၇)ပါ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအစိုးရအကြား ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာပါ သက်ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကျင်းပ သတင်း ဒုတိယကော်လံ ပထမပိုဒ်တွင် ငါးနှစ်အတွက် စုစုပေါင်းငွေကျပ် ၂၅ သန်း **အစား** ငါးနှစ်အတွက် စုစုပေါင်း **အမေရိကန်ဒေါ်လာ ၂၅ သန်း** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(အယ်ဒီတာအဖွဲ့)**

# အမြို့မြို့အနယ်နယ်တွင် ပြည်သူ့စကားဝိုင်းများ ကျင်းပလျက်ရှိ

**ပြည်သူများ အသိအမြင်ဗဟုသုတ တိုးတက်လာစေရေး၊ မိမိတို့ရပ်ရွာတွင်ဖြစ်ပေါ်နေသည့် အကြောင်းအရာများကို အများပြည်သူကြားတွင် ဆွေးနွေးမှုများ ရှိလာစေရေးနှင့် ပြည်သူများ စဉ်းစားတွေးခေါ်မှု မြင့်မားလာပြီး ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အထများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်လျက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးပြီး မြို့နယ်အသီးသီးတွင် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲများ ကျင်းပလျက်ရှိသည်။**

## ကန့်ဘလူ

ကန့်ဘလူမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူးပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇွန် ၂၂ ရက်က တောက္ကရှပ်ကျေးရွာ အရှေ့ကျောင်းဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အဆိုပါ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ကျော်သူဟန်ထွန်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေး၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးဟန်ထွန်းအောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ဦးစီးမှူးဦးအောင်မြင့်ထွေး၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာမြင့်နိုင်တို့က ဦးဆောင်ကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ကျေးလက်နေ ပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရေး၊ ကျေးလက်ဒေသအတွက် ဌာနအလိုက် ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ တောင်သူအသိပညာပေးလုပ်ငန်းများ၊ စားနပ်ရိက္ခာဖူလုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ဂျီအေပီစနစ်ဖြင့် စိုက်ပျိုးနည်းစနစ်များ၊ ရာသီအကူးအပြောင်းကာလတွင် တိရစ္ဆာန်များအတွက် ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းများ၊ ရာသီအလိုက်ဖြစ်ပွားတတ်သော ရောဂါများနှင့် ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာပြည်သူများက မိမိတို့ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး ကဏ္ဍများအတွက် လိုအပ်ချက်များနှင့် သိရှိလိုသည်များကို တင်ပြဆွေးနွေး မေးမြန်းကြပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။ ပြည်သူ့စကားဝိုင်းတွင် မင်းကုန်းကျေးရွာ၊ ကံကြီးကုန်းကျေးရွာ၊ မကျည်းကုန်းကျေးရွာ၊ ကံသာကုန်းကျေးရွာ၊ တောက္ကရှပ်ကျေးရွာနှင့် ရပ်ကွက် ငါးခုတို့မှ အုပ်စုအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ ပါဝင်ဆွေးနွေးခဲ့ကြသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ကျောက်ကြီး

လူငယ်နှင့်ပညာရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးဆောင်၍ ကျောက်ကြီးမြို့ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဇွန် ၂၃ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ပြည်သူ့စကားဝိုင်းတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြသောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ငွေနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းလွင်တို့က အမှာစကားပြောကြားကြပြီး တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်စမ်းစမ်းအေးက ပြည်သူ့စကားဝိုင်း ကျင်းပသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်ပညာရေးမှူး ဒေါ်သီတာမြင့်၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်နိုင်ဦးနှင့် မေတ္တာရောင်ခြည်ပရဟိတအသင်းခေါင်းဆောင် ဦးမောင်ဇော်တို့က လူငယ်နှင့်ပညာရေး ခေါင်းစဉ်နှင့် ပတ်သက်၍ ကျောင်းနေအရွယ် ကလေးငယ်များအားလုံး ကျောင်းအပ်နှံနိုင်ရေးအတွက် မိဘဆရာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန်၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းစာများကို ပြီးပြည့်စုံစွာ လေ့လာကြရန်၊ ယခင်က အလွတ်ကျက်မှတ်သည့်စနစ်မှ ယခုအခါ ကိုယ်တိုင်စဉ်းစားတွေးခေါ်ဆုံးဖြတ်ရသည့် စနစ်သို့ ပြောင်းလဲလာပုံနှင့် ပညာရေးစနစ်အတွက် အဓိကထား ဆောင်ရွက်နေပုံများ စသည်တို့ကို ဦးဆောင်ဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်သူ့စကားဝိုင်းသို့ တက်ရောက်သော ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အခြေခံပညာ အထက်တန်းကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မြို့နယ်အတွင်းရှိ နိုင်ငံရေးပါတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြသည်။

**ကိုသားကြီး(ပြန်/ဆက်)**



**စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ ယနေ့လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ပြည်သူ့စကားဝိုင်းကို ဇွန် ၂၃ ရက်က ခန္တီးမြို့ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။** (အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်ဝင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုးနိုင်၊ ခရိုင်ဥပဒေအရာရှိ ဦးကျော်ဝင်း၊ ကျန်းမာရေးဦးစီးဌာန ဒေါက်တာထက်ဝေဦး တို့က မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ လူငယ်များ မူးယစ်ဆေးမသုံးရန်နှင့် မူးယစ်ပြစ်မှုပြစ်ဒဏ်များကို ဆွေးနွေးပြီး တက်ရောက်လာသူများကလည်း ပြန်လည်ဆွေးနွေးကြောင်း သိရသည်။) ချန်လော (ခန္တီး)

## ဘီးလင်း

လူငယ်များ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ဆိုးကျိုးများကို သိရှိစေရန်နှင့် မူးယစ်ဆေးဝါးအန္တရာယ်မှရှောင်ရှားကာ လူငယ်များအကြား မူးယစ်ဆေးဝါး ပျံ့နှံ့နေမှုကို ပူးပေါင်းအဖြေရှာတိုက်ဖျက်နိုင်ရန်အတွက် သထုံခရိုင်နှင့် ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် လူငယ်နှင့်မူးယစ်ဆေးဝါး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇွန် ၂၃ ရက်က အထက(ဘီးလင်း)ကျောင်း ပညာ့အားမာန်ခန်းမ၌ ကျင်းပခဲ့သည်။

ပြည်သူ့စကားဝိုင်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာရဲက အမှာစကား ပြောကြားပြီးနောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်နိုင်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမြင့်၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ မိုးကျော်သူ၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်ဝေသဇင်မြင့်နှင့် မြို့နယ်ပညာရေးမှူး ဦးသိန်းဝင်းတို့က ဒေသအတွင်း မူးယစ်ဆေးဝါးပျံ့နှံ့ရောက်ရှိလာပုံ၊ အရေးယူဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ ကျန်းမာရေးအတွက် မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ၊ မူးယစ်ဆေးဝါး ရောင်းဝယ် သုံးစွဲခြင်းအတွက် ပြစ်မှုပြစ်ဒဏ်များ၊ မိသားစုများအတွင်း မူးယစ်ဆေးနှင့်ပတ်သတ်သည့် စိုးရိမ်ပူပန်မှုများနှင့် ဖြေရှင်းနိုင်သည့် နည်းလမ်းများ စသည်တို့ကို ဆွေးနွေးကြပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကိုလည်း ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြသည်။

အဆိုပါ ပြည်သူ့စကားဝိုင်းသို့ ဘီးလင်းမြို့နယ်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ သထုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးကွန်ရက်အဖွဲ့အစည်းများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်လူရွယ်များ၊ စိတ်ပါဝင်စားသူများနှင့် ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၃၀၀ ခန့် ပါဝင်ဆွေးနွေးခဲ့ကြသည်။

**မြို့နယ် (ပြန်/ဆက်)**

## ဟသ္သာတ

ဧရာဝတီတိုင်းဒေသကြီး ဟသ္သာတခရိုင် အင်္ဂပူမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဇွန် ၁၉ ရက်က မဲဇလီကုန်းဒေသ ဗိုလ်အောင်ကျော်ခန်းမ၌ ကျင်းပခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲရင့်လှိုင်တို့က အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးလှမျိုးအောင်က ပြည်သူ့စကားဝိုင်း ပြုလုပ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဗိုလ်ဗိုလ်ဇင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသန်းဇော်စိုး၊ စိုက်ပျိုးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခင်မောင်ဆန်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်ဝင်းနှင့် ကျေးလက်လမ်းဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးကျော်နိုင်ဝင်းတို့က ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ကဏ္ဍအလိုက် ဦးဆောင်ဆွေးနွေးကြပြီး တက်ရောက်လာသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် မဲဇလီကုန်းဒေသခံပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများက စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျေးလက်ဒေသမီးလင်းရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးမေးမြန်းမှုများကို ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြသည်။

**ကျော်ကျော်(ဟသ္သာတ)**

## ဒဂုံမြို့သစ် (တောင်ပိုင်း)

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁၉)ရပ်ကွက်ရှိ ဓမ္မရက္ခိတ ဓမ္မာရုံ၌ ပြည်သူ့စကားဝိုင်းကို လူငယ်နှင့် မူးယစ်ဆေးဝါး ခေါင်းစဉ်ဖြင့် ဇွန် ၂၂ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ပြည်သူ့စကားဝိုင်းကို အခြေခံပညာဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကြယ်စင်စုကိုယ်ပိုင်အထက်တန်းကျောင်းတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမြင့်တို့က အမှာစကားပြောကြားသည်။ ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်ထွန်းလွင်၊ မြို့နယ်ဥပဒေအရာရှိ ဦးဖုန်းလွင်ဦး၊ မြို့နယ်ကျန်းမာရေးမှူး ဦးထွန်းနိုင်၊ စာရေးဆရာ ဦးသက်ဝေမောင်၊ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးစံရှိန်နှင့် ရုပ်ရှင်နှင့် ဗီဒီယို ဟာသသရုပ်ဆောင် ဦးချစ်ချော တို့က ဦးဆောင်ဆွေးနွေးခဲ့ကြပြီး ကျောင်းသား ကျောင်းသူများကလည်း သိလိုသည်များကို မေးမြန်းခဲ့ကာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့သည်။ အဆိုပါ ပြည်သူ့စကားဝိုင်းသို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ NGO အဖွဲ့အစည်းဝင်များနှင့် ကျောင်းသား ကျောင်းသူများ အင်အား ၂၂၀ ခန့် တက်ရောက်ခဲ့သည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**

## ညောင်ရွှေ

မူးယစ်ဆေးဝါးအန္တရာယ်ကို ကာကွယ်တားဆီးနိုင်ရေးအတွက် လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇွန် ၂၂ ရက်က ညောင်ရွှေမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ကျင်းပခဲ့ရာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးက အမှာစကားပြောကြားပြီး တောင်ကြီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်မြင့်သန်းဦးက ပြည်သူ့စကားဝိုင်း ကျင်းပသည့် ရည်ရွယ်ချက်များကို ရှင်းလင်းသည်။

ထို့နောက် ညောင်ရွှေမြို့နယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်စိုး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာကောင်းမြတ်နှင့် မြို့နယ်ဥပဒေအရာရှိ ဒေါ်နှင်းသန္တာမိုးတို့က ယနေ့ဆောင်ရွက်လျက်ရှိသည့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းအဆင့်ဆင့်နှင့် လူငယ်ထုအတွင်း မူးယစ်ဆေးဝါးအန္တရာယ် ကင်းစင်ပပျောက်ရေးဆိုင်ရာ အကြောင်းအရာများ၊ မူးယစ်ဆေးဝါးနှင့်သက်ဆိုင်သည့် ဆိုးကျိုးများ၊ ဥပဒေများ၊ ပြစ်မှုပြစ်ဒဏ်များ စသည်တို့ကို အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြပြီး ဦးဆောင်ဆွေးနွေးကြသူများက ကဏ္ဍအလိုက် ရှင်းလင်းဖြေကြားပေးခဲ့ကြသည်။ အဆိုပါ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲသို့ ညောင်ရွှေမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၄၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် မတ္တရာသူဌေးတန်းကျောင်း ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက်ရွှေကျင် သာသနာပိုင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတသိရီဘိဝံသ ဘဝနတ်ထံပျံလွန်တော်မူ

မန္တလေး ဇွန် ၂၃



မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် မတ္တရာသူဌေးတန်းကျောင်း ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက် ရွှေကျင်သာသနာပိုင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတသိရီဘိဝံသ (သက်တော် ၈၄ နှစ်၊ သိက္ခာတော် ၆၄ ဝါ)သည် ၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလဆန်း ၁၁ ရက်(၂၃-၆-၂၀၁၈) စနေနေ့ နံနက် ၀၃း၀၀ အချိန်တွင် မန္တလေးမြို့ပြည်သူ့ဆေးရုံကြီး နှလုံးကြပ်မတ်ဆောင်၌ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

ဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပနပွဲကို ၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလပြည့်ကျော် ၂ ရက် (၂၉-၆-၂၀၁၈) သောကြာနေ့ မွန်းတည့် ၁၂း၀၀ အချိန်တွင် အေးရိပ်ငြိမ်သုသာန်၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

## ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား ပိုက်ကျော်ခြင်း အမျိုးသားအသင်းလိုက် ပထမဆု သိန်းနီမြို့နယ်ဆွတ်ခူး

တောင်ကြီး ဇွန် ၂၃

**၂၀၁၈ ခုနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက် အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို တောင်ကြီးမြို့၌ ဇွန် ၁၈ ရက်မှစတင်ကျင်းပရာ အမျိုးသားအသင်းလိုက် ပထမဆုကို သိန်းနီမြို့နယ်အသင်းက ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။**

ပြိုင်ပွဲအပြီးတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အမျိုးသားအသင်းလိုက် ပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် ပထမဆုရရှိသော သိန်းနီမြို့နယ်အသင်းကို တစ်ဦးချင်းဆုတံဆိပ်၊ ဆုဖလားနှင့်အတူ ငွေကျပ် ငါးသိန်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး လှဦးက အမျိုးသားအသင်းလိုက် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဒုတိယဆုရ လားရှိုးအသင်းကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေကျပ် သုံးသိန်း၊ ပြည်နယ် ရ/သုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်နိုင်ဝင်းက အမျိုးသားအသင်းလိုက် ပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် တတိယဆုရ ရွာငံမြို့နယ်အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ်နှစ်သိန်းအား လည်းကောင်း၊ ပူးတွဲတတိယဆုရ နောင်ချိုမြို့နယ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေကျပ်နှစ်သိန်းတို့အား အသီးသီးချီးမြှင့်ပေးအပ်ခဲ့သည်။



ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဆုရအသင်းကို ပြည်နယ်ဝန်ကြီးချုပ် ဆုချီးမြှင့်ပေးစဉ်။

ကုန်းလမ်းပို့ဆောင်ရေးနှင့် ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းမြင့်က အမျိုးသမီးအသင်းလိုက် ပြိုင်ပွဲတွင် တတိယဆုရ ရပ်စောက်မြို့နယ်အသင်းကို ဆုတံဆိပ်နှင့် ငွေကျပ်တစ်သိန်း၊ ပြည်နယ်သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဒေါက်တာ ညီညီအောင်က အမျိုးသမီးအသင်းလိုက် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဒုတိယဆုရ ဟိုပုံးမြို့နယ် အသင်းကို ဆုတံဆိပ်နှင့် ငွေကျပ် နှစ်သိန်း၊ တောင်ကြီးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမူမူမြင့်က အမျိုးသမီးအသင်းလိုက် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပူးတွဲတတိယဆုရ ပင်လုံမြို့နယ်အသင်းကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်း- မင်းခေတ်**
**ဓာတ်ပုံ- မိုးမခ**

## ဖားကန့်မြို့နယ်၌ ရေကြီး ရေလျှံ၊ မြေပြိုမှုများဖြစ်ပေါ်ကာ လူအသေအပျောက်များ ဖြစ်ပေါ်လျက်ရှိ

ဖားကန့် ဇွန် ၂၃

**ကချင်ပြည်နယ် မိုညှင်းခရိုင် ဖားကန့်မြို့နယ်အတွင်း ဇွန် ၂၂ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားကာ ကျောက်စိမ်းတူးဖော်ရေးလုပ်ကွက်ရှိ စွန့်ပစ်မြေစာပုံများပြိုကျမှုကြောင့် လူအသေအပျောက်များ ရှိခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ ဇွန်၂၂ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်က ဖားကန့်မြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီး ရေလျှံမှုများ ဖြစ်ပွားကာ ဖားပြင်ကျေးရွာ၊ ဆွတ်အောင်ကျေးရွာနှင့် မရိုကထောင်ကျေးရွာများရှိ ကျောက်စိမ်းတူးဖော်ရေး လုပ်ကွက်များ၌ နေအိမ်အချို့ပေါ်သို့ မြေစာများပြိုကျခဲ့၍ ဖားကန့်မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖားပြင်ကျေးရွာ အရန်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆွတ်အောင်ကျေးရွာ အရန်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ မော်ဝမ်းအရန်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များက မြေစာပုံပြိုကျသည့်နေရာများသို့ သွားရောက်ကာ ရှာဖွေ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ **(ယာပုံ)**

အဆိုပါ စွန့်ပစ်မြေစာပုံများပြိုကျမှုကြောင့် ဖားပြင် ကျေးရွာနေ ဦးစိန်ကျော်(၇၀ နှစ်)၊ မော်ဝမ်းရပ်ကွက်နေ ဦးမြင့်ကျော်(၃၈ နှစ်)၊ မရိုကထောင်ရပ်ကွက်နေ ဒေါ်ခင်လေး (၅၈ နှစ်)တို့ကို သေဆုံးလျက် ရှာဖွေတွေ့ရှိခဲ့ကာ ဆိပ်မူကျေးရွာနေ ဦးယုနိုင်(၄၁ နှစ်)နှင့် ဆွတ်အောင်ကျေးရွာနေ စိုးနိုင်ထွန်း (၃၉ နှစ်)တို့မှာ ဆွတ်အောင်ကျေးရွာ မျောချောင်းအတွင်းသို့ မျောပါပျောက်ဆုံးနေကြောင်းနှင့် မရိုကထောင်ရပ်ကွက်နေ ဒေါ်အေးဝင်း(၅၈ နှစ်)မှာ မြေစာပုံအတွင်း ပျောက်ဆုံးနေကာ မော်ဝမ်းရပ်ကွက်နေ မောင်ခိုင်သိန်းလွင်ကျော် (၂ နှစ်)မှာ ပြင်းထန်စွာဒဏ်ရာရရှိခဲ့၍ ဖားကန့်ဆေးရုံသို့ ပို့ဆောင်ကုသစဉ် သေဆုံးခဲ့ကြောင်း သိရသည်။



အဆိုပါ ရေကြီး ရေလျှံမှုနှင့် မြေစာပုံများပြိုကျမှုကြောင့် သေဆုံးသူနှင့် ပျောက်ဆုံးနေသူများကို ဇွန် ၂၃ ရက်တွင် ရှာဖွေကယ်ဆယ်မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် မဟာနာယကရွှေကျင်နိကာယ ဥပဥက္ကဋ္ဌမဟာနာယက၊ တွဲဖက်ရွှေကျင်သာသနာပိုင်၊ အဂ္ဂမဟာပဏ္ဍိတမတ္တရာသူဌေးတန်းကျောင်း ဆရာတော်ဘုရားကြီး ဘဒ္ဒန္တမာနိတသိရီဘိဝံသ၏ ထေရုပ္ပတ္တိအကျဉ်း

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် မဟာနာယက ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက်ရွှေကျင်သာသနာပိုင် အဂ္ဂမဟာပဏ္ဍိတ မတ္တရာသူဌေးတန်းကျောင်း ဆရာတော်ဘုရားကြီး ဘဒ္ဒန္တမာနိတသိရီဘိဝံသသည် ၁၂၉၆ ခုနှစ် တပေါင်းလပြည့်ကျော် ၃ ရက်၊ ကြာသပတေးနေ့ ညနေ ၄ နာရီ ၃၅ မိနစ်တွင် မတ္တရာမြို့နယ် ကောက်ရိုးပုံကျေးရွာနေ ခမည်းတော် ဦးထွန်းအေး+ မယ်တော်ဒေါ်ပေါတို့က ဖွားမြင်တော်မူခဲ့ပါသည်။

၁၃၀၇ ခုနှစ် တန်ဆောင်မုန်းလ၌ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ၁၃၁၃ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၌ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါဆိုကျောင်းဆရာတော် စုဒ္ဒသမ ရွှေကျင်သာသနာပိုင်လျာ ဘဒ္ဒန္တအင်္ဂိယ၏ ခြေတော်ရင်းသို့ ရောက်ခဲ့သည်။

၁၃၁၆ ခုနှစ် ဝါခေါင်လပြည့်နေ့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ် လူရိပ် (၂)ဖဝါး၊ (၁)ဖီလာအချိန်၌ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဗဒ္ဓသိမ်တွင် နဝမရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရုစံကင်းဆရာတော်ဘုရားကြီးကို ဥပဇ္ဈယ်ပြုလျက် မိဘနှစ်ပါးနှင့် ဇယမေဒနီဆရာတော်၏ မယ်တော်ကြီး အဖွားတွယ်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။ ၁၃၀၃ ခုနှစ် သက်တော် ရှစ်နှစ်တွင် ကောက်ရိုးပုံရွာလည်ကျောင်းဆရာတော် ဦးဝဏ္ဏထံမှ အခြေခံစာပေများကို သင်ယူခဲ့ပြီး ၁၃၀၅ ခုနှစ်တွင် စဉ့်ကူးမြို့နယ် ညောင်ပင်ရွာ မဇ္ဈိမာရုံကျောင်းဆရာတော် အရှင်ကုန္ဒာစရိယ၊ ၁၃၁၃ ခုနှစ်တွင် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါဆိုကျောင်းဆရာတော် ဘဒ္ဒန္တ အင်္ဂိယတို့ထံမှ စာပေဆည်းပူးသင်ယူခဲ့ပြီး ငယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယတန်းတို့ကို အောင်မြင်တော်မူ၍ သာသနဓဇ သိရီပဝရဓမ္မာစရိယဘွဲ့ကို ရရှိတော်မူခဲ့သည်။

၁၃၂၀ ပြည့်နှစ်မှစ၍ စာပေပို့ချခဲ့ပြီး အထူးအားဖြင့် အလင်္ကာကျမ်း၊ ဝုတ္တောဒယဆန်းကျမ်း၊ ကစ္စည်းဝိတရဏီအဋ္ဌကထာနှင့် ဋီကာကျော်တို့ကို ပို့ချသည်။ ထို့ပြင် မန္တလေးမြို့ လူထုသတင်းစာတွင် “ကထိကရဟန်း” ကလောင်အမည်ဖြင့် ဆောင်းပါးရေးသားခြင်း၊ စံကင်းဂုရုပ္ပတ္တိကျမ်း၊ ဘဝနှင့် နိဗ္ဗာန်စာအုပ်၊ ဝိသုဒ္ဓါရုံရှင်ကျင့်ဝတ်အဖွင့်စာအုပ်၊ ဗုဒ္ဓ၏လူ့သမိုင်းဆောင်းပါး၊ ရွှေကျင်ဆရာတော် ဘုရားကြီး၏ ဘဝဖြစ်တော်စဉ်၊ ဗုဒ္ဓဘာသာသင်ခန်းစာ၊ ဝိနယပိဋက၊ စူဠဝဂ္ဂပါဠိတော်လာ ဘိက္ခုနိက္ခန္ဓကကို လေ့လာသုံးသပ်ခြင်းအမည်ဖြင့် စာတမ်း၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်သမိုင်း၊ ရွှေကျင်တိုက်သမိုင်း၊ ကဗျာ့တန်ဆာအလင်္ကာကျမ်း၊ ဝုတ္တောဒယဆန်းကျမ်း၏ နိဿယနှင့် အဖွင့်ကျမ်း၊ ရွှေကျင်နိကာယဥက္ကဋ္ဌ ဥပဥက္ကဋ္ဌ ဆရာတော်ကြီးတို့၏ ထေရုပ္ပတ္တိအကျဉ်းနှင့် ရွှေကျင်ဂိုဏ်း သမိုင်းစာတမ်းများကို ရေးသားပြုစုခဲ့ပါသည်။

ဆရာတော်ဘုရားကြီးသည် ဂိုဏ်းလုံးဝန်ဆောင်နာယက၊ ရွှေကျင်နိကာယ အဖွဲ့၏ အကျိုးဆောင်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက်ရွှေကျင်သာသနာပိုင် အဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရကလည်း ဆရာတော်ဘုရားကြီးအား မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ဆရာတော်ဘုရားကြီးသည် သက်တော် (၈၄ နှစ်၊ သိက္ခာတော် ၆၄ ) ဝါ အရ ၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလဆန်း ၁၁ ရက်(၂၃-၆-၂၀၁၈) ရက် နံနက် ၀၃း၀၀ နာရီအချိန်ခန့်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပြီး အန္တိမအဂ္ဂိစျာပနပူဇာသဘင်အခမ်းအနားကို ၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလပြည့်ကျော် ၂ ရက် (၂၉-၆-၂၀၁၈) သောကြာနေ့ မွန်းတည့် ၁၂း၀၀ နာရီအချိန်တွင် အေးရိပ်ငြိမ်သုသာန်၌ ကျင်းပသွားမည်ဖြစ်ပါသည်။

**သာသနာရေးဦးစီးဌာန**
**နေပြည်တော်**

## ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်

နေပြည်တော် ဇွန် ၂၃

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# ဒုတိယဝန်ကြီး ဦးကျော်လင်း မြောင်းမြတံတား တည်ဆောက်ရေးစီမံကိန်းကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၂၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ဧရာဝတီ တိုင်းဒေသကြီး မြောင်းမြမြို့တွင် တံတားဦးစီးဌာန တည်ဆောက်ရေး (၁)မှ တာဝန်ယူတည်ဆောက်လျက်ရှိသော မြောင်းမြတံတား တည်ဆောက်ရေးစီမံကိန်းအား ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးအား စီမံကိန်းရှင်းလင်းဆောင်၌ တည်ဆောက်ရေး (၁) ညွှန်ကြားရေးမှူးက တံတားတည်ဆောက်နေမှုအခြေအနေ၊ ရေလယ်တိုင် ဘိုးပိုင်လုပ်ငန်းဆောင်ရွက်နေမှု၊ ချဉ်းကပ်တံတားတိုင်များ ပြီးစီးမှုအခြေအနေများကို Power Point ဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက တံတားလုပ်ငန်းများကို တစ်နှစ်အတွင်း အပြီးတည်ဆောက်ရမည်ဖြစ်၍ အချိန်အကန့်အသတ်ရှိသော်လည်း လုပ်ငန်းစံချိန်စံညွှန်းများကို အရည်အသွေးပြည့်မီ ကောင်းမွန်အောင်ဆောင်ရွက်ကြရန်၊ လုပ်ငန်းတစ်ဆင့်ချင်းအလိုက် မှတ်တမ်းများ စနစ်တကျထားရှိရန်နှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အထူးဂရုပြုဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါတံတားအမျိုးအစားမှာ အပေါ်ထည်ပင်မတံတား Steel Truss ၊ ချဉ်းကပ်တံတားမှာ P.C Composite Girder၊ အောက်ထည်သံကူကွန်ကရစ်တိုင်၊ အုတ်မြစ် RC Bored Pile နှင့် Spun Pile Foundation Type အမျိုးအစားဖြစ်ပြီး တံတားအရှည်မှာ ၈၃၀ မီတာနှင့် တံတားအကျယ်မှာ ၁၀ ဒသမ ၅ မီတာရှိ၍ တံတား၏ ခွင့်ပြုအလေးချိန်မှာ ၂၅ တန်ဖြစ်သည်။ တံတားလုပ်ငန်းများအားလုံးကို ၂၀၁၉ ခုနှစ် မတ်လကုန်တွင် အပြီးတည်ဆောက်ရန် လျာထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ဒုတိယဝန်ကြီး ဦးကျော်လင်း ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် တံတားဦးစီးဌာန တည်ဆောက်ရေး (၁) မှ တာဝန်ယူတည်ဆောက်လျက်ရှိသော မြောင်းမြတံတား တည်ဆောက်ရေးစီမံကိန်းအား ကြည့်ရှုစစ်ဆေးစဉ်။



# အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံတက္ကသိုလ်အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ၂၁၅ ခု ချီးမြှင့်မည်

**ရန်ကုန် ဇွန် ၂၃**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၁၉) ကြိမ်မြောက် အာဆီယံတက္ကသိုလ် အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် စုစုပေါင်း ၂၁၅ ခု ချီးမြှင့်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ဒီဇင်ဘာ ၁၀ ရက်မှ ၁၉ ရက်အထိ နေပြည်တော်၌ ကျင်းပမည်ဖြစ်သည်။

၂၀၁၈ အာဆီယံတက္ကသိုလ် အားကစားပြိုင်ပွဲတွင် အားကစားနည်း ၁၇ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ဖွင့်ပွဲနှင့်ပိတ်ပွဲအခမ်းအနားကို နေပြည်တော်ရှိ MICC-2 ၌ ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ပြေးခုန်ပစ်၊ ရေကူး၊ ကရာတေး၊ ဝူရှူး၊ ဗိုဗီနမ်၊ မြားပစ်၊ လေ့လော့၊ ပိုက်ကျော်ခြင်း၊ ခြင်းလုံး၊ ကြက်တောင်၊ ပီတန်း၊ စားပွဲတင်တင်းနစ်၊ တင်းနစ်၊ စစ်တုရင်၊ ဂေါက်သီး၊ ဘတ်စကက်ဘော၊ ဘောလုံးနှင့် ဘော်လီဘောအားကစားနည်းများ ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ပြေးခုန်ပစ်နှင့် ရေကူးအားကစားနည်း၌ ရွှေတံဆိပ် ၃၈ ခုစီဖြင့် အများဆုံး ချီးမြှင့်မည်ဖြစ်သည်။ မြန်မာတက္ကသိုလ်အားကစားအဖွဲ့သည် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သောကြောင့် ပြိုင်ပွဲအမျိုးအစားအားလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အားကစားနည်းအားလုံး လေ့ကျင့်မှုစတင်ပြုလုပ်နေပြီဖြစ်သည်။ မြန်မာတက္ကသိုလ်အားကစားအဖွဲ့သည် ယင်းပြိုင်ပွဲတွင် အောင်မြင်မှုအစဉ်အလာ နည်းပါးပြီး အိမ်ရှင်အဖြစ် ကျင်းပမည့်ပြိုင်ပွဲတွင် အောင်မြင်မှုများစွာ ရယူနိုင်ရန် ပြင်ဆင်လျက်ရှိသည်။ ယင်းပြိုင်ပွဲတွင် မူလက အားကစားနည်း ၁၆ မျိုးမှ ရွှေတံဆိပ် ၂၀၇ ခုသာ ချီးမြှင့်ရန် စီစဉ်ထားသော်လည်း တင်းနစ်အားကစားနည်းကို ထပ်တိုးကာ ရွှေတံဆိပ်ရှစ်ခု ထပ်တိုးလာခြင်းဖြစ်သည်။

အားကစားနည်းအားလုံးကို နေပြည်တော်၌ ကျင်းပမည်ဖြစ်ပြီး ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ စစ်တုရင်၊ ဘောလုံး၊ ကရာတေး၊ ပိုက်ကျော်ခြင်း၊ ခြင်းလုံး၊ ရေကူး၊ စားပွဲတင်တင်းနစ်၊ ဘော်လီဘော၊ ဗိုဗီနမ်၊ မြားပစ်နှင့် ဝူရှူးအားကစားနည်းများကို ဝဏ္ဏသိဒ္ဓိ Sport Complex ၊ ဂေါက်သီးရိုက်ပြိုင်ပွဲကို မြို့တော်ဂေါက်ကွင်း၊ လေ့လော့ပြိုင်ပွဲကို ငလိုက်ဆည်၊ ပီတန်းပြိုင်ပွဲကို Gold Camp ၌ ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

လွိုင်လင်ခရိုင် ခိုလမ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ဇွန် ၂၃ ရက်က အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အကြိုပုံပြော၊ ပန်းချီ၊ ဆေးရောင်ခြယ်နှင့် စာစီစာကုံး ပြိုင်ပွဲများ ကျင်းပရာ ဆေးရောင်ခြယ်ပြိုင်ပွဲ၌ ကျောင်းသားကျောင်းသူလေးများ ပြိုင်ပွဲဝင်နေသည်ကို တွေ့ရစဉ်။

မြို့နယ် (ပြန်/ဆက်)



# စက်မှုလက်မှုသင်တန်းကျောင်း(ဘားအံ)က တိုင်းရင်းသားလူငယ် ၆၃၀ အား ပညာသင်ကြားပေးခဲ့

**ဘားအံ ဇွန် ၂၃**

ကရင်ပြည်နယ် ဘားအံမြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း(ဘားအံ)၌ ဖွင့်လှစ်ခဲ့သည့် ဆောက်လုပ်ရေး သင်တန်းအမှတ်စဉ်(၇)၊ လျှပ်စစ်သင်တန်း အမှတ်စဉ်(၇)၊ မော်တော်ယာဉ်/စက်ပြင်သင်တန်း အမှတ်စဉ်(၆)နှင့် ဂဟေသင်တန်းအမှတ်စဉ်(၅) သင်တန်းများ ဆင်းပွဲကို ဇွန် ၂၂ ရက်က အဆိုပါသင်တန်းကျောင်းတွင် ကျင်းပပြုလုပ်သည်။

သင်တန်းဆင်းပွဲတွင် ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်က အမှာစကားပြောကြားပြီး ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်မြင့်က သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းကာ သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းများတွင် ထူးချွန်သူများအား ပြည်နယ်ဝန်ကြီးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများ၊ သင်တန်းသားများအတွက် ထောက်ပံ့ငွေများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် Bridge Asia Japan(BAJ)တို့ ပူးပေါင်းပြီး ၂၀၁၃ မှ ၂၀၁၉ ခုနှစ်အထိအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်း အကုန်ကျခံကာ ခြောက်နှစ်တာစီမံကိန်းဖြင့် သင်တန်းများဖွင့်လှစ်ပေးလျက်ရှိရာ ယနေ့သင်တန်းဆင်းပွဲတွင် ဆောက်လုပ်ရေးသင်တန်းမှ သင်တန်းသား ၁၉ ဦး၊ လျှပ်စစ်သင်တန်းမှ သင်တန်းသား ၁၈ ဦး၊ မော်တော်ယာဉ်၊ စက်ပြင်သင်တန်းမှ သင်တန်းသား ၃၀ နှင့် ဂဟေသင်တန်းမှ သင်တန်းသား ၁၈ ဦး စုစု ပေါင်း ၈၅ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ၂၀၁၃ ခုနှစ်မှစ၍ လက်ရှိအချိန်အထိ တိုင်းရင်းသားလူငယ်ပေါင်း ၆၃၀ အား အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးပြီးဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# မိုင်းယုမြို့နယ်၌ ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပညာပေးဟောပြောပြီး ဆိုင်းကယ်စီးဦးထုပ်များပေးအပ်

**မူဆယ် ဇွန် ၂၃**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲနှင့် ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ပေးအပ်လှူဒါန်းပွဲကို ဇွန် ၂၂ ရက်က မိုင်းယု ၁၀၅ မိုင်ကျေးရွာ တိုင်းရင်းသားပေါင်းစုံဓမ္မာရုံ၌ ကျင်းပခဲ့သည်။ ဟောပြောပွဲသို့ မူဆယ်ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှူး ဦးအောင်နိုင်၊ မူဆယ် အမှတ် (၁၂၂)ယာဉ်ထိန်းတပ်စုမှူး ဒုရဲမှူးချစ်စိန်၊ မူဆယ်မြို့နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးမျိုးခိုင်နှင့် တာဝန်ရှိသူများ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ယာဉ်စည်းကမ်း လမ်းစည်းကမ်းအကြောင်း သိကောင်းစရာများကို ဟောပြောခဲ့သည်။ ဟောပြောပွဲအပြီးတွင် ခရိုင်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက မိုင်းယု ၁၀၅ မိုင် အထက(ခွဲ)သို့ ဆိုင်ကယ်စီးဦးထုပ် ၁၀ လုံးကို အခမဲ့ပေးအပ်ခဲ့သည်။

**သန့်ဇင် (မူဆယ်)**

# ပခုက္ကူစာပေဆုရ စာအုပ်ဖြန့်ချိရောင်းချ

**နေပြည်တော် ဇွန် ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၄ ခုနှစ်အတွက် ပခုက္ကူဦးအုန်းဖေ တည်ထောင်သော ပခုက္ကူစာပေဆု ကျမ်းစာပေတတိယဆု ရရှိသည့် မောင်မောင်ချစ်ဦး(မုံရွာ)၏ “သွေးချင်းတို့ရဲ့ အင်းတော်ကြီး”စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ကချင်ပြည်နယ် အင်းတော်ကြီးအင်း၏ သဘာဝအနေအထား ဖြစ်ပေါ်ခဲ့သော သမိုင်းအကြောင်းအရာ၊ ဒေသခံတိုင်း ရင်းသားတို့၏လူနေမှု ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် စီးပွားရေးလုပ်ငန်းဆောင်တာများကို ရေးသားဖော်ပြထားသည့်အပြင် အင်းတော်ကြီးအင်း သာယာလှပရေး၊ မတိမ်ကောရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် တိုက်တွန်းရေးသားထားသည့် စာအုပ်တစ်အုပ်ဖြစ်သည့်အတွက် စာဖတ်ပရိသတ်များဖတ်ရှုသင့်သည့် စာအုပ်တစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ကျပ် ၁၂၀၀ ဖြင့် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁- ၃၈၁၄၄၈ ၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၃၀၁၆၈ နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း ၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**မြန်မာ့အလင်း**




# မြန်မာစာ သတ်ပုံပြိုင်ပွဲ ကျင်းပ

**လောင်းလုံး ဇွန် ၂၃-** ကျောင်းသား ကျောင်းသူများ မြန်မာစာသဒ္ဒါမှန်ကန်စေရေး၊ မြန်မာစာ စာလုံးပေါင်းသတ်ပုံမှန်ကန်စေရေးအတွက် ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းအလိုက် ဖိတ်ခေါ်၍ ပြိုင်ပွဲများ ပြုလုပ်ပေးလျက်ရှိရာ ဇွန်လ ၂၃ ရက်နံနက် ၁၀ နာရီအချိန် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး Community Centre ခန်းမတွင် မြန်မာစာ သတ်ပုံပြိုင်ပွဲ ဖြေဆိုချိန် ၃၀ မိနစ်၊ အမှတ် ၃၀ သတ်မှတ်၍ ပြုလုပ်ကျင်းပသည်။

ပြိုင်ပွဲတွင် အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်း၊ အဋ္ဌမတန်း ကျောင်းသား ကျောင်းသူ ၂၅ ဦး ယှဉ်ပြိုင်ပါဝင်ကြပြီး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ကျောင်းသား ကျောင်းသူများအား မြို့နယ်ဦးစီးမှူး ဒေါ်မိုးဝါက ဆုများချီးမြှင့်ပေးပြီး ဆုမရရှိသော ပြိုင်ပွဲဝင်များကို ဗလာစာအုပ်များ လက်ဆောင်ပေးကြကြောင်း သိရသည်။

**စိုးထွန်း (ပြန်/ဆက်)**

**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

# နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

**အခန်း(၆)**

**တားမြစ်ချက်များ**

၁၈။ မည်သူမျှ နယ်နိမိတ်တိုင်းတာပိုင်းခြားကြပ်မတ်ရေးအရာရှိ၏ ပုဒ်မ ၈၊ ပုဒ်မခွဲ (က)နှင့် (ခ)ပါ တာဝန်များ ဆောင်ရွက်ခြင်းကို တားဆီးခြင်း၊ ခြိမ်းခြောက်ခြင်း၊ အနှောင့်အယှက်ပြုခြင်းတို့ကို မပြုရ။

၁၉။ မည်သူမျှ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးအရာရှိ၏ ပုဒ်မ ၉၊ ပုဒ်မခွဲ (ဂ)နှင့် (စ)ပါ တာဝန်များ ဆောင်ရွက်ခြင်းကို တားဆီးခြင်း၊ ခြိမ်းခြောက်ခြင်း၊ အနှောင့်အယှက်ပြုခြင်းတို့ကို မပြုရ။

၂၀။ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ပြီး နယ်နိမိတ်တစ်လျှောက် စိုက်ထူထားရှိပြီးဖြစ်သည့် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်တစ်ခုခုကို ခွင့်ပြုချက်မရှိဘဲ မည်သူမျှ ဖယ်ရှားခြင်း၊ ရွှေ့လျားခြင်း၊ ဖျက်ဆီးခြင်း၊ ပြောင်းလဲခြင်း၊ မှတ်သားထားရှိသည့် အမှတ်အသားတစ်ခုခုကို မထင်မရှားဖြစ်စေခြင်းတို့ကို မပြုရ။

**အခန်း(၇)**

**ပြစ်မှုနှင့်ပြစ်ဒဏ်များ**

၂၁။ မည်သူမဆိုပုဒ်မ ၁၈၊ ၁၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၂၂။ မည်သူမဆို ပုဒ်မ ၂၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

**အခန်း(၈)**

**အထွေထွေ**

၂၃။ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက ဆောင်ရွက်သည့် ကွင်းဖွဲ့တိုင်းတာခြင်းလုပ်ငန်းများနှင့် နေပြည်တော် သို့မဟုတ် ရန်ကုန်မြို့တော် သို့မဟုတ် မန္တလေးမြို့တော် စည်ပင်သာယာနယ်နိမိတ်များအတွင်း စည်ပင်သာယာရေးအဖွဲ့၏ ရန်ပုံငွေဖြင့် ဆောင်ရွက်ရသည့် မြေတိုင်းတာရေးလုပ်ငန်းများအတွက်-

(က) မြေတိုင်းတာခြင်းလုပ်ငန်းများဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်းခံရသည့် မြေတိုင်းအရာရှိများသည် ဤဥပဒေတွင် ဖော်ပြထားသည့် နယ်နိမိတ်တိုင်းတာပိုင်းခြားကြပ်မတ်ရေးအရာရှိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များအတိုင်း လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

(ခ) သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးသည် နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးအရာရှိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များအတိုင်း ဆောင်ရွက်ခွင့်ရှိသည်။

၂၄။ မြေတိုင်းတာထားရှိပြီးဖြစ်သည့် မြို့ရပ်ကွက်နှင့် ကျေးရွာများအတွင်းရှိ ပုဂ္ဂလိက သို့မဟုတ် အဖွဲ့အစည်းတစ်ခုချင်းတို့၏ မြေနယ်နိမိတ်များနှင့်စပ်လျဉ်း၍ တိုင်းတာပြင်ဆင်သတ်မှတ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ မြေစီမံခန့်ခွဲသည့်ဌာန သို့မဟုတ် အဖွဲ့အစည်းအကြီးအမှူး၏ ခွင့်ပြုချက် ရယူဆောင်ရွက်ရမည်။

၂၅။ ပုဒ်မ ၉ ၏ ပုဒ်မခွဲ (ခ)၊ (င)၊ (ဇ)နှင့် ပုဒ်မ ၁၀ ပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးအရာရှိနှင့် နယ်နိမိတ်တိုင်းတာပိုင်းခြားကြပ်မတ်ရေးအရာရှိတို့ကတင်ပြလျှင် ပြည်ထောင်စုနယ်မြေ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များက လုပ်ငန်းများစဉ်ဆက်မပြတ်စီမံဆောင်ရွက်ရန် သင့်လျော်သူတစ်ဦးကိုဖြစ်စေ၊ အဖွဲ့ကိုဖြစ်စေ တာဝန်ပေးအပ်နိုင်သည်။ ယင်းဆောင်ရွက်မှုကုန်ကျစရိတ်များကို နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ပေးရမည့် မြေရှင် သို့မဟုတ် မြေလက်ရှိ လုပ်ကိုင်နေသူ သို့မဟုတ် တာဝန်ရှိသူတို့က ကျခံစေရမည်။

၂၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထမ်းဆောင်ရမည့် အရပ်ရပ်ကြေးငွေများကို သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှ မြေခွန်တော်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

၂၇။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၂၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၂၉။ ၁၈၈၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတော် မြေနယ်သတ်အက်ဥပဒေ "The Boundaries Act (INDIA ACT V, 1880,Vol X)" ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

## မိတ္ထီလာခြေလျင်နှင့် တောင်တက်အဖွဲ့ ဖုန်ကန်ရာဇီရေခဲတောင်အပါအဝင် တောင်တက်ခရီးစဉ် ရှစ်ခုတက်ရောက်မည်

**မိတ္ထီလာ ဇွန် ၂၃**

မိတ္ထီလာ ခြေလျင်နှင့်တောင်တက်အဖွဲ့ဝင်များသည် ယခုနှစ်မိုးရာသီနှင့် ဆောင်းရာသီကာလအတွင်း ဖုန်ကန်ရာဇီရေခဲတောင်အပါအဝင် တောင်တက်ခရီးစဉ်ရှစ်ခုကို တက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"မိတ္ထီလာခြေလျင်နဲ့ တောင်တက်အဖွဲ့ဝင်တွေအနေနဲ့ ဒီနှစ်မိုးရာသီနဲ့ ဆောင်းရာသီမှာ အမြင့်ပေ ၁၁၉၂၀ ရှိတဲ့ ဖုန်ကန်ရာဇီရေခဲတောင်အပါအဝင် တောင်တက်ခရီးစဉ် ရှစ်ခု တက်ရောက်သွားမှာဖြစ်ပါတယ်၊ ဖုန်ကန်ရာဇီရေခဲတောင်ကိုတော့ ၂၀၁၉ ဖေဖော်ဝါရီလထဲ တက်ရောက်မှာဖြစ်ပြီး ရွှာငံမြို့နယ်ထဲက အရှေ့မြင်အနောက်မြင်တောင်ကိုတော့ ဇန်နဝါရီလထဲတက်ရောက်မှာ ဖြစ်ပါတယ်၊ ကျန်တဲ့တောင်တက်ခရီးစဉ်တွေအားလုံးကို ၂၀၁၈ ခုနှစ်ထဲမှာပဲ တက်ရောက်မှာဖြစ်ပါတယ်၊ မြစ်သားမြို့နယ်ထဲက ပြက္ခရွှေအရှေ့တောင်နဲ့ အနောက်တောင်ကို ဇွန် ၂၄ ရက်၊ ကလောမြို့နယ်ထဲက ဆင်တောင်ကို ဇူလိုင် ၁၅ ရက်၊ ကလောမြို့နယ်ထဲက မြင်းမထိတောင်ကို ဩဂုတ်လ ၁၈ ရက်၊ ပုပ္ပားတောင်ကို စက်တင်ဘာ ၂၂ ရက်နဲ့ ချင်းပြည်နယ်နတ်မတောင်ကိုတော့ နိုဝင်ဘာလထဲမှာ တက်ရောက်သွားမှာဖြစ်ပြီး ဒီဇင်ဘာလထဲတက်ရောက်မယ့် တောင်တက်ခရီးစဉ်တစ်ခုကိုတော့ ရွေးချယ်စဉ်းစားဆဲဖြစ်ပါတယ်" ဟု မိတ္ထီလာခြေလျင်နှင့်တောင်တက်အဖွဲ့မှ ဒေါက်တာမြတ်မင်းက ပြောသည်။

အဆိုပါတောင်တက်အဖွဲ့တွင် အဖွဲ့ဝင် ၁၃၀ ကျော်ရှိပြီး မိတ္ထီလာဒေသခံလူငယ်များ မူးယစ်ဆေးဝါးအန္တရာယ်မှ ကင်းဝေးစေရန်၊ တောင်တက်အားကစားနည်းလိုက်စားခြင်းဖြင့် ကျန်းမာကြံ့ခိုင်သည့် မျိုးဆက်သစ်လူငယ်များပေါ်ထွက်လာစေရန်၊ ကျန်းမာရေးကို အထောက်အကူပြုစေရန်နှင့် သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးတတ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားပြီး မျိုးဆက်သစ်လူငယ် တောင်တက်အားကစားသမားများကို မွေးထုတ်လေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**



---

## ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် JICA ပူးပေါင်း၍ စိုက်ပျိုးမွေးမြူရေးနှင့်ဆိုင်သော သုတေသနများ ဆောင်ရွက်

**နေပြည်တော် ဇွန် ၂၃**

ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်နှင့် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) တို့၏ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်၏ နှစ်ပတ်လည်သုတေသနစာတမ်းဖတ်ပွဲကို ယမန်နေ့က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပရာ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ခေတ္တ ပါမောက္ခချုပ် ဒေါက်တာနန်းဆိုင်ဟွမ် တက်ရောက်ခဲ့သည်။



အခမ်းအနားတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (သင်ကြား) ဒေါက်တာစိုးစိုးသိန်းက အမှာစကားပြောကြားပြီး သုတေသနအဖွဲ့ခေါင်းဆောင် ပါမောက္ခဒေါက်တာကျော်ကျော်ဝင်းက ဆောင်ရွက်လျက်ရှိသော သုတေသနများအကြောင်း ရှင်းလင်းတင်ပြခဲ့ပြီး သုတေသနစာတမ်း ၁၃ စောင် ဖတ်ကြားခဲ့ကြောင်း သိရသည်။

ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်နှင့် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဆရာ ဆရာမများနှင့် ဘွဲ့လွန်ကျောင်းသား ကျောင်းသူများသည် သုတေသနများ ဆောင်ရွက်လျက်ရှိရာ တောင်သူများ ပါဝင်သည့် ရာသီဥတုပြောင်းလဲမှုကို ခံနိုင်ရည်ရှိသည့် စပါးမျိုးများရွေးချယ်ခြင်းသုတေသန GIS နည်းပညာကို အသုံးချ၍ သီးနှံဖျက်ပိုးများ၊ ရောဂါများနှင့် မြေဆီလွှာအာဟာရဓာတ်များ ပျံ့နှံ့မှုကိုလေ့လာခြင်းသုတေသန၊ ရိတ်သိမ်းချိန်လွန်နည်းပညာနှင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှု ကွင်းဆက်စီမံခန့်ခွဲမှုနှင့် သက်ဆိုင်သော သုတေသနနှင့် မွေးမြူရေးနှင့်ဆိုင်သော သုတေသနများဖြင့် သုတေသန ၃၁ ခုကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သုတေသနရလဒ်များကို သင်ကြားရေး၊ နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူများ၏ လူမှုစီးပွားရေးဘဝများ မြှင့်တင်နိုင်ရေးတွင် အသုံးချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**

---

## ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် နောင်ချိုမြို့မရဲစခန်းနှင့် တရားရုံးသို့ ကြည့်ရှုစစ်ဆေး

**နောင်ချို ဇွန် ၂၃**

ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်နှင့် တာဝန်ရှိသူ များ ဇွန် ၂၁ ရက်က နောင်ချိုမြို့နယ် တရားရုံးသို့ ရောက်ရှိပြီး တရားရုံး ရုံးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် မြို့မရဲစခန်းဝင်းအတွင်းရှိ အမျိုးသားအချုပ်ခန်း၊ အမျိုးသမီးအချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး အချုပ်ခန်းရှိ တရားခံများအား၊ စားရေး၊ သောက်ရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေးကိစ္စ လိုအပ်သည်တို့ကို မေးမြန်းပြီး တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**စိုးဝင်း**

---

## ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ရေးနည်းစနစ်သင်တန်းဆင်း

**ရန်ကုန် ဇွန် ၂၃**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်က ဖွင့်လှစ်သည့် ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ရေးနည်းစနစ်၊ နည်းပြဒိုင်(မွမ်းမံ) သင်တန်းနှင့် Myanmar Fitness Dance ဆင်းပွဲကို ယမန်နေ့က ရန်ကုန်မြို့ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) သင်တန်းခန်းမ၌ ကျင်းခဲ့သည်။ ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဒေါ်ခင်လေးက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်သည်။ ဆက်လက်၍ ဒုတိယဥက္ကဋ္ဌများက သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များနှင့် Myanmar Fitness Dance ပြိုင်ပွဲတွင် ဆုရရှိသောအဖွဲ့အား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# နောက်တစ်ဆင့်တက်ဖို့ အနိုင်ကစားသွားမယ့် အင်္ဂလန်

**ဝင်းမြတ်**

**၂၄ ဇွန်လ ၂၀၁၈ ညနေ ၆း၃၀ (Stadion Nizhny Novgorod)**





ဇွန် ၂၄ ရက် (ယနေ့ည)မှာ ၂၀၁၈ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စု(ဆ) ဒုတိယပွဲစဉ်တစ်ပွဲဖြစ်တဲ့ အင်္ဂလန်နဲ့ ပနားမားတို့ရဲ့ပွဲကို ကျင်းပသွားမှာဖြစ်ပြီး ဘယ်လိုရလဒ်ထွက်ပေါ်လာမလဲဆိုတာ စောင့်ကြည့်ရမယ်။

**အင်္ဂလန်ရဲ့အခြေအနေ**

အဖွင့်ပွဲစဉ်မှာ တူနီးရှားကို အနိုင်ရယူနိုင်ခဲ့တဲ့ အင်္ဂလန်အနေနဲ့ ဒီပွဲစဉ်မှာ နိုင်ပွဲရခဲ့မယ်ဆိုရင် နောက်တစ်ဆင့်ကို တက်ရောက်နိုင်မှာ ဖြစ်တဲ့အတွက် အားစိုက်ကစားလာမှာပါ။ အင်္ဂလန်ဟာ အတွေ့အကြုံပိုင်း အားနည်းပေမယ့် ကစားအားကောင်းမွန်မှုရှိကာ ဟယ်ရီကိန်း ခြေစွမ်းပြသနေတာကြောင့်လည်း အဆုံးသတ်ပိုင်း ထက်မြက်နေတာကို တွေ့ရှိရပါတယ်။

**ပနားမားရဲ့အခြေအနေ**

အဖွင့်ပွဲစဉ်မှာ ဘယ်လ်ဂျီယံကို ဂိုးပြတ်အရေးနိမ့်ခဲ့ရတဲ့ ပနားမားကတော့ ဒီပွဲစဉ်မှာ နိုင်ပွဲရပါမှ နောက်တစ်ဆင့်ကို တက်ရောက်နိုင်ဖို့ မျှော်လင့်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ပနားမားတို့ အားစိုက်ကစားလာမှာ ဖြစ်ပေမယ့် ခြေစွမ်းပိုင်းအရတော့ အားနည်းနေတာကို တွေ့ရပါတယ်။ အထူးသဖြင့် ပနားမားရဲ့ ခံစစ်ဇုန်က ကျစ်လျစ်မှု မရှိပါဘူး။

**သုံးသပ်ချက်**

ပနားမားတို့ အဖွင့်ပွဲမှာရှုံးခဲ့လို့ ဒီပွဲမှာ နိုင်ပွဲရယူနိုင်ရေး တိုက်စစ်အားပြုကစားရမယ့် အခြေအနေဖြစ်နေသလို ခံစစ်ပိုင်းက ပိုမိုအားနည်းသွားနိုင်ပါတယ်။ ဒါကြောင့် အင်္ဂလန်ရဲ့တိုက်စစ်ကိုထိန်းချုပ်နိုင်ဖို့ ခက်ခဲနေကာ အင်္ဂလန်ကသာ နှစ်ဂိုးအသာနဲ့ နိုင်ပွဲရမယ်။

# အုပ်စုကို ကျော်ဖြတ်နိုင်ဖို့အတွက် အရေးပါတဲ့ဆုံတွေ့မှု

**၂၄ ဇွန်လ ၂၀၁၈ ည ၉း၃၀ (Ekaterinburg Arena)**





ဇွန် ၂၄ ရက် (ယနေ့ည)မှာ ၂၀၁၈ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စု(ဇ) ဒုတိယပွဲစဉ်တစ်ပွဲဖြစ်တဲ့ ဂျပန်နဲ့ ဆီနီဂေါတို့ရဲ့ပွဲကို ကျင်းပသွားမှာဖြစ်ပြီး ဘယ်အသင်း နောက်တစ်ဆင့်တက်နိုင်မလဲ စောင့်ကြည့်ရမယ်။

**ဂျပန်ရဲ့အခြေအနေ**

ဂျပန်ဟာ အဖွင့်ပွဲစဉ်မှာ ကိုလံဘီယာကိုအနိုင်ရခဲ့တာကြောင့် ဒီပွဲမှာသာ ထပ်မံအနိုင်ရခဲ့မယ်ဆိုရင် နောက်တစ်ဆင့်ကိုတက်ရောက်သွားနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဂျပန်တို့ အားစိုက်ကစားမှာဖြစ်ပေမယ့် ကိုလံဘီယာကို အနိုင်ရခဲ့တဲ့ပွဲမှာတောင် ဂျပန်ရဲ့ကစားပုံက ထင်သလောက်ကောင်းမွန်မှု မရှိခဲ့ဘဲ တစ်ယောက်အသာရခဲ့လို့သာ နိုင်ပွဲရသွားခဲ့တာ ဖြစ်ပါတယ်။

**ဆီနီဂေါရဲ့အခြေအနေ**

ဆီနီဂေါကလည်း အဖွင့်ပွဲမှာ နိုင်ပွဲရခဲ့တာကြောင့် ဒီပွဲအနိုင်ရတာနဲ့ အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်မှာဖြစ်တယ်။ ဒါကြောင့် ဆီနီဂေါတို့ အားစိုက်ကစားမှာဖြစ်ပြီး ပိုလန်ကို အနိုင်ရခဲ့တဲ့ပွဲမှာဆိုရင်လည်း ဆီနီဂေါခြေက ကောင်းမွန်ခဲ့တယ်။ အသင်းလိုက်ဟန်ချက်မီသလို အသင်းလိုက်ကစားပုံလည်း မာကျောကာ လျင်မြန်မှုရှိတာကို တွေ့ရပါတယ်။

**သုံးသပ်ချက်**

အနိုင်ရတဲ့အသင်း နောက်တစ်ဆင့်တက်မှာဖြစ်ကာ နောက်ဆုံးပွဲတွေက ဒီပွဲထက်ပိုမိုခက်ခဲတာကြောင့် နှစ်သင်းစလုံး အားစိုက်ကစားကြပါလိမ့်မယ်။ နှစ်သင်းစလုံး အသင်းလိုက်ကစား အားမဆိုးပေမယ့် ပိုမိုမာကျောတဲ့ ဆီနီဂေါ နိုင်ပွဲကပ်ရနိုင်တယ်။

# မျှော်လင့်ချက်အတွက် အမှားမခံတဲ့ ပိုလန်နဲ့ကိုလံဘီယာ

**၂၅ ဇွန်လ ၂၀၁၈ နံနက် ၀၀း၃၀ (Kazan' Arena)**





ဇွန် ၂၅ ရက်မှာ ၂၀၁၈ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စု(ဇ) ဒုတိယပွဲစဉ်တစ်ပွဲဖြစ်တဲ့ ပိုလန်နဲ့ ကိုလံဘီယာတို့ပွဲကို ကျင်းပမှာ ဖြစ်ကာ ဘယ်အသင်း အနိုင်ရမလဲဆိုတာကို စောင့်ကြည့်ရမယ်။

**ပိုလန်ရဲ့အခြေအနေ**

ပိုလန်အနေနဲ့ အဖွင့်ပွဲစဉ်မှာ ရှုံးပွဲကြုံခဲ့တာကြောင့် ဒီပွဲကိုအနိုင်ရပါမှ နောက်တစ်ဆင့်ကို တက်ရောက်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ပိုလန်တို့ အားစိုက်ကစားလာမှာ ဖြစ်သလို တိုက်စစ်အားပြုကစားမှာလည်း ဖြစ်ကာ လီဝမ်ဝန်ဒေါ့ရဲ့ ခြေစွမ်းအရလည်း ပိုလန်ရဲ့ တိုက်စစ်ကစားပုံက ထက်မြက်မှုရှိလာနိုင်တာကို သတိပြုရမှာ ဖြစ်ပါတယ်။

**ကိုလံဘီယာရဲ့အခြေအနေ**

ကိုလံဘီယာအနေနဲ့လည်း အဖွင့်ပွဲမှာ အရေးနိမ့်ခဲ့တာကြောင့် ဒီပွဲမှာနိုင်ပွဲရရှိပါမှ နောက်တစ်ဆင့်ကို တက်ရောက်နိုင်ဖို့ မျှော်လင့်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ကိုလံဘီယာ အားစိုက်လာမှာဖြစ်သလို ဂျပန်ကိုအရေးနိမ့်ခဲ့ရတာကလည်း တစ်ဦးအထုတ်ခံရလို့သာ ဖြစ်ကာ ခြေစွမ်းအရ မညံ့ခဲ့တာကို သတိပြုရမယ်။

**သုံးသပ်ချက်**

နိုင်ပွဲအတွက် နှစ်သင်းစလုံး အားစိုက်ကစားကြမှာ ဖြစ်ပါတယ်။ ပိုလန်မှာ လီဝမ်ဝန်ဒေါ့စကီးလို တိုက်စစ်မှူးကောင်းရှိနေပေမယ့် အသင်းလိုက် စွမ်းဆောင်ရည်မှာတော့ ကိုလံဘီယာက ပိုမိုကောင်းမွန်မှု ရှိနေပါတယ်။ ကိုလံဘီယာ ကပ်နိုင်ခြေရှိတယ်။

## ကမ္ဘာ့ဖလား အုပ်စုဒုတိယပွဲစဉ် ဘယ်လ်ဂျီယံက တူနီးရှားကို ဂိုးပြတ်နိုင် မက္ကဆီကိုက တောင်ကိုရီးယားကို အနိုင်ရရှိ

ကမ္ဘာ့ဖလား ၃၂ သင်းအဆင့် အုပ်စုဒုတိယပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဇွန် ၂၃ ရက် ညနေပိုင်း၌ အုပ်စု(ဆ)မှ ဘယ်လ်ဂျီယံနှင့် တူနီးရှားပွဲတွင် ငါးဂိုး-နှစ်ဂိုးဖြင့် ဘယ်လ်ဂျီယံအသင်း ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ယနေ့ပွဲတွင် ပွဲစပြီးခြောက်မိနစ်တွင် ဘယ်လ်ဂျီယံအသင်း ပယ်နယ်တီ ကန်ခွင့်ရခဲ့ပြီး ဟာဇာက်သွင်းယူခဲ့ရာ အဖွင့်ဂိုးရရှိခဲ့သည်။ ပွဲချိန် ၁၆ မိနစ်တွင် မာတန်စ်၏ ဖန်တီးမှုမှတစ်ဆင့် လူကာကူက ဘယ်လ်ဂျီယံအတွက် ဒုတိယဂိုးသွင်းယူခဲ့ပြီး **(အောက်ပုံ)** ပွဲချိန် ၁၈မိနစ်တွင် ဒိုင်လန်ဘရွန်းက တူနီးရှားအတွက် ချေပဂိုးတစ်ဂိုး ပြန်လည်သွင်းယူပေးခဲ့သည်။ ပထမပိုင်းပြီးခါနီး ပွဲချိန် ၄၅ မိနစ်တွင် လူကာကူက ဘယ်လ်ဂျီယံအတွက် တတိယဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်း ၅၁ မိနစ်တွင် ဟာဇတ်က စတုတ္ထမြောက်ဂိုးအဖြစ် ဘယ်လ်ဂျီယံအတွက် သွင်းယူခဲ့ပြီး ပွဲပြီးခါနီး မိနစ် ၉၀ တွင် ဟာဇာက်နေရာတွင် လူစားဝင်လာသော ဘတ်ရှူအာရီက ဘယ်လ်ဂျီယံအတွက် ပဉ္စမမြောက်ဂိုးသွင်းယူခဲ့သည်။ တူနီးရှားအတွက် ဒုတိယချေပဂိုးကို မိနစ် ၉၀ ပြည့်ပြီး နာကျင်အချိန်ပိုတွင် ခါဇရီကသွင်းယူပေးခဲ့သည်။ အုပ်စု(ဆ)မှ နှစ်ပွဲယှဉ်ပြိုင်အပြီး ဘယ်လ်ဂျီယံက ခြောက်မှတ်ဖြင့် နောက်တစ်ဆင့်သို့ တက်ရောက်ရန် သေချာသွားပြီး တူနီးရှားမှာ အမှတ်မရသေးပေ။

အုပ်စု(စ)မှ ပွဲစဉ်တစ်ပွဲဖြစ်သည့် တောင်ကိုရီးယားနှင့် မက္ကဆီကို အသင်းတို့ ဇွန် ၂၃ ရက် ညပိုင်းတွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ မက္ကဆီကိုအသင်း နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပထမပိုင်း ပွဲချိန် ၂၆ မိနစ်တွင် မက္ကဆီကိုအသင်း ပယ်နယ်တီကန်ခွင့်ရကာ တိုက်စစ်မှူး ကားလို့စ်ဗီလာက သွင်းယူပေးခဲ့သည်။ ဒုတိယပိုင်း ၆၆ မိနစ်တွင် လိုဇာနို၏ဖန်တီးမှုမှတစ်ဆင့် ဟာနန်ဒက်ဇ်က မက္ကဆီကိုအတွက် ဒုတိယဂိုးသွင်းယူခဲ့သည်။ မိနစ် ၉၀ ပြည့်ပြီး နာကျင်အချိန်ပိုတွင် ဆွန်ဟောင်မင်က ၁၈ ကိုက်အစပ်မှ တောင်ကိုရီးယားအတွက် ချေပဂိုးသွင်းယူပေးခဲ့သည်။ မက္ကဆီကိုမှာ နှစ်ပွဲယှဉ်ပြိုင်အပြီး ရမှတ်ခြောက်မှတ်ရရှိထားပြီး ၁၆ သင်း ရှုံး၊ ထွက်အဆင့်သို့ တက်ရောက်ရန် သေချာသွားပြီဖြစ်သည်။

ဇွန် ၂၃ ရက် နံနက်ပိုင်းတွင် အုပ်စု (င)မှ ပွဲစဉ် တစ်ပွဲဖြစ်သည့် ဆားဘီးယားနှင့် ဆွစ်ဇာလန်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ဆွစ်ဇာလန်အသင်း နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အုပ်စု(င)၌ ပွဲစဉ် နှစ်ပွဲယှဉ်ပြိုင်အပြီးတွင် ဘရာဇီးနှင့် ဆွစ်ဇာလန်အသင်းတို့မှ ရမှတ်လေးမှတ်စီ ရရှိထားပြီး ဆားဘီးယားအသင်းက သုံးမှတ်နှင့် ကော်စတာရီကာက အမှတ်မရရှိသေးပေ။

**သီဟ**



## ဖိတ်ခေါ်ဖူဆယ်ပြိုင်ပွဲတွင် MIC အသင်း ဗိုလ်စွဲ

**ရန်ကုန် ဇွန် ၂၃**

၂၀၁၈ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲယှဉ်ပြိုင်မည့် MIC အသင်းအတွက် ရည်ရွယ်ကျင်းပသည့် Imperial Cup 2018 ဖိတ်ခေါ်ဖူဆယ်ပြိုင်ပွဲဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲကို ယနေ့နံနက်ပိုင်းက အား/ကာသိပ္ပံ (ရန်ကုန်)၌ ကျင်းပရာ MIC အသင်း ဗိုလ်စွဲခဲ့သည်။

တတိယနေရာလုပွဲတွင် GV Athletic အသင်းက Titans XII အသင်းကို ၁၁ ဂိုး-နှစ်ဂိုး၊ ဗိုလ်လုပွဲတွင် MIC အသင်းက VUC အသင်းကို ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရခဲ့သည်။ တတိယလုပွဲတွင် GV Athletic အသင်းသည် ခြေအသာဖြင့် ကစားကာ ဂိုးပြတ်အနိုင်ရခဲ့ပြီး အုပ်စုပွဲတွင် တွေ့ဆုံစဉ်ကအတိုင်း ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ MIC အသင်းနှင့် VUC အသင်းတို့၏ ဗိုလ်လုပွဲမှာမူ အကြိတ်အနယ်ရှိခဲ့ပြီး အပြန်အလှန်သွင်းဂိုးများဖြင့် MIC အသင်းက ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ သာမန်ပွဲကစားချိန်တွင် သုံးဂိုးစီသရေကျနေ၍ အချိန်ပိုဆက်လက်ယှဉ်ပြိုင်ခဲ့ရပြီး အချိန်ပိုတွင် MIC အသင်းက နှစ်ဂိုး၊ VUC အသင်းက တစ်ဂိုးသာ သွင်းယူနိုင်၍ MIC အသင်း အနိုင်ရခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲအပြီးတွင် MIC အသင်းက ပထမ၊ VUC အသင်းက ဒုတိယ၊ GV Athletic အသင်းက တတိယရရှိခဲ့သည်။ **ရဲရင့်ရှိုင်း**

❑ *ရှေ့ဖုံးမှ*

ငြိမ်းချမ်းရေးစက်ဘီးစီးပွဲတော်ကို မြို့မအားကစားကွင်းစုရပ်မှ မြို့တွင်းသတ်မှတ်လမ်းကြောင်းအတိုင်း စုစုပေါင်း ၁၈ မိုင်ခန့် စုပေါင်းစီးနင်းခဲ့ကြပြီး မြို့မအားကစားကွင်းတွင် ပန်းဝင်ခဲ့ကြသည်။

ငြိမ်းချမ်းရေး စက်ဘီးစီးပွဲတော်တွင် စုပေါင်းစီးနင်းခဲ့ကြသော စက်ဘီးစီးဝါသနာရှင် လူကြီး လူငယ် အမျိုးသား အမျိုးသမီးများအား စက်ဘီးစီးပွဲ ကျင်းပရေးကော်မတီမှ စက်ဘီး ငါးစီး၊ စက်ဘီးစီးဦးထုပ်နှင့် စက်ဘီး ဆက်စပ်ပစ္စည်းများကို ကံစမ်းမဲဖောက်ပေးခဲ့ပြီး တိုင်းဒေသကြီးပစ်ခတ်တိုက်ခိုက်မှု ပူးတွဲစောင့်ကြည့်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)နှင့်အဖွဲ့ဝင်များက ကံစမ်းမဲပေါက်သူများကို စက်ဘီးနှင့် ဆက်စပ်ပစ္စည်းများကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ငြိမ်းချမ်းရေး စက်ဘီးစီးပွဲတော်ကို တနင်္သာရီတိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှု ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S)မှ ကြီးမှူး၍ မြိတ်ခရိုင် အားကစားနှင့် ကာယပညာကော်မတီနှင့် မြိတ်အပျော်တမ်း စက်ဘီးအသင်း(MABC)တို့ ပူးပေါင်း၍ ကျင်းပခဲ့ခြင်းဖြစ်သည်။

**ခိုင်ထူး (မြိတ်)**

❍ *ကျောဖုံးမှ*

လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး သီဟစည်သူ၊ ဝင်းမင်းထွဋ်၊ ခရစ္စတိုဖာ၊ ဒေးဗစ်ဒန်း၊ ရန်နိုင်ဦးတို့ဖြင့် လူစုံခဲ့သည်။ ရန်ကုန်အသင်းမှာလည်း နိုင်ငံခြားသားသုံးဦးအပါအဝင် လူစုံထုတ်ခဲ့ပြီး ဒဏ်ရာပြဿနာရှိနေသည့် မောင်မောင်လွင်လည်း ပါဝင်ခဲ့သည်။ ပွဲအစတွင် နှစ်သင်းစလုံးတိုက်စစ်ဖွင့် ကစားသောကြောင့် ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းက ဂိုးသွင်းခွင့်ပိုရခဲ့သည်။ ပွဲအစပိုင်းတွင် ရှမ်းတိုက်စစ်မှူး ဒွေးကိုကိုချစ်၏ ဂိုးရနိုင်သည့် အခွင့်အရေး နှစ်ကြိမ်ကို ရန်ကုန်ဂိုးသမား ကျော်ဇင်ထက်ကာကွယ်နိုင်ခဲ့သည်။ ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းတွင် ရန်ကုန်အသင်းသည် သရေရလဒ်ကို ထိန်းကစားခဲ့ပြီး ရှမ်းယူနိုက်တက်တိုက်စစ်ကို ထိန်းချုပ်နိုင်ခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် ဇွဲကပင်အသင်းက ရတနာပုံအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရတနာပုံအသင်းသည် ၄၅ မိနစ်တွင် လှိုင်းဘိုဘိုသွင်းယူသည့်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း အနိုင်ရလဒ်ကို မထိန်းနိုင်၍ သုံးပွဲဆက်နိုင်ပွဲပျောက်ခဲ့သည်။ ဇွဲကပင်အတွက် ဂိုးများကို သန်းထက်အောင်က ၆၀၊ ၇၃ မိနစ်တွင် သွင်းယူသည်။ ပုသိမ်ကွင်း၌ ကျင်းပသောပွဲတွင် ရောဝတီက မကွေးကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရောဝတီအတွက် အယ်လာပတ်ထရစ်က သုံးဂိုး၊ ရန်ပိုင်စိုးက တစ်ဂိုးသွင်းယူပြီး မကွေးအတွက်ချေပဂိုးကို နန္ဒကျော်က သွင်းယူခဲ့သည်။

ဒုတိယနေ့ကို ဇွန် ၂၄ ရက် **(ယနေ့)**တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ GFA နှင့် ရခိုင်၊ မော်လမြိုင်ကွင်း၌ Southern နှင့် ဟံသာဝတီ၊ မုံရွာကွင်း၌ စစ်ကိုင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**



အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် ဘိုးလင်းအားကစားပြိုင်ပွဲကို ဇွန် ၂၃ ရက်က ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် **Right Track Bowling Center** ၌ ကျင်းပရာ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရသူများအား မြန်မာနိုင်ငံဘိုးလင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမျိုးအောင်က ငွေသားဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်စဉ်။

တင်စိုး(မြန်မာ့အလင်း)

**အားကစားမြှင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# မိုးညှင်းနှင့် မောင်တောမြို့တို့၌ ငွေကျပ်သိန်းပေါင်း ၂၄၀၀ ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် တူမီးသေနတ်တစ်လက် ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၃**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန့်မွန်းကျေးရွာအနီး ဆင်ခေါင်းတောင်ခြေရှိ လယ်တဲအတွင်းမှ ငွေကျပ်သိန်း ၂၄၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးနှင့် တူမီးသေနတ်တစ်လက် သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန်၂၂ ရက် ညနေ ၄ နာရီက ကချင်ပြည်နယ် မှုခင်းနှိမ်နင်းရေးအကူဌာနစိတ်မှ ရဲအုပ်အောင်ဆန်းဝင်း ဦးဆောင်၍ မြစ်ကြီးနား မြို့မရဲစခန်းနှင့် လုံးတုံနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် နန့်မွန်းကျေးရွာအနီး ဆင်ခေါင်းတောင်ခြေရှိ ဦးပွားမောင်၏ လယ်တဲကို မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ ဦးပွားမောင်နှင့် ဇနီးဖြစ်သူ ဒေါ်ခင်ဌေးတို့ကို တွေ့ရပြီး ဦးပွားမောင်ကိုင်ဆောင်သည့် အရှည်လေးပေခန့်ရှိ တူမီးသေနတ်တစ်လက်၊ ဘိန်းဖြူအလေးချိန် ၁၀၁၅ ဂရမ် နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀၀ (စုစုပေါင်း တန်ဖိုးငွေကျပ်သိန်းပေါင်း ၂၄၀၀ ကျော်) ကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများမှာ နန့်မွန်းကျေးရွာ အနောက်ပိုင်းနေသူ ၎င်းတို့၏ သမီးဖြစ်သည့် ဒေါ်ချိုချိုဝင်း သုံးစွဲရန်နှင့် ရောင်းချရန် အပ်နှံထားသည့် ပစ္စည်းများဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ချက်အရ သွားရောက်ဖမ်းဆီးရာ ဒေါ်ချိုချိုဝင်းမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ၎င်းတို့သုံးဦးကို လုံးတုံနယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

အလားတူ ယင်းနေ့နံနက်က မေယု (၂)စစ်ဆင်ရေးအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မူးယစ်တပ်ဖွဲ့စု ၄၆ မောင်တောမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မောင်တောမြို့နယ် ရွှေဇားကျေးရွာအနီး နတ်မြစ်အတွင်း၌ ဝင်ရောက်လာသည့် လှေကို စစ်ဆေးရာ အဒူမိုနာ၊ မာမတ်အီလီယက်၊ နော်ရှုရော်ဘီနှင့် အာဂျီဇူလော့ခ်တို့နှင့် အတူ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ဝ၆၇**



ဒေါ်ခင်ဌေးနှင့် ဦးပွားမောင် တို့အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ၊ တူမီးသေနတ်တစ်လက်နှင့်အတူ တွေ့ရစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

၂၄ -၆-၂၀၁၈ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်း သာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - **ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ (၆၄)**
၈း၅၀ - **လူငယ်နှင့်မူးယစ်ဆေးဝါးကဏ္ဍ**(လူငယ်များက ပြောသောလူငယ်စကားများ) (အပိုင်း-၁)
၉း၄၀ - MRTV Travelogue
၁၀း၀၀ - Sunday Talk
၁၁း၃၀ - ကျန်းမာရေးမဂ္ဂဇင်း **လေဖြတ်ရောဂါအကြောင်း သိကောင်း စရာ** (အပိုင်း-၂)
၁၂း၄၅ - မြန်မာဂန္ထဝင်ရုပ်ရှင် **ကိုကို့ညီမ** (ကျော်ဟိန်း၊ တင်တင်ညို၊ တင်နီလာဝင်း)၊ (ဒါရိုက်တာ-ပန်းချီစိုးမိုး)

**ညပိုင်း**

၁၅း၄၅ - **Myanmar National League 2018 ဘောလုံး ပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (GFA Fc Vs Rakhine United Fc)**
၁၈း၄၀ - အနောက်ဘက်တံခါးသို့ ခရီးတစ်ခေါက်
၁၉း၁၅ - ဒီမိုကရေစီ စိတ်ထား (အပိုင်း -၂)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - လူငယ်နှင့်မူးယစ်ဆေးဝါးကဏ္ဍ (လူငယ်များက ပြောသော လူငယ်စကားများ) (အပိုင်း-၂)
- **In&Out** (Taiwan ခရီးစဉ်) (အပိုင်း-၅) (Lay Phyu နှင့်အဖွဲ့)
- ရာမယဏဇာတ်တော်ကြီး (ဒုတိယပိုင်း) (သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)
- မြူမှောင်ကင်းဖျော့ လင်းရောင်မည်

၁၂း၀၀- ၂၀၁၈ခုနှစ်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (Poland Vs Colombia)

## မူဆယ်၌ အချုပ်မှ ထွက်ပြေးသူများကို ပြန်လည်ဖမ်းဆီးစဉ် တစ်ဦးသေဆုံး

**မူဆယ် ဇွန် ၂၃**

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်မြို့မရဲစခန်း အချုပ်ဆောင်အမှတ်(၉)တွင် ဇွန် ၂၃ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်က အချုပ်သား ခုနစ်ဦး အချုပ်မှထွက်ပြေးသဖြင့် ပြန်လည်ဖမ်းဆီးစဉ် တစ်ဦးသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူဆယ်မြို့မရဲစခန်း အချုပ်ဆောင်အမှတ်(၉) တွင် ထမင်းကန်ထရိုက် ဦးကြည်လွင်က အချုပ်သားများအတွက် ထမင်းထုပ်များ သွင်းနေစဉ် ကင်းတာဝန်ကျ ဒုတပ်ကြပ် စောဝင်းခိုင်ထွေးနှင့် တပ်သားစည်သူသိန်းတို့ နှစ်ဦးအား အချုပ်ခန်းအတွင်းမှ အချုပ်သားထွန်းလင်းက ရေနွေးပူဖြင့် ပက်ကာ အချုပ်သားခုနစ်ဦး တံခါးဖွင့်၍ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်ကြောင့် တပ်သားစည်သူသိန်းတွင် ရေနွေးပူလောင်ဒဏ်ရာရကာ အဆိုပါ အချုပ်ခန်းအတွင်းရှိ အချုပ်သား ၁၉ ဦးအနက် ဟန်းသီ(ခ)ဆန်းထွန်းအောင်၊ အောင်ဆန်းဦး၊ အားဟုတ်၊ စိုင်းလှဝင်း၊ စိုင်းစံစု၊ ထွန်းလင်း၊ အိုက်ဟန်တို့ အချုပ်ခန်းတံခါးတွန်းဖွင့်၍ လှေကားမှ ပြေးဆင်းလာစဉ် ရှေ့ကင်းတာဝန်ကျ တပ်ကြပ်ကျော်စိုးဦးက အမ် ၂၂ သေနတ်ဖြင့် သုံးချက်ဟန့်တား ပစ်ခတ်ခဲ့ရသည်။

ယင်းဖြစ်စဉ်ကြောင့် နမ့်ခမ်းမြို့နေသူ စိုင်းလှဝင်း (၄၀ နှစ်) နှင့် နမ္မတူမြို့နေသူထွန်းလင်း (၂၉ နှစ်) တို့နှစ်ဦး ဒဏ်ရာရရှိခဲ့ပြီး၊ ကျန်အချုပ်သားများအား ပြန်လည်ထိန်းသိမ်းထားနိုင်ခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်ကြောင့် ဒဏ်ရာရရှိသော တပ်သားစည်သူသိန်းနှင့် အချုပ်သားနှစ်ဦးတို့ကို မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် မူဆယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူနေစဉ် အချုပ်သားစိုင်းလှဝင်းမှာ မွန်းလွဲ ၂ နာရီတွင် သေဆုံးသွားကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ရေပူစစ်ဆေးရေးအဖွဲ့ ယာဉ်စစ်ဆေးစဉ် ကျောက်စိမ်းဖြတ်စများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် တင်သွင်း၊ တင်ပို့သောကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေး စခန်းမှ တားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄ ဒသမ ၁ သန်းခန့်၊ မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းမှတားဆီးမှု နှစ်မှုခန့်မှန်း တန်ဖိုးငွေကျပ် ၁ ဒသမ ၉၅ သန်းခန့်၊ စုစုပေါင်းတားဆီးမှု ကိုးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆ ဒသမ ၀၅ သန်းခန့်ကို ဖမ်းဆီးရမိခဲ့သည်။

ထူးခြားသည့်ဖမ်းဆီးမှုအနေဖြင့် ဇွန် ၂၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် အေဒီဗင်ယာဉ်တစ်စီးအား မသင်္ကာဖွယ်တွေ့ရှိ၍စစ်ဆေးခဲ့ရာ ယာဉ်နောက်ထိုင်ခုံအောက်တွင် အံဝှက်ပြုလုပ်၍လည်းကောင်း၊ ယာဉ်၏ စပယ်ယာဘီးအတွင်း သိုဝှက်၍လည်းကောင်း၊ သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံးဖြတ်စဆိုက်စုံ ၃၈၂ ကီလိုဂရမ်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၂ ဒသမ ၁ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





## မင်းဘူး - အမ်းကားလမ်း၌ တရားမဝင် နွား၂၂ကောင် ဖမ်းဆီးရမိ

**ငဖဲ ဇွန် ၂၃**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် မင်းဘူး-အမ်းကားလမ်းပေါ်၌ ဇွန် ၂၂ရက် နံနက် ၂ နာရီခွဲက တရားဝင်ခွင့်ပြုမိန့်မပါဘဲ ၁၂ ဘီးယာဉ်ဖြင့် သယ်ဆောင် လာသည့် ခိုင်းနွား၂၂ကောင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မင်းဘူး-အမ်းကားလမ်း မိုင်အမှတ် ၃၃/၃ နှင့် ၃၃/၄ ကြားရှိ ဆယ်စုသစ်ဆီဆိုင်ရှေ့တွင် ဇွန် ၂၂ ရက် နံနက် ၂နာရီခွဲက မင်းဘူးခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့မှ ရဲအုပ် မျိုးဝင်းဇော်နှင့် တပ်ဖွဲ့ဝင်များ၊ ပဒါန်းရဲကင်းစခန်းမှူး ရဲအုပ် ကျော်ဇေယျနှင့်အဖွဲ့ စောင့်ဆိုင်းနေစဉ် မင်းဘူးမြို့နယ်ဘက်မှ မင်းဘူး-အမ်းကားလမ်းအတိုင်း မောင်းနှင်လာသော ဆိုင်ကယ်နှစ်စီးနှင့် ၁၂ ဘီးယာဉ် တစ်စီးတို့အား ရပ်တန့်စစ်ဆေးရှာဖွေရာ စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၇၆ သိန်းခန့်ရှိ ခိုင်းနွားအထီး ၂၂ ကောင်ကို သယ်ဆောင်လာသူ ခြောက်ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း ရဲအုပ်ကျော်ဇေယျထံမှ သိရသည်။

အဆိုပါ တရားမဝင် နွားများ သယ်ဆောင်ရာတွင် လိုက်ပါလာသူ ဦးမောင်လှဦး၊ ချမ်းအေးနှင့် နွားများ သယ်ဆောင်လာသည့် ယာဉ်မောင်း စိုးကိုကို၊ ယာဉ်နောက်လိုက်များဖြစ်သည့် ငွေသိန်း၊ ဇော်လင်းဦး၊ ခင်မောင်ထူးတို့ကို ငဖဲမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ဇေယျတု(မကွေး)**

## ရန်ကုန်-မန္တလေး လမ်းဟောင်း၌ ရပ်တန့်ထားသည့် ဆီဘောက်ဆာယာဉ်အား ကုန်တင်ယာဉ်မှ အရှိန်လွန်ဝင်တိုက်မိပြီး တစ်ဦးသေဆုံး

**ရေတာရှည် ဇွန် ၂၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့တောင်ဘက်အထွက် မြို့နယ်အားကစားကွင်းရှေ့ရန်ကုန်- မန္တလေး လမ်းဟောင်းတွင် ဇွန် ၂၃ ရက် နံနက် ၆ နာရီခွဲခန့်က ကားလမ်းဘေးတွင် ချရပ်ထားသော ဆီဘောက်ဆာယာဉ်အား လားရာတူနောက်မှ ၂၂ ဘီး ကုန်တင်ယာဉ်က အရှိန်လွန်တိုက်မိခဲ့ရာ ယာဉ်မောင်းနှင်သူသေဆုံးကာ ယာဉ်နောက်လိုက်တို့ ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ပွားရာသို့ ရေတာရှည်မြို့မရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ်ဇော်မြင့်ဦးစီးအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန် - မန္တလေး ကားလမ်းအတိုင်း တောင်မှ မြောက်သို့ အုန်းကျော်မြင့်(၃၁နှစ်) ညောင်ပင်သာကျေးရွာ



မိတ္ထီလာမြို့နေသူ မောင်းနှင်ပြီး ကိုကိုလင်းမောင်(၂၅နှစ်) ကလေးရွာ ကျောက်ဆည်မြို့နေသူနှင့်တစ်ရွာတည်းနေ ကိုကိုချစ် တို့ လိုက်ပါလာသော သကြားအိတ်များ တင်ဆောင်လာသည့် 4L/------ မစ်ဆူဘီရှီ ၂၂ ဘီး ကုန်တင်ယာဉ်မှ မိုင်တိုင် ၁၉၀/၁ နှင့် ၂ အကြား အရောက် လမ်းဘေးချရပ်ထားသော ၁၈ ဘီး ဆီဘောက်ဆာယာဉ်၏ နောက်ပိုင်းအား ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယာဉ်တိုက်မှုကြောင့် ယာဉ်၏ ဦးခေါင်းပိုင်းတစ်ခုလုံး ကြေမွသွားခဲ့ပြီး ယာဉ်မောင်း အုန်းကျော်မြင့်မှာ ရရှိသောဒဏ်ရာများဖြင့် နေရာတွင် သေဆုံးကာ ကိုကိုလင်းမောင် တွင် ဒဏ်ရာ(စိုးရိမ်ရ)နှင့် ကိုကိုချစ် တွင် (မစိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့ပြီး ယာဉ်ခေါင်းခန်းအတွင်း ညှပ်နေသည့်အတွက် ဝိုင်းဝန်းကူညီကာ ဆွဲထုတ်ခဲ့ရသည်။ ယင်းဖြစ်စဉ်အား ရေတာရှည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ကန်-မြောက် အစည်းအဝေးအောင်မြင်ခဲ့သော်လည်း မြောက်ကိုရီးယား နျူကလီးယားခြိမ်းခြောက်မှုများ ရှိနေဆဲဟု ထရန့်ပြော

**ဝါရှင်တန် ဇွန် ၂၃**

ယခုလအစောပိုင်းတွင် အမေရိကန်နှင့် မြောက်ကိုရီးယားတို့ ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးဆွေးနွေးမှု အထမြောက်အောင်မြင်ခဲ့သော်လည်း မြောက်ကိုရီးယား၏ နျူကလီးယားခြိမ်းခြောက်မှုအပေါ် အနည်းငယ် မတင်မကျဖြစ်နေသေးသဖြင့် အမေရိကန်နိုင်ငံက မြောက်ကိုရီးယားနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြောခဲ့သည်။

လွန်ခဲ့သော ရက်သတ္တပတ်က ဝါရှင်တန်သို့ အောင်မြင်စွာပြန်လည်ရောက်ရှိခဲ့ရာဝယ် အမေရိကန်သမ္မတဒေါ်နယ်ထရန့်အနေဖြင့် အစည်းအဝေးအောင်မြင်ကြောင်း ကြွားလုံးထုတ်နိုင်ခဲ့သလို နောက်ထပ်လည်း မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နျူကလီးယားခြိမ်းခြောက်မှု လုပ်ဆောင်တော့မည် မဟုတ်ကြောင်း ၎င်း၏တွစ်တာတွင် ဖော်ပြခဲ့သည်။

စင်ကာပူအစည်းအဝေးပြီး တစ်ရက်အကြာ ဒေါ်နယ်ထရန့်က ၎င်းအနေဖြင့် "ဒီညတော့ ကောင်းကောင်းအိပ်ရတော့မယ်"ဟု ပြောကြားခဲ့သည်။ သို့သော်လည်း ကွန်ဂရက်သို့ ပေးပို့သည့် သမ္မတ၏ ကြေညာချက်သည် မတူညီကွဲပြားမှုအနည်းငယ်ရှိကြောင်း သိရသည်။ အဆိုပါကြေညာချက်တွင် ယခင်သမ္မတ ဂျော့ဒဗလျူဘုရှ် လက်ထက်ကတည်းက မြောက်ကိုရီးယားနိုင်ငံအပေါ် ချမှတ်ခဲ့သည့် စီးပွားရေးပိတ်ဆို့မှုအပေါ် ယခုလက်ရှိ ထရန့်အစိုးရအနေဖြင့် မည်သည့်အတွက် ဆက်လက်ထားရှိနေသည်ဆိုသည်ကို ရှင်းပြထားကြောင်း သိရသည်။

ကိုရီးယားကျွန်းဆွယ် လက်နက်ကင်းစင်ရေးနှင့် မြောက်ကိုရီးယားအစိုးရ၏ မူဝါဒများသည် အမေရိကန်နိုင်ငံ၏ အမျိုးသားလုံခြုံရေး၊ နိုင်ငံခြားရေးမူဝါဒနှင့် စီးပွားရေးတို့ကို ခြိမ်းခြောက်လျက်ရှိကြောင်း အဆိုပါကွန်ဂရက်သို့ ပေးပို့သည့် ကြေညာချက်တွင် ဖော်ပြထားသည်။



ထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင်တို့၏တွေ့ဆုံမှုတွင် နှစ်နိုင်ငံအနေဖြင့် ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေး ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။ **အေအက်ဖ်ပီ**

# တောင်ကိုရီးယားနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုနှစ်ခု ထပ်မံရပ်ဆိုင်းသွားမည်ဟု ကန်ကာကွယ်ရေးဝန်ကြီးပြော

**ဝါရှင်တန် ဇွန် ၂၃**

အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျိမ်းမက်တစ်က တောင်ကိုရီးယားနှင့် နောက်ထပ် ပူးတွဲစစ်ရေးလေ့ကျင့်မှုနှစ်ခုကို မပြုလုပ်ဘဲ ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း ဇွန် ၂၃ ရက်က ပြောခဲ့သည်။

မက်တစ်သည် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မိုက်ပွန်ပီအိုနှင့် အိမ်ဖြူတော် အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဘော်လ်တန်တို့ကို ကာကွယ်ရေးဝန်ကြီးဌာနတွင် ဇွန် ၂၂ ရက်က တွေ့ဆုံခဲ့သည်။

၎င်းတို့သည် ဇွန် ၁၂ ရက် အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေး ဆက်လက်အထမြောက် အောင်မြင်စေရန် မည်သို့အကောင်အထည်ဖော်ထောက်ပံ့မှုများ လုပ်ဆောင်သွားမည်နည်းဆိုသည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

အစည်းအဝေးပြုလုပ်ပြီး နောက်ပိုင်းရက်များတွင် အမေရိကန်နှင့် တောင်ကိုရီးယားတို့သည် ကွန်ပျူတာသုံး သင်္ဘောန်တူစစ်ရေးလေ့ကျင့်မှု တစ်ခုဖြစ်သည့် Ulchi Freedom Guardian စစ်ရေးလေ့ကျင့်မှုကို ရပ်ဆိုင်းခဲ့ကြောင်း သိရသည်။

ကာကွယ်ရေးဝန်ကြီး မက်တစ်သည် ယခုအခါတွင် တောင်ကိုရီးယားနှင့် နောက်ထပ် ပူးတွဲစစ်ရေးလေ့ကျင့်မှု နှစ်ခုကိုလည်း မပြုလုပ်ဘဲ ရပ်ဆိုင်းသွားရန် ဆုံးဖြတ်ခဲ့ကြောင်း ပင်တဂွန်ပြောရေးဆိုခွင့်ရှိသူက ပြောခဲ့သည်။ အဆိုပါစစ်ရေးလေ့ကျင့်မှုကို ပုံမှန်အတိုင်းလေ့ကျင့်မည်ဆိုပါက နောက်ထပ်သုံးလအတွင်း လေ့ကျင့်မည်ဖြစ်ကြောင်း သိရသည်။

မြောက်ကိုရီးယားနှင့် သံတမန်ညှိနှိုင်းမှုများအရ ယခုလို တောင်ကိုရီးယားနှင့်ပြုလုပ်လေ့ရှိသည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ရပ်ဆိုင်းလိုက်ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာအရာရှိကပြောခဲ့သည်။




နောက်ထပ် ဆုံးဖြတ်ချက်များသည် မြောက်ကိုရီးယားက ၎င်း၏ ကံကြမ္မာကို မည်သို့မည်ပုံ လုပ်ဆောင်မလဲဆိုသည့်အပေါ် မူတည်ကြောင်း အဆိုပါအရာရှိက ပြောခဲ့သည်။

ကာကွယ်ရေးဝန်ကြီး မက်တစ်က မြောက်ကိုရီးယားနှင့် သံတမန်ညှိနှိုင်းဆောင်ရွက်မှုများ လုပ်ဆောင်ရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာနကို အားဖြည့်ကူညီသွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အကြမ်းဖက်သမားများနှင့် ရဲတပ်ဖွဲ့ဝင်တို့ တိုက်ပွဲဖြစ်ပွား

**အာဖဂန်နစ္စတန် ဇွန် ၂၃**

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်း ကွန်ဒုဇ်ပြည်နယ် ဒက်တ်အီအာချီခရိုင်တွင် ဇွန် ၂၃ ရက်က တိုက်ပွဲတစ်ခုဖြစ်ပွားခဲ့ကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး နာ့စ်ရူဒင်နာဇာရီဆာဒီက ပြောသည်။

ဒက်တ်အီအာချီခရိုင်အတွင်း ဆာလာဟူဒင်ရေီယာရှိ စစ်ဆေးရေးဂိတ်များကို တာလီဘန်စစ်သွေးကြွများက ဇွန် ၂၃ ရက်အစောပိုင်းတွင် ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက် ရဲတပ်ဖွဲ့ဝင်လေးဦးနှင့် အကြမ်းဖက်သမားခြောက်ဦးသေဆုံးခဲ့သည့် တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောခဲ့သည်။ အဆိုပါတိုက်ပွဲတွင် ရဲတပ်ဖွဲ့နှင့် အကြမ်းဖက် စစ်သွေးကြွများအကြား အပြန်အလှန် ပစ်ခတ်မှုများဖြစ်ပွားခဲ့ရာ စစ်သွေးကြွ ခြောက်ဦးနှင့် ရဲတပ်ဖွဲ့ဝင်လေးဦး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ တိုက်ပွဲဖြစ်ပွားခဲ့ပြီး လူများသေဆုံးခဲ့သည့် ယင်းဖြစ်စဉ်နှင့်ပတ်သက်ပြီး တာလီဘန် စစ်သွေးကြွများက မည်သည့်မှတ်ချက်မျှပေးခြင်း မရှိသေးကြောင်း သိရသည်။ **ဆင်ဟွာ**

# ရုရှား-ဂျပန်ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

**မော်စကို ဇွန် ၂၃**

ရုရှားနှင့် ဂျပန်နိုင်ငံတို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနားလည်မှုစာချွန်လွှာတစ်ခုကို ဇွန် ၂၃ ရက်က ရုရှားအရှေ့ဘက်ဖျား ဆာခါပြည်ထောင်စု (ယာကူတီယာ)တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း လွှတ်တော်အရာရှိတစ်ဦးက ပြောခဲ့သည်။

ယာကူတီယာတွင် ဂျပန်ဥပဒေပြုသူများနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်နှင့်ပတ်သက်ပြီး အတူတကွဆွေးနွေးခဲ့ကြောင်း ဖက်ဒရေးရှင်းကောင်စီနိုင်ငံခြားရေးရာကော်မတီဥက္ကဋ္ဌ ကွန်စတန်တင်ကိုဆာချက်ဗ်က လူမှုကွန်ရက်စာမျက်နှာဖြစ်သော ဖေ့ဘွတ်ခ်တွင် ပြောခဲ့သည်။ ဂျပန်ကိုယ်စားလှယ်အဖွဲ့ကို စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနဝန်ကြီး ဟီရိုရှိဆဲကိုက ဦးဆောင်ခဲ့ကြောင်း ကိုဆာချက်ဗ်က ပြောခဲ့သည်။ သို့သော်လည်း နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာရေးထိုးမှုနှင့်ပတ်သက်ပြီး အသေးစိတ်အချက်အလက်များကို ဖော်ပြပြောဆိုခြင်းမရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# အမေရိကန်က အီးယူ၏ကားတင်ပို့မှုများအပေါ် အခွန်တိုးမြှင့်ကောက်ခံ

**ဝါရှင်တန် ဇွန် ၂၃**

ဥရောပနှင့် အမေရိကန်တို့ ကုန်သွယ်ရေးစစ်ပွဲ ပြင်းထန်နေချိန်တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အီးယူ၏ကားတင်ပို့မှုအပေါ် အခွန် ၂၀ ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံသွားမည်ဟု ခြိမ်းခြောက်ပြောကြားလိုက်သည်။

ဥရောပ၏ စတီးနှင့်အခြားထုတ်ကုန်များအပေါ် အမေရိကန်က အခွန်တိုးမြှင့်ကောက်ခံခြင်းကို ဥရောပက လက်တုံ့ပြန်ပြီးနောက် ယခုကဲ့သို့ အမေရိကန်ကတစ်ဖန်ပြန်လည် လက်တုံ့ပြန်သည့်သဘောဖြင့် အီးယူ၏ ကားတင်ပို့မှုအပေါ် အခွန်များ စည်းကြပ်ကောက်ခံလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

အခွန်စည်းကြပ်ကောက်ခံမှုများကို လွယ်လင့်တကူဖယ်ရှားပေးမည် မဟုတ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က လူမှုကွန်ရက်စာမျက်နှာဖြစ်သော တွစ်တာတွင် ဇွန် ၂၂ ရက်က ရေးသားဖော်ပြခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အစိုးရက အီးယူ၏ ကားနှင့်အခြားတင်ပို့ကုန်များသည် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်ခြင်းရှိ မရှိ ဆက်လက်စုံစမ်းစစ်ဆေးနေကြောင်းလည်း သိရသည်။ **အင်န်အိတ်ချ်ကေ**



## နိုင်ငံတကာ သတင်းတိုထွာ

### တောင်-မြောက် ကွဲကွာနေသည့်မိသားစုများ ပြန်လည်ဆုံတွေ့မည်

**ဆိုးလ် ဇွန် ၂၃**

တောင်ကိုရီးယားနှင့် မြောက်ကိုရီးယား နှစ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့များသည် နှစ်နိုင်ငံကွဲကွာနေသည့် မိသားစုများ ပြန်လည်တွေ့ဆုံပွဲကို ဩဂုတ် ၂၀ ရက်မှ ၂၆ ရက်အထိ ကမ်ဂန်းတောင် အပန်းဖြေစခန်းတွင် ပြုလုပ်ရန် သဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ နှစ်နိုင်ငံမှ တစ်နိုင်ငံလျှင် ကွဲကွာနေသည့် မိသားစုဝင် ၁၀၀ ခန့်ကို တွေ့ဆုံပွဲတွင် ပါဝင်ရန် စီစဉ်သွားမည်ဖြစ်ကြောင်း နှစ်နိုင်ငံ ပူးတွဲထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

ဇူလိုင် ၃ ရက်မှ ၂၅ ရက်အတွင်း ကွဲကွာနေသည့် မိသားစုများနှင့် သက်ဆိုင်သည့် အချက်အလက်များကို ဖလှယ်သွားမည်ဖြစ်ကြောင်း၊ ဩဂုတ် ၄ ရက်တွင် ကွဲကွာနေသည့် မိသားစုများအား နောက်ဆုံးအတည်ပြုချက် ဖလှယ်သွားမည်ဖြစ်ပြီး တွေ့ဆုံပွဲတက်ရောက်မည့် အမည်စာရင်းကိုလည်း ဖလှယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုတွေ့ဆုံမည့် အစီအစဉ်သည် နှစ်နိုင်ငံအနေဖြင့် ၂၀၁၅ခုနှစ် အောက်တိုဘာလနောက်ပိုင်း နှစ်နှစ်အကြာတွင် ထပ်မံပြုလုပ်သည့် ကွဲကွာနေသည့် မိသားစုများ ပြန်လည်တွေ့ဆုံပွဲ ဖြစ်သည်။ နှစ်နိုင်ငံ ကိုယ်စားလှယ်များအနေဖြင့် ၂၀၀၀ ပြည့်နှစ် ဩဂုတ်လမှ ၂၀၁၅ ခုနှစ် အောက်တိုဘာလအထိ အလားတူ တွေ့ဆုံပွဲပေါင်း အကြိမ် ၂၀ ခန့် ပြုလုပ်ပေးခဲ့ကာ မိသားစုများအား ပြန်လည်တွေ့ဆုံစေခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

### ရုရှားနိုင်ငံတွင် ဓာတ်ငွေ့အိုးပေါက်ကွဲရာ တစ်ဦးသေဆုံး

**မော်စကို ဇွန် ၂၃**

ရုရှားနိုင်ငံ တာကာစတန် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ အဆောက်အအုံတစ်လုံးတွင် ဓာတ်ငွေ့အိုးပေါက်ကွဲခဲ့ရာ တစ်ဦးသေဆုံးပြီး အခြား ကိုးဦး ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း ပြည်တွင်းသတင်းတစ်ခုတွင် ဖော်ပြခဲ့သည်။

ဓာတ်ငွေ့အိုး ပေါက်ကွဲမှုကြောင့် လူ၁၀ဦးထိခိုက်ဒဏ်ရာရရှိခဲ့ပြီး တစ်ဦးမှာ ဆေးရုံတွင်သေဆုံးခဲ့ကြောင်းနှင့် ကလေးတစ်ဦးအပါအဝင် နှစ်ဦးမှာ အခြေအနေစိုးရိမ်ရကြောင်း ဒေသဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောခဲ့သည်။

ဓာတ်ငွေ့အိုးပေါက်ကွဲမှုသည် ဒေသစံတော်ချိန် ၅ နာရီ ၁၅ မိနစ်တွင် Zainsk မြို့ရှိ ငါးထပ်တိုက်အဆောက်အအုံ၏ ငါးလွှာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပေါက်ကွဲမှုကြောင့် အခန်းမှာ ပျက်စီးသွားပြီး အဆောက်အအုံအတွင်းရှိ လူများကိုလည်း ကယ်ထုတ်ပေးခဲ့ကြောင်း တက်စ်သတင်းတွင် ဖော်ပြခဲ့သည်။

ပေါက်ကွဲမှု ဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# သောင်မတင်ရေမကျဖြစ်နေတဲ့ မိသားစုခွဲထားရေးနဲ့ ဒုက္ခသည်အရေး

❖ တင်လင်းအောင် ❖

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ရဲ့ လူဝင်မှုကြီးကြပ်ရေး အခြေအနေ ဖရိုဖရဲဖြစ်နေချိန်မှာ မိသားစုခွဲထားတဲ့ အရေးမှာလည်း သောင်မတင်ရေမကျ အခြေအနေနဲ့ ကြုံတွေ့နေရပါတယ်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က မိဘနဲ့ ကလေးများအား ခွဲထားမှုတွေ ပြုလုပ်နေတာကို ရပ်တန့်ဖို့ အမိန့်ကြေညာ စာတမ်းတစ်ခုကို လက်မှတ်ရေးထိုးပြီး နှစ်ရက်အကြာမှာ မက္ကဆီကိုနဲ့ ထိစပ်နေတဲ့ အမေရိကန်နယ်စပ်မှာ မိသားစုနဲ့ ခွဲထားခံရတဲ့ ကလေးငယ်ပေါင်း ၂၃၀၀ရဲ့ကံကြမ္မာနဲ့ပတ်သက်ပြီး အခုချိန်အထိ သောင်မတင်ရေမကျ အခြေအနေနဲ့ ကြုံတွေ့နေရတယ်လို့ သိရပါတယ်။




**မိဘနဲ့ကလေးတွေခွဲထားမှုကို အဆုံးသတ်ရန် လက်မှတ်ရေးထိုး**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က မိသားစုများခွဲထားတဲ့အရေးနဲ့ပတ်သက်ပြီး ကမ္ဘာလုံးဆိုင်ရာ မကျေနပ်ချက်တွေကို လက်ခံစဉ်းစားပြီးတဲ့နောက်မှာ အခုလို မိဘနဲ့ ကလေးများ ခွဲထားမှုပြုလုပ်နေတဲ့အရေးကို ရပ်တန့်ဖို့ လက်မှတ်ရေးထိုးခဲ့တာပဲဖြစ်ပါတယ်။ သို့သော်လည်း ကလေးတွေကို သူတို့ရဲ့မိဘတွေနဲ့ ခွဲထားပြီး ယာယီနားခိုရာ ရွက်ဖျင်တဲအိမ်တွေဆီ သို့ပို့ထားပြီးတဲ့အခြေအနေမှာ တစ်ဖက်ကလည်း သူတို့ရဲ့မိဘတွေဟာ လူဝင်မှုကြီးကြပ်ရေး ချိုးဖောက်မှုတွေနဲ့ စွပ်စွဲခံနေရပါတယ်။ အဲလိုအခြေအနေတွေကို ဘယ်လိုကိုင်တွယ်ဖြေရှင်းမလဲ ဆိုတာနဲ့ပတ်သက်ပြီး အခုချိန်ထိ ရှင်းရှင်းလင်းလင်း မသိရသေးပါဘူး။

> **"နယ်စပ်ကို တောင့်တင်းအောင် ဆောင်ရွက်သွားကြဖို့ လိုပါတယ်၊ ကျွန်တော်တို့နိုင်ငံကို တရားမဝင် ဒုက္ခသည် အရေးကြောင့် ကမောက်ကမ ဖြစ်သွားမယ့် အခြေအနေကို ကျွန်တော့်အနေနဲ့ ခွင့်မပြုနိုင်ပါဘူး"**

**zero tolerance မူဝါဒကိုတော့ ဆက်လက်ကျင့်သုံးသွားမယ်**

လူဝင်မှုကြီးကြပ်ရေးနဲ့ ပတ်သက်ပြီး အခြေအနေတွေပြောင်းလဲဖို့ ဖိအားပေးခံနေရတဲ့ အခြေအနေမှာ အမေရိကန်သမ္မတဒေါ်နယ်ထရန့်ဟာ အဆိုပါအခြေအနေတွေကို ပြန်လည်ခုခံတွန်းလှန်မှုတွေ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ထရန့်ဟာ မိဘနဲ့ကလေးတွေခွဲထားမှုမပြုလုပ်ဖို့ လက်မှတ်ရေးထိုးခဲ့ပေမယ့်လည်း သူ့အနေနဲ့ တရားမဝင် ရွှေ့ပြောင်းနေထိုင်သူတွေကို လုံးဝ သည်းခံသွားမှာ မဟုတ်ဘူးဆိုတဲ့ zero tolerance မူဝါဒကိုတော့ ဆက်လက် ကျင့်သုံးသွားမှာဖြစ်တယ်လို့ ပြောခဲ့ပါတယ်။ zero tolerance မူဝါဒကို ဘာကြောင့် ကျင့်သုံးသွားမလဲဆိုတာနဲ့ ပတ်သက်ပြီး ထရန့်က အမေရိကအလယ်ပိုင်းက ဝင်ရောက်လာတဲ့ ဒုက္ခသည်တွေကို ဟန့်တားဖို့အတွက်လို့ ဆိုပါတယ်။

"ကျွန်တော်တို့ဟာ တောင်ဘက်နယ်စပ်ကို တောင့်တင်းအောင်ဆောင်ရွက်သွားကြဖို့ လိုပါတယ်။ ကျွန်တော်တို့နိုင်ငံကို တရားမဝင် ဒုက္ခသည်အရေးကြောင့် ကမောက်ကမ ဖြစ်သွားမယ့်အခြေအနေကို ကျွန်တော့်အနေနဲ့ ခွင့်မပြုနိုင်ပါဘူး၊ ဒီအခြေအနေကို အသုံးချပြီး ဒုက္ခသည်တွေဟာ သနားစရာကောင်းတယ်လို့ ပြောပြောနေတဲ့ ဒီမိုကရက်တွေကိုလည်း ရွေးကောက်ပွဲမှာ သူတို့နိုင်ဖို့ မျှော်လင့်ချက်တွေလည်း မပေးနိုင်ပါဘူး"လို့ ထရန့်က ပြောခဲ့ပါတယ်။

**နိုင်ငံရေးလှည့်ကွက်တွေကစားနေတယ်**

ဒီမိုကရက်တွေကို ဒုက္ခသည်အရေးကိုအသုံးချပြီး နိုင်ငံရေးလှည့်ကွက်တွေကစားနေတယ်လို့ စွပ်စွဲလိုက်ပြီး လူဝင်မှုကြီးကြပ်ရေးတွေမှာ အချိန်မဖြုန်းဘဲ နောက်လာမယ့် ရွေးကောက်ပွဲကို အာရုံစိုက်ဖို့ ရီပတ်ဘလစ်ကန်တွေကို အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က တိုက်တွန်းခဲ့ပါတယ်။

ရီပတ်ဘလစ်ကန်တွေရဲ့တရားမဝင် လူဝင်မှုကြီးကြပ်ရေးကို ပြုပြင်ဖို့အဆိုတင်သွင်းတဲ့ ဥပဒေကြမ်းတစ်ခု မအောင်မြင်ဖြစ်ပြီး ဒုတိယအဆို ဆိုင်းငံ့ခံရတဲ့နောက်မှာ ထရန့်က အဲဒီလို မှတ်ချက်ပြုပြောကြားခဲ့တာ ဖြစ်ပါတယ်။

**တရားမဝင် ဝင်ရောက်လာသူ အရေအတွက် ကျဆင်းသွားခြင်းမရှိ**

အမေရိကန်အစိုးရဟာ တရားမဝင် ရွှေ့ပြောင်းနေထိုင်သူတွေ အရေးကို ဆက်တိုက် လုပ်ဆောင်ခဲ့ပေမယ့် တရားမဝင် ဝင်ရောက်လာသူ အရေအတွက်မှာ ကျဆင်းသွားခြင်းမရှိဘဲ ဆက်လက် တိုးတက်လျက်ရှိပါတယ်။ လွန်ခဲ့တဲ့ မေလက အမေရိကန်-မက္ကဆီကို နယ်စပ်မှာ ဖမ်းဆီးထိန်းသိမ်းထားတဲ့ တရားမဝင်ရွှေ့ပြောင်းနေထိုင်သူ အရေအတွက်ဟာ ၄၀၀၀၀ ကျော်ရှိကြောင်း အမေရိကန် အမိမြေလုံခြုံရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ကြေညာချက်အရ သိရပါတယ်။

၂၀၁၈ ခုနှစ် ဧပြီ ၁၉ ရက်မှ မေ ၃၁ ရက်အထိ အမေရိကန်နိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်ဖို့ ကြိုးစားခဲ့တဲ့ တရားမဝင် ရွှေ့ပြောင်းနေထိုင်သူတွေကို ဖမ်းဆီးထိန်းသိမ်းမှုတွေ လုပ်ဆောင်ခဲ့ရာ အဲဒီထဲမှာ အရွယ်မရောက်သေးတဲ့ ကလေးငယ်ပေါင်း ၁၉၉၅ ဦးကို ၎င်းတို့ရဲ့ မိဘတွေနဲ့ သီးသန့်ခွဲခြားထိန်းသိမ်းမှုတွေပြုလုပ်ခဲ့ရတယ်လို့ အမေရိကန်အမိမြေလုံခြုံရေးဝန်ကြီးဌာနရဲ့ယခုရက်ပိုင်း ထုတ်ပြန်ကြေညာချက်မှာ တွေ့ရပါတယ်။

မယ်လ်နီးယားထရန့်ဟာ ဒုက္ခသည်အရေး မကျေမနပ်ဖြစ်နေမှုတွေကို ဖြေရှင်းဖို့ နယ်စပ်ဒေသကိုဇွန် ၂၁ ရက်က သွားရောက်ခဲ့ပါတယ်။ မိဘတွေဟာ သူတို့ရဲ့ကလေးတွေကိုလည်း ပြန်လည်ရှာမတွေ့သေးသလို သူတို့ကို ပြန်လည်ဆုံစည်းအောင်လုပ်ဆောင်ဖို့ မည်သည့်စနစ်မှလည်း မရှိသေးတဲ့အချိန်မှာ အမေရိကန်အစိုးရဟာ အဲဒီအရေးကို ဖြေရှင်းဖို့ သောင်မတင်ရေမကျ အခြေအနေမှာပဲ ရှိသေးတာကို တွေ့ရပါတယ်။

မယ်လ်နီးယားထရန့်ဟာ သူမရဲ့ဌာနအနေနဲ့ နယ်စပ်ဒေသမှာရှိတဲ့ မိသားစုအရေးကိုင်တွယ်မှုတွေ လုပ်ဆောင်သွားမယ်လို့ ပြောကြားပြီး နှစ်ရက်အကြာ ဆန္ဒပြသူတွေဟာ အမေရိကန်အမိမြေလုံခြုံရေးဝန်ကြီးရဲ့ အိမ်ရှေ့မှာ ဇွန် ၂၂ ရက်က ဆန္ဒပြတာတွေပြုလုပ်ခဲ့ပါတယ်။

ဆန္ဒပြသူတွေဟာ "ကလေးသူခိုး" ဆိုတဲ့ လက်ကိုင်ဆိုင်းဘုတ်တွေကို ကိုင်ဆောင်ပြီး ဆန္ဒပြခဲ့ကြတာဖြစ်ပါတယ်။

**ပြန်လည်ပေါင်းစည်းရေး ဘယ်သောင်ဘယ်ကမ်းဆီ**

တချို့မိသားစု ပြန်လည်ပေါင်းစည်းခြင်းတွေကို ပြုလုပ်ပေးနေပေမယ့် အောက်တိုဘာလမှ ဧပြီလအထိ မိဘတွေနဲ့ခွဲထားတဲ့ ကလေးငယ်ပေါင်း ၇၀၀ခန့်နဲ့ တရားမဝင်နယ်စပ်ဖြတ်ကျော်မှုတွေကြောင့် ဖမ်းဆီးခံရတဲ့ ဒုက္ခသည် ၂၃၀၀ လည်း ပြန်လည်ပေါင်းစည်းရေးထဲမှာပါလား၊ မပါဘူးလားဆိုတာလည်း ရှင်းရှင်းလင်းလင်း မသိရသေးပါဘူး။

ဒါက တချို့တစ်ဝက်ရဲ့ အခြေအနေပဲရှိပါသေးတယ်။ တခြား တရားမဝင်နယ်စပ်ဖြတ်ကျော်သူတွေ၊ မိဘတွေနဲ့ ခွဲထားတဲ့ကလေးတွေရဲ့ အခြေအနေကတော့ ဘယ်သောင်ပြင် ဘယ်ကမ်းနားဆီမှာလဲ မသိနိုင်သေးပါဘူး။

အယ်လ်ဆာဗေဒိုက အမျိုးသမီးတစ်ဦးဆိုရင် နယ်စပ်မဖြတ်ကျော်ခင်၊ သူတို့မိသားစုတွေ ခွဲခွာမှုမလုပ်ခင် အသက်ခြောက်နှစ် အရွယ်သာရှိသေးတဲ့ သူမရဲ့ သမီးငယ်လေးကို အမေရိကန်မှာရှိတဲ့ သူ့ညီမရဲ့ဖုန်းနံပါတ်ကို နှုတ်တိုက်ချပေးခဲ့ပါတယ်။

**ရူးသွပ်စေလောက်တယ်**

အဲဒီကလေးဟာ မိဘနဲ့ကွဲကွာသွားတော့ ထိန်းသိမ်းရေးစခန်းမှာ အော်ဟစ်ငိုကြွေးကြေကွဲခဲ့တဲ့ကြားက ဖုန်းနံပါတ်လေးကိုတော့ နှုတ်က ဆက်လက်ရွတ်ဆိုလျက်ရှိပါတယ်။ အဲဒီလို အခြေအနေတွေဟာ ရူးသွပ်စေလောက်ပါတယ်။ တက္ကဆက် ပို့စ်အစ္စဘဲလ်မှာ ရှိတဲ့ ထိန်းသိမ်းရေးစခန်းမှာလည်း အလားတူကိစ္စရပ်တွေ အများကြီးပါပဲ။ အမေရိကန်သမ္မတဒေါ်နယ်ထရန့်က မိသားစုတွေကို ခွဲထားမှုကို ရပ်တန့်ဖို့ အမိန့်ကြေညာချက်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်တယ်လို့ ကြားလိုက်ရတဲ့အခါ အဲဒီစခန်းမှာရှိတဲ့ လူတွေဟာ အတိုင်းမသိဝမ်းသာပျော်ရွှင်ကြတာကို မြင်ရသူအပေါင်း စိတ်နှလုံးချမ်းမြေ့စေပါတယ်။

အမေရိကန် ကွန်ဂရက်ကို ထိန်းချုပ်ထားတဲ့ ရီပတ်ဘလစ်ကန်တွေဟာ အခုတော့ တရားမဝင် ရွှေ့ပြောင်း ဒုက္ခသည်အရေးနဲ့ ပတ်သက်ပြီး ဖိအားတွေ ခံနေရပါတယ်။

ဆင်းရဲဒုက္ခတွေ ကြုံတွေ့နေတဲ့၊ အကြမ်းဖက်မှုတွေဖြစ်နေတဲ့ ဂွါတီမာလာ၊ ဟွန်ဒူးရပ်စ်၊ အယ်လ်ဆာဗေဒိုနဲ့ အခြားမက္ကဆီကိုဒေသ အချို့က လူထောင်ပေါင်းများစွာဟာ လွန်ခဲ့တဲ့နှစ်ကတည်းက အမေရိကန်နယ်စပ်ကို တရားမဝင်ဖြတ်ကျော်ဝင်ရောက်ခဲ့တာပါ။

**ဒုက္ခသည်တားဆီးရေး ကြိုးစားချက်တွေက မဟန့်တားနိုင်**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ရဲ့ ဒုက္ခသည်တားဆီးရေး ကြိုးစားချက်တွေဟာ သူတို့ကို ထိထိရောက်ရောက် မတားဆီးနိုင်ခဲ့ပါဘူး။

"ကျွန်တော်ကတော့ ပိုမိုကောင်းမွန်တဲ့ဘဝရဖို့ စွန့်စားမှုတွေနဲ့ရင်ဆိုင်ရမယ်ဆိုတာ သိထားပါတယ်" လို့ ဟွန်ဒူးရပ်စ်နိုင်ငံသား ဝယ်လ်ဒါလိုပက်ဇ်က ပြောပါတယ်။

အမေရိကန်အစိုးရရဲ့တရားမဝင် ဒုက္ခသည်စီးဆင်းမှုတွေကို ဟန့်တားဖို့ ပြင်ဆင်ထားပေမယ့် ဒုက္ခသည် စီးဝင်မှုဟာ ရပ်တန့်သွားတယ်လို့မရှိဘဲ ဆက်လက်စီးဝင်မြဲစီးဝင်လျက်ရှိတာကို တွေ့ရပါတယ်။

ကာကွယ်ရေးဝန်ကြီးဌာနကတော့ မိဘတွေနဲ့ ခွဲခွာပြီး အမေရိကန်ကိုဝင်လာတဲ့ ကလေးတွေအတွက် စစ်အခြေစိုက်စခန်းမှာ ယာယီအိပ်ရာ ၂၀၀၀၀ လောက် ပြင်ဆင်ပေးထားကြောင်း ပြောခဲ့ပါတယ်။ လတ်တလောမှာ ကလေးငယ်ပေါင်း ၁၀၀၀၀ လောက်ကို ထိန်းသိမ်းထားတယ်လို့လည်း ပြောပါတယ်။

အမေရိကန် သမ္မတဒေါ်နယ်ထရန့်ရဲ့မိသားစုခွဲထားမှုကို ရပ်တန့်တဲ့ အမိန့်ကြေညာချက်ဟာ တရားမဝင် ဝင်ရောက်ဖို့ ကြိုးစားတဲ့ ဒုက္ခသည်အရေးကို တစ်ဖက်တစ်လမ်းက ဖြေရှင်းတဲ့နည်းလမ်းကောင်းများ ဖြစ်မလားဆိုတာကတော့ စောင့်ကြည့်ရဦးမှာပဲဖြစ်ပါတယ်။ ။

**ကိုးကား-အေအက်ဖ်ပီ**

## ရာသီတုပ်ကွေးရောဂါ မိမိကစ၍ကာကွယ်ပါ

- ရာသီတုပ်ကွေးရောဂါသည် တုပ်ကွေးရောဂါပိုးရပ်စ်ပိုးကြောင့် ဖြစ်ပွားပြီး အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်နိုင်ပါသည်။
- နှာချေတိုင်း၊ ချောင်းဆိုးတိုင်းပါးစပ်နှင့် နှာခေါင်းကိုလုံအောင်အုပ်ပါ။
- နှာချေ၊ ချောင်းဆိုးပြီးချိန်နှင့် ရောဂါလက္ခဏာရှိသူများအား ထိတွေ့ကိုင်တွယ်ပြီးချိန်တိုင်း လက်ကိုရေနှင့်ဆပ်ပြာတို့ဖြင့် စင်ကြယ်စွာဆေးကြောပါ။
- တုပ်ကွေးရောဂါဖြစ်ပွားသူနှင့် နီးကပ်စွာနေထိုင်ခြင်း၊ လူထူထပ်သောနေရာများသို့ သွားလာခြင်းတို့ကို ရှောင်ကြဉ်ပါ။
- လုံလောက်စွာအနားယူပြီး အာဟာရပြည့်ဝသည့် အစားအစာများ စားသုံးပါ။

**ရာသီတုပ်ကွေးရောဂါလက္ခဏာများဖြစ်ပွားပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်းများနှင့် ကျန်းမာရေးဌာနများတွင် ကုသမှုခံယူပါ။**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**



မိုင်းယောင်းမြို့နယ်တွင် အမှတ် ၆ ရပ်ကွက်၌ ဇွန် ၂၃ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများသည် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများနှင့် ပိုးလောက်လမ်းနှိမ်နင်းရေး အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ကြစဉ်။

မြို့နယ် (ပြန်/ဆက်)



ဇွန် ၂၂ ရက် နံနက် ၉ နာရီက ၂၀၁၈ ခုနှစ် ဒေသစိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု၊ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ကချင်ပြည်နယ် လွယ်ဂျယ်မြို့တရုတ်-မြန်မာနယ်စပ်လမ်းမကြီးဘေး၌ သစ်ပင်စိုက်ပျိုးခြင်းအခမ်းအနား ကျင်းပခဲ့ရာ နယ်မြေခံတပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ရဲလင်းအောင်၊ အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်၊ သစ်တောဦးစီးဌာန မြို့နယ်ခွဲတာဝန်ခံနှင့် လွယ်ဂျယ်မြို့ဌာနဆိုင်ရာ ဦးစီးအရာရှိများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ပြည်သူလူထုနှင့် NGO အဖွဲ့များ ပူးပေါင်း၍ သစ်ပင်မျိုးစုံ အပင်ပေါင်း ၄၃၅ ပင် စိုက်ပျိုးကြစဉ်။

ရင်ငြိမ်းပန်း (လွယ်ဂျယ်)

### ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၆-၂၀၁၈ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၆ - ၁၇)ပါ မွန်ပြည်နယ်အတွင်း ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများဖြစ်ပေါ်ခဲ့သည့်အပေါ် ပြန်လည်ထူထောင်ရေးနှင့် ကူညီထောက်ပံ့ပေးမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများအား မေးမြန်း သတင်း ကော်လံ (၇) ပါ **ကရင်ပြည်နယ် လူမှုရေးဝန်ကြီး** အစား **မွန်ပြည်နယ်လူမှုရေးဝန်ကြီး** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(သတင်းစဉ်အယ်ဒီတာအဖွဲ့)**

## YBS က ခရီးစဉ်၊ ယာဉ်လိုင်းသစ်များပြေးဆွဲနိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ ခွင့်ပြုချက်တောင်းခံထား

**ရန်ကုန် ဇွန် ၂၃**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးစဉ်၊ ယာဉ်လိုင်းသစ်များ ပြေးဆွဲနိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ ခွင့်ပြုချက် ရယူရန် တင်ပြထားကြောင်း Omni Focus ကုမ္ပဏီလီမိတက်မှ သိရသည်။




ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ခရီးသည်တင်ဆောင်လျက်ရှိသော YBS Airport Shuttle Bus တစ်စီးကို ဇွန်လ ၂၂ ရက်က တွေ့မြင်ရစဉ်။ ဓာတ်ပုံ- ထိန်လင်း

ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) နှင့် လှိုင်သာယာမြို့နယ်တို့အား ချိတ်ဆက်ပြေးဆွဲမည့် ယာဉ်လိုင်းသစ်တစ်ခုနှင့် လှိုင်သာယာမှ အောက်ကြည့်မြင်တိုင် လမ်းအတိုင်း သခင်မြပန်းခြံ၊ ဗိုလ်တထောင်အထိ ပြေးဆွဲမည့် ယာဉ်လိုင်းသစ်တစ်ခုတို့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ ခွင့်ပြုချက် တောင်းခံထားကြောင်း သိရသည်။

အဆိုပါ ယာဉ်လိုင်းသစ်များ ထပ်မံတိုးချဲ့ပြေးဆွဲမည့် Omni Focus ကုမ္ပဏီလီမိတက်အနေဖြင့် လက်ရှိတွင် YBS 20 ယာဉ်အစီးရေ ၇၀၊ YBS 56 ယာဉ်အစီးရေ ၃၀၊ YBS 83 ယာဉ်အစီးရေ ၇၀ ပြေးဆွဲလျက်ရှိပြီး ဇွန် ၂၂ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ရန်ကုန်ဘူတာကြီးသို့ စတင်ပြေးဆွဲခဲ့သည့် YBS Airport Shuttle Bus မှာ ယာဉ်အစီးရေ ၃၀ ဖြင့် စတင်ခဲ့သော်လည်း နောက်ပိုင်းတွင် အစီးရေ ၅၀ အထိ တိုးမြှင့်ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အကောင်အထည်ဖော်မည့် ယာဉ်စီးခငွေပေးချေမှု ကတ်စနစ်အပေါ် Omni Focus ကုမ္ပဏီလီမိတက်မှ မန်နေးဂျင်းဒါရိုက်တာ ကိုထွန်းတောက်ဝင်းက YBS ကားများ လက်ရှိရင်ဆိုင်နေရပုံနှင့် သူ၏အမြင်ကို ပြောကြားရာတွင် "ကျွန်တော်တို့အနေနဲ့က ကတ်စနစ်ကို လိုချင်ပါတယ်၊ ခရီးသည်က ထည့်တဲ့လူလည်းရှိတယ်၊ မထည့်တဲ့လူလည်းရှိတယ်၊ ပိုက်ဆံအတုတွေ ဘာတွေ ထည့်သွားတဲ့လူလည်း ရှိတယ်၊ လုံးဝမထည့်တဲ့လူလည်း ရှိတယ်၊ ကတ်စနစ်မပေါ်သေးတဲ့ အချိန်အထိတော့ ဒီဒဏ်တွေ ကျွန်တော်တို့ ခံနေရဦးမှာပေါ့၊ နောင်တစ်ချိန်ကျရင်တော့ အားလုံးကောင်းသွားမှာပါ" ဟု ပြောကြားသည်။

**ထင်ပေါ်ဝင်း (ကမာရွတ်)**

## မန္တလေးမြို့၌ တတိယအကြိမ်မြောက် နိုင်ငံတကာမွေးမြူရေးနှင့် စိုက်ပျိုးရေးပြပွဲ ကျင်းပ

**မန္တလေး ဇွန် ၂၃**

မန္တလေးမြို့တွင် တတိယအကြိမ်မြောက် နိုင်ငံတကာမွေးမြူရေးနှင့် စိုက်ပျိုးရေး ပြပွဲကို ဇွန် ၂၃ ရက် နံနက်ပိုင်းက မန္တလေးမြို့တော်ခန်းမတွင် စတင်ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြပွဲကို မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဆီစက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းတို့က ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ပြပွဲကို ဇွန် ၂၃ ရက်မှ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"စိုက်ပျိုးရေးအခြေပြု လုပ်ငန်းတွေကို ရင်းနှီးမြှုပ်နှံခြင်း၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာတွေကို သက်ဆိုင်ရာ ပညာရှင်တွေက ဟောပြောဖို့ စီစဉ်ထားပါတယ်၊ ဒါ့အပြင် တောင်သူတွေ အကျိုးရှိအောင် စိုက်ပျိုးရေးရာသီမစတင်မီ နည်းပညာနဲ့ အသိပညာတွေ ရရှိအောင်လည်း စီစဉ်ထားပါတယ်" ဟု ပြပွဲစီစဉ်သူ ငွေပင်လယ်မီဒီယာမှ ဦးဇာနည်တင်မြင့်က ပြောကြားသည်။

ထို့ပြင် ပြပွဲ၌ စိုက်ပျိုးရေးအခြေခံသုံး စက်များ၊ ရိတ်သိမ်းခြွေလှေ့စက်များ အရစ်ကျရောင်းချခြင်း၊ စိုက်ပျိုးရေးသုံးဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများ၊ မွေးမြူရေးဆိုင်ရာ ဆေးဝါးများ၊ ငါးပုစွန်သားပေါက်များကိုလည်း ရောင်းချပေးသွားမည်ဖြစ်ပြီး ပြပွဲသို့ လာရောက်သူများအနက်မှ တစ်ရက်လျှင် နှစ်ဦးနှုန်း ကံစမ်းမဲဖောက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ဇန်ကောက်တွင် ကျင်းပမည့် Agritechnical Asia စိုက်ပျိုးရေးပြပွဲသို့ သွားရောက်လည်ပတ်နိုင်ရန် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။




**မင်းထက်အောင် (မန်းကိုယ်ပွား)**

## ပွင့်ဖြူမြို့နယ်၌ ရေကြီး၍ ပျက်စီးသွားသည့် မြောင်းမကြီးများအား မိုးစပါးစိုက်ပျိုးချိန်အမီ ရေပေးဝေနိုင်ရေး အရေးပေါ်ပြင်ဆင်

**ပွင့်ဖြူ ဇွန် ၂၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ပွင့်ဖြူမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မဲဇလီရေလှောင်ဆည်ရေသောက်စနစ်အတွင်းရှိ တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့တွင် ထိခိုက်ပျက်စီးခဲ့သည် လယ်ယာမြေများတွင် မိုးစပါး အချိန်မီစိုက်ပျိုးနိုင်ရန်နှင့် နွေစပါးအောင်ရေရရှိရေးအတွက် အရေးပေါ် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း ဦးစီးအရာရှိ ဦးအောင်သူလင်းထံမှ သိရသည်။

"ကျွန်တော်တို့ ပွင့်ဖြူမြို့နယ်မှာ အခုလ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် တောင်သူများ သီးနှံစိုက်ပျိုးရေးအတွက် ဖြန့်ဝေပေးနေတဲ့ မဲဇလီဆည်ရေသောက်စနစ်အတွင်းမှာရှိတဲ့ တောင်မုန်း၊ မြောက်မုန်းမြောင်းမကြီး တာပေါင်တွေ ထိခိုက်ပျက်စီးခဲ့ပါတယ်၊ တောင်မုန်း၊ မြောက်မုန်း နှစ်နေရာအတွက် ပြန်လည်ပြင်ဆင်ထိန်းသိမ်းရမယ့်လုပ်ငန်း ၂၇ ခု ရှိပါတယ်၊ အခုဆိုရင် တောင်မုန်း မြောင်းမကြီး တာပေါင်တစ်လျှောက် ထိခိုက်ပျက်စီးတဲ့ နေရာတွေမှာ ပြုပြင်ခြင်းလုပ်ငန်းတွေ မကြာမီ ပြီးစီးတော့မှာ ဖြစ်ပါတယ်" ဟု ၎င်းက ပြောကြားသည်။



မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်ကာ ပျက်စီးသွားသည့် တောင်မုန်းမြောင်းမကြီးအား မိုးစပါးစိုက်ပျိုးချိန်အမီ ရေပေးဝေနိုင်ရေး အရေးပေါ်ပြင်ဆင်ထားမှုကို တွေ့ရစဉ်။

ဇွန် ၂၅ ရက်တွင် မဲဇလီဆည်ရေသောက်စနစ်အတွင်းရှိ တောင်မုန်းမြောင်းမကြီးမှ တောင်သူများကို နွေစပါးအောင်ရေနှင့် မိုးစပါးပျိုးထောင်ရေးအတွက် စတင်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် မြောက်မုန်းမြောင်းမကြီး တစ်လျှောက် ထိခိုက်ပျက်စီးသည့် နေရာများကို တောင်သူများ မိုးစပါးအချိန်မီ စိုက်ပျိုးနိုင်ရန်နှင့် နွေစပါးနဲ့ အခြားသီးနှံအောင်ရေအတွက် အမြန်ဆုံး ဖြန့်ဝေပေးသွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်သူလင်းထံမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

### နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇွန် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီး တို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

## လှိုင်သာယာတွင် စီးပွားရေးလုပ်ငန်းများမှ အခွန်ထမ်းပြည်သူ ၃၃၀၀ ကျော်ရှိပြီး အခွန်နှင့်ပတ်သက်သော အသိပညာပေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်

**ရန်ကုန် ဇွန် ၂၃**

ရန်ကုန်တိုင်းဒေသကြီးတွင် စက်မှုဇုန်၊ စီးပွားရေးလုပ်ငန်းများ၊ အလတ်စားနှင့် အသေးစားလုပ်ငန်းများ တည်ရှိရာ လှိုင်သာယာမြို့နယ်တွင် စီးပွားရေးလုပ်ငန်းများမှ အခွန်ထမ်းပြည်သူ ၃၃၀၀ ကျော် အခွန်ထမ်းဆောင်လျက်ရှိပြီး အခွန်နှင့်ပတ်သက်သည့် အသိပညာပေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြို့နယ်အခွန်ဦးစီးဌာနမှ သိရသည်။

"လှိုင်သာယာမှာ အခွန်ထမ်းပြည်သူ ၃၃၀၀ ကျော်ရှိပါတယ်၊ ဟိုတယ်တစ်ခု၊ တည်းခိုခန်း ၁၆ ခု၊ ကေတီဗွီခြောက်ခုနဲ့ အခြားစီးပွားရေးလုပ်ငန်းတွေကို အခွန်စည်းကြပ်ပါတယ်၊ စက်မှုဇုန်ကတော့ သူနဲ့သက်ဆိုင်ရာမှာ အခွန်ဆောင်ပါတယ်၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ အများစုက အခွန်ဆောင်ရမှာကို သိရှိပြီး မလုပ်ဆောင်သူရှိသလို၊ ဘာကြောင့် အခွန်ဆောင်ရသလဲဆိုတာ မသိတာကြောင့် အသိပညာပေးဆွေးနွေးဖို့လည်း ရှိပါတယ်၊ နိုင်ငံတော်ကလည်း အခွန်ထမ်းပြည်သူတွေကို အခွင့်အရေးတွေ အပြည့်အဝပေးထားပြီးသားပါ၊ တစ်နှစ်ဝင်ငွေကျပ် သိန်းတစ်ထောင်ရှိတယ်ဆိုရင် ဝင်ငွေအချိုးအတိုင်း အခွန်ဆောင်ပြီးတော့ ငွေဖြူဖြစ်တဲ့ ဝင်ငွေအချိုးအတိုင်း မြေယာ၊ ကား စတဲ့ပိုင်ဆိုင်မှုပစ္စည်းဝယ်မယ်ဆိုရင် အခွန်ဆောင်ဖို့ မလိုပါဘူး၊ ဝင်ငွေထက်ပိုတဲ့ အချိုးအတိုင်းပဲ အခွန်ဆောင်ရမှာပါ၊ အဲ့ဒါအပြင် အခြားအခွင့်အရေးတွေလည်း ပေးထားပါသေးတယ်၊ အခွန်ထမ်းပြည်သူများတဲ့နိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်မှုလည်း မြန်ပါတယ်" ဟု မြို့နယ်အခွန်ဦးစီးမှူး ဦးသက်လွင်ဦးက ပြောသည်။

လှိုင်သာယာမြို့နယ်တွင် အလတ်စား၊ သေးစား စီးပွားရေးလုပ်ငန်းများနှင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းများ ပေါများသောကြောင့် နှစ်စဉ် မြို့နယ်စည်ပင်သာယာသို့ လုပ်ငန်းသက်တမ်းတိုးရာတွင် မြို့နယ်အခွန်ဦးစီးဌာနတွင် အခွန်ဆောင်ထားကြောင်းစာရွက်စာတမ်းပါရှိမှသာ လုပ်ငန်းသက်တမ်းတိုးခွင့် ပြုထားသောကြောင့် အခွန်ဆောင်ထားမှုမရှိသော လုပ်ငန်းများမှာ စည်ပင်တွင် လုပ်ငန်းသက်တမ်းတိုးရန် အခက်အခဲရှိ၍ ယခုနှစ် မြို့နယ်စည်ပင်သာယာတွင် လုပ်ငန်းလိုင်စင်သက်တမ်း မတိုးဘဲ ဆက်လက်လုပ်ကိုင်နေသော လုပ်ငန်းပေါင်း ၆၀၀ ခန့်ရှိကြောင်း မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

မြို့နယ်စည်ပင်သာယာတွင် လုပ်ငန်းလိုင်စင်ဖြင့် အခွန်ဆောင်ခြင်းသည် မြို့နယ်အတွင်းလမ်း၊ တံတားနှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်ဖြစ်ပြီး မြို့နယ်အခွန်ရုံးသို့ အခွန်ဆောင်ခြင်းသည် နိုင်ငံတော်ကို အခွန်ဆောင်ခြင်းဖြစ်၍ နိုင်ငံ့ဝန်ထမ်းများ လစာနှင့် အခြားတိုင်းပြည်ဖွံ့ဖြိုးရေး လုပ်ငန်းများကို အဆိုပါ မြို့နယ်အခွန်ရုံးများမှ ရရှိသောငွေဖြင့် သုံးစွဲနေကြောင်းကို သိရှိသောပြည်သူ နည်းသည့်အတွက် ထဲထဲဝင်ဝင် သိရှိနားလည်စေရန် မြို့နယ်အတွင်း အသိပညာပေးလုပ်ငန်းများ လုပ်ဆောင်မည်ဖြစ်ကြောင်း သိရပြီး အင်းစိန်မြို့နယ်တွင် အခွန်နှင့်ပတ်သက်၍ အသိပညာပေး ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

လှိုင်သာယာတွင် ယမန်နှစ်က စည်းကြပ်ထားသောအခွန်ထမ်းစာရင်းအရ အခွန်ထမ်းပြည်သူ ၃၃၀၀ ရှိကြောင်း အဆိုပါအခွန်ရုံးမှ သိရသည်။ **သန်းထိုက်**

## ပန်းတောင်း-လက်ပံကျွန်းတံတား ပြီးစီးအောင်ဆောက်လုပ်ပေးရန် မျှော်လင့်

**ပန်းတောင်း ဇွန် ၂၃**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်အတွင်းရှိ လက်ပံကျွန်းကျေးရွာနှင့် ပန်းတောင်းမြို့ပေါ်သို့ သွားရန် ဆက်သွယ်ရေးတံတားအား ၂၀၁၄ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သော်လည်း ယနေ့တိုင် ပြီးစီးမှုမရှိသေးသည့်အတွက် ဆက်လက်ဆောက်လုပ်ပေးရန် ဒေသခံပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

အဆိုပါ တံတားမှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၂၄၅ သိန်းဖြင့် အလျားပေ ၁၂၀၊ အနံ ၈ ပေ၊ အမြင့် ၂၄ ပေ ရှိပြီး ၂၀၁၄ ခုနှစ် မေလအတွင်းက မြို့နယ်စည်ပင်သာယာမှ တာဝန်ယူတည်ဆောက်ခဲ့ပြီး တံတားမှာ ပြီးစီးမှုမရှိဘဲ ကျေးရွာလူကြီးများထံ အပ်နှံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုအချိန်က တံတားတည်ဆောက်ရန် တိုင်းတာစဉ် ချောင်းအကျယ်မှာ ပေ ၁၂၀ ရှိသော်လည်း ဆောက်လုပ်စဉ် ချောက်ကမ်းပါးပြိုကျမှုကြောင့် ချောင်းအရှည်ပေမှာ ပေ ၁၇၀ ရှိသွားပြီး ရန်ပုံငွေမလုံလောက်သဖြင့် တံတားမှာ ပြီးစီးမှုမရှိဘဲ နှစ်စဉ်ချောက်ကမ်းပါးပြိုကျမှုကြောင့် ရေလယ်တွင် တည်ရှိနေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီတံတားက တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေအပြင် ကျေးရွာလူထုကလည်း ငွေကျပ် ၁၅ သိန်း ထည့်ဝင်လှူဒါန်းပေးခဲ့သေးတယ်၊ ခုလို မိုးတွင်းရောက်ရင် နှစ်စဉ်ကမ်းပါးပြိုပြီး နှစ်ဖက်ချဉ်းကပ်လမ်းတွေကမရှိတော့ တံတားက ရေလယ်ကောင်ရောက်နေတာပေါ့၊ ကျောင်းသားတွေအတွက် ဝါးပိုးဝါးတွေနဲ့ ယာယီသွားလာနိုင်ရေးအတွက် ကျေးရွာအစီအစဉ်နဲ့ ကိုယ်ထူကိုယ်ထ ဆောင်ရွက်နေရတယ်၊ ကျောင်းသားတွေကိုလည်း မိဘတွေကိုယ်တိုင် ကျောင်းကြိုကျောင်းပို့ လုပ်နေရတော့ တော်တော်လေး ဒုက္ခရောက်နေပါတယ်" ဟု ကျေးရွာရပ်မိရပ်ဖ ဦးသိန်းမျိုးဦးက ပြောပြသည်။

လက်ပံကျွန်းကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်း၊ ဘုန်းတော်ကြီးကျောင်းနှင့် ပန်းတောင်းမြို့ပေါ်သို့ အဆိုပါ တံတားမှ သွားလာနေရသဖြင့် တည်ဆောက်ဆဲတံတား အမြန်ပြီးစီးရေးအတွက် ဆောင်ရွက်ပေးနိုင်ရန် ဒေသခံပြည်သူများက မျှော်လင့်နေကြောင်း သိရသည်။

**အောင်မြင့် (ပန်းတောင်း)**



ပန်းတောင်း-လက်ပံကျွန်းတံတား ချဉ်းကပ်လမ်း ရေတိုက်စားမှုကြောင့် ပျက်စီးနေမှုကို ဝါးပိုးဝါးများဖြင့် ယာယီတံတားထိုး ဆောင်ရွက်ထားမှုကို တွေ့ရစဉ်။

## လက်ပံတန်း၌ အင်းများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည်

**လက်ပံတန်း ဇွန် ၂၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၌ ၂၀၁၈-၂၀၁၉ ခုနှစ် လုပ်ငန်းရာသီအတွက် မြို့နယ်အတွင်းရှိ အင်းများဖြစ်သည့် ကဒူးအင်း၊ တော်လသဿအင်း၊ ဘူးဝစမ်းအင်း၊ အလံငုံးအင်း၊ အင်းလွတ်အင်းတို့ကို မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ဦးစားပေးစနစ်မထားဘဲ ဈေးပြိုင်စနစ်ဖြင့် ငါးလုပ်ငန်းဦးစီးဌာန၏ လုပ်ထုံးလုပ်နည်း စည်းကမ်းချက်များနှင့်အညီ ဇူလိုင် ၇ ရက်တွင် တိုင်းအဆင့် ကြီးကြပ်ရေးကော်မတီများ၊ ဌာနဆိုင်ရာများရှေ့တွင် ပွင့်လင်းမြင်သာစွာ လေလံတင်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဆင့်**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၃-၆-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၉၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၄၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၉၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၈၅/၉၀၅ ကျပ် | ၉၃၀/၉၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၀၀/၉၁၅ ကျပ် | ၉၄၀/၉၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀/၈၇၅ ကျပ် | ၉၁၅/၉၃၅ ကျပ် |
| အောက်တိန်း ၉၅ | ၉၀၀/၉၃၀ ကျပ် | ၉၇၀/၉၈၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၇၄ ·၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၉၅ ·၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၁၂ ·၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၂၁ ·၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၄၉ ·၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၁၄ ·၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၁ ·၆၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ ·၂၂၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၃ ·၉၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၂ ·၈၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၁ ·၇၈၈ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

### ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး(တာဝန်) | - | ဝင်းကျော် |
| စာတည်းမှူး | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ချူးစန္ဒီဌေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

Gmail mmalin.npt @ gmail.com,
Facebook www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm


ကိုတင်နှင့် ဂျပ်ကွက်
HTOO
ဟေ့ ကလေး...ဘာ လို့ ငိုနေတာလဲကွ...
အီး... ဂျီး...
ကျောင်းမသွား ချင်လို့... ဟင့်...ဂျက်
ကျောင်းသားဆို တာကျောင်းသွား ရမှာပေါ့ကွ...
ကျောင်းမှာ ပညာတွေ သင်ယူရမယ်လေ... ဒါမှ...ပညာတတ်ကြီး ဖြစ်မှာပေါ့...
ဟူး...ကျောင်းကို×× ပြေး မြင် မိတယ်×××
ပညာလည်းမတတ် ချင်ဘူး ဗျာ... ဟင့်...
ပညာမတတ်လို့မဖြစ်ဘူးကွ...ပညာ မတတ်တဲ့သူဟာ 'အကန်း' လို့ဆိုထား တယ်လေ
အကန်းဆိုတာ ဘာ လဲဟင်...
မျက်စိလုံးဝမမြင်တဲ့ မျက်ကန်း ဒုက္ခိတ ကိုပြောတာ...
ဗျာ... အဲ့လိုလား... ခုနေ ကန်း လို့မဖြစ်သေး ဘူး...
အမေကပေးလိုက်တဲ့မုန့်ဖိုး နဲ့ ဗိုက်ဝ အောင်မုန့်ဝယ်စားဖို့ မုန့်ဆိုင်ရှိတဲ့နေ ရာကို ရောက်အောင်သွားထားဦးမှပါပဲ
မုန့်ဆိုင်ကဘယ် မှာရှိတာလဲ...
ကျောင်းဝင်းထဲမှာ လေ...သွားပြီဗျို့...
ဩော်... ဒီလိုမျိုး လည်းကြဲဖူးတယ်...






သက်စု
ရောင်နီ
တမြန်နေ့က ငါ့ညီဝမ်းကွဲ နေတဲ့ မြို့မှာ မိုးတွေရွာ ရေတွေ ကြီးတာမှ ကွာ၊
ဟုတ်လား
သူတို့အိမ်ထဲလည်း ရေတွေဝင်တော့ ထမင်းဟင်းလည်း မချက်နိုင်ဘူး၊
ညီမလေးနဲ့သူ့ခွေးတွေ အိပ်စရာ စားစရာမရှိ၊ ဒုက္ခတွေရောက် ဗိုက်တွေဆာ။
ခွေးက လေးကောင်တောင်မှ မသယ် သွားနိုင်တော့ သူ့အဖေက ခွေးတွေကို မိုးပြဲဒယ်ထဲထည့်ပြီး ရေတွေနဲ့ ...
ဟယ် မျောပါသွားလိုက်လား!
စားရမလားဟ၊ ရေတွေနဲ့ လွတ်တဲ့ ကုန်းမြင့်လေးဘက်ကို တွန်းသွားတာ၊
ရှင်းအောင် မပြောဘူး
ပြီး


မေမေ နှင့် သားသား
ကာတွန်း မောင်ရွှေဝင်း
သရဲ၊ တစ္ဆေဆိုတာ တကယ်ရှိလားဟင် လူတွေက သူတို့ကို ဘာလို့ကြောက်လန့် ကြတာလဲမေမေ ...
အင်း ခုတလော.. ညမှောင်ပြီဆိုတာနဲ့ ကိုယ့်အိမ်ထဲမှာတောင် တစ်ယောက်တည်း ဟိုနေရာမသွားရဲ၊ ဒီနေရာ မနေရဲ ဖြစ်နေတာ ဒါကြောင့်ကိုး
သရဲ တစ္ဆေတွေက လူတွေကို ကြောက်လန့်အောင် ခြောက်လန့် တတ်ကြလို့ပေါ့ကွယ်...
ဟင်! ဟုတ်လား
ငါးပါးသီလမြဲတဲ့လူကိုတော့ သူတို့မခြောက်လှန့်ရဲကြပါဘူး သားသား
ငါးပါးသီလ ဆိုတာ ဘာလဲ မေမေ
သူတစ်ပါး အသက်ကို မသတ်ရဘူး သူတစ်ပါး ဥစ္စာပစ္စည်းကို မခိုးယူရဘူး သူတစ်ပါးရဲ့ သားမယားကိုပြစ်မှား ကျူးလွန်ခြင်း မပြုရဘူး
လိမ်ညာပြီး မပြောဆိုရဘူး အရက်သေစာ မသောက်စားရဘူး အဲဒီ.. ငါးပါးသီလမြဲမှ သာမန္တဒေဝ နတ်ကောင်းနတ်မြတ်တွေက စောင့်ရှောက်မှာ
သရဲ တစ္ဆေကို မမြင်ဘူးပေမယ့် သား အရမ်းကြောက်တယ် ဒီနေ့ကစပြီး ငါးပါးသီလမြဲအောင် ကြိုးစားပါမယ် မေမေ
သိပ်ကောင်း တာပေါ့ကွယ်


ညီပု.. မနေ့က.. ခေးလို့ ဖိုးမိုးက စိတ်ဆိုးပြီး.. ခဲ နဲ့ ထုတာ ခေါင်းဖူးသွား တယ်ဆို.. ဘယ်လိုဖြစ် လို့လဲ..
ဪ.. ဒီလိုလေ..သူက သရက်သီးဆိုလည်း မှည့်မှည့်လေးမှ ကြိုက်..
မာလကာသီးဆိုလည်း မှည့်တာလေးမှ ကြိုက်
ငါလည်းကြိုက်
ဘာအသီးဖြစ် ဖြစ် မှည့်လေ ကောင်းလေပဲတဲ့ သူကြိုက်တယ်တဲ့
အဲ့ဒါနဲ့ ငါလည်း..သူ့ကိုပေးချင်လို့.. အိမ်မှာစိုက်တဲ့ အသီး မှည့်မှည့်လေးတွေ ခူးပြီးပေး လိုက်တာ..
ငါ့ကို စိတ်ဆိုးပြီး ထုတော့တာပဲ..
ဟာ.. ဖိုးမိုးကလည်း ပေးလည်းပေးရ သေးတယ်..
ဒါနဲ့မင်းက ဘာ အသီးမှည့်တွေ ပေးလို့လဲ..
ငရုတ်သီးမှည့်...
အလုခံရ တာနည်းသေး..

# မြစ်သားမြို့၌ ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဝေငှပြီး ယာဉ်စည်းကမ်း ပညာပေး

**မြစ်သား ဇွန် ၂၃**
မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် မြစ်သား-မင်းစု လမ်းဆုံ၌ ဆိုင်ကယ်စီးစဉ် ဦးထုပ်မဆောင်းသူများအား ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဝေငှပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောခြင်းများကို လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ဦးဆောင်၍ ဇွန် ၂၂ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမင်းအောင်၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်မိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသက်စိုးနှင့် မြို့မရဲစခန်းမှူး ဒုရဲမှူးလှုသန်းနိုင်၊ ၊ မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပါတီလူငယ်များ အဖွဲ့က ဆိုင်ကယ်စီးဦးထုပ်ဆောင်းထားခြင်းမရှိသော စည်းကမ်းပျက် ဆိုင်ကယ်စီးသူ ၂၀၀ အား ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ပေးအပ်၍ ချက်ချင်းဆောင်းပေးပြီးနောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို အသိပညာပေး ဟောပြောခဲ့ကြခြင်းဖြစ်သည်။



မြစ်သားမြို့နယ်အတွင်း မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ် မတော်တဆမှုဖြစ်စဉ်များ ဖြစ်ပွားမှုတိုးမြင့်မလာစေရေးအတွက် ယခုလို ပညာပေး ဆောင်ရွက်ခြင်းဖြစ်ပြီး နောက်အပတ်များတွင် စည်းကမ်းပျက် ဆိုင်ကယ်မောင်းသူများအား မော်တော်ယာဉ်ဥပဒေဖြင့် အမှုဖွင့်အရေးယူကာ တရားရုံးသို့ တရားစွဲတင်ပို့သွားမည်ဖြစ်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသက်စိုးက ပြောကြားသည်။

**ရဲဝင်းထွန်း(မြစ်သား)**

# ရှပ်ပြေးအမြန်ရေယာဉ်ပေါ်၌ မိုးတွင်းကာလ ရေယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် သက်ငယ်မှုဒိမ်း မှုခင်းအသိပညာပေး

**ရန်ကုန် ဇွန် ၂၃**
ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် မော်တင်၊ စဉ့်အိုးတန်း အမှတ်(၂) ဇေတံတားရှိ ရန်ကုန်-မော်တင် ရေလမ်းခရီးစဉ် ပြေးဆွဲလျက်ရှိသော ပုသိမ်သူ- ၁ ရှပ်ပြေးအမြန်ရေယာဉ်ပေါ်၌ ယနေ့ နံနက်ပိုင်းတွင် မိုးတွင်းကာလ ရေယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် သက်ငယ်မုဒိမ်း မှုခင်းအသိပညာပေးခဲ့သည်။



ပုသိမ်သူ-၁ ရှပ်ပြေးအမြန်ရေယာဉ်ပေါ်၌ ပြည်သူများအား မှုခင်းအသိပညာပေး ဟောပြောနေစဉ်။ ဓာတ်ပုံ- မိုးမခ

"ကျွန်တော်တို့အနေနဲ့ အခုလို မိုးတွင်းကာလမှာ ပြည်သူတွေ သက်ငယ်မုဒိမ်းအပါအဝင် မှုခင်းအသိပညာပေးသာမက ရေယာဉ်အန္တရာယ် အသိပညာပေးမှုတွေလည်း ဆက်တိုက်ဆိုသလို လုပ်ဖြစ်နေပါတယ်၊ တကယ်တော့ ပြည်သူတွေအနေနဲ့ အခုလိုမိုးတွင်းကာလမှာ အသက်ကယ်ပစ္စည်းတွေကို လျစ်လျူရှုမှု မဖြစ်စေရအောင် ကျွန်တော်တို့က နှိုးဆော်တဲ့သဘောနဲ့ အခုလို မိုးတွင်းရာသီကာလမှာ ခရီးသည်တွေကို အချိန်ရတဲ့အခါလေးမှာ အသိပညာပေးတာဖြစ်ပါတယ်၊ တချို့ပြည်သူတွေက ရေလမ်းခရီးသွားတဲ့အခါမှာ အသက်ကယ်အင်္ကျီတွေကို ဝတ်လေ့ဝတ်ထ မရှိပါဘူး၊ ဒါတွေက တကယ် အရေးကြုံတော့မှ တန်ဖိုးကို သိရှိတာဖြစ်ပါတယ်"ဟု ရန်ကုန်- မော်တင် ပြေးဆွဲလျက်ရှိသော ရှပ်ပြေးအမြန် ရေယာဉ်ပေါ်၌ သက်ငယ်မုဒိမ်း အပါအဝင် မိုးတွင်းကာလ ရေယာဉ်အန္တရာယ် ကင်းရှင်းရေး အသိပညာပေးမှုနှင့် ပတ်သက်၍ ဆိပ်ကမ်းမြို့နယ် ရဲတပ်ဖွဲ့မှူးက ပြောသည်။

ရန်ကုန်- မော်တင် ပြေးဆွဲလျက်ရှိသော ပုသိမ်သူ-၁ အမြန်ရှပ်ပြေးယာဉ်ပေါ် မှုခင်းအသိပညာပေး အခမ်းအနားတွင် သက်ငယ်မုဒိမ်းမှုနှင့် ပတ်သက်သည့် ဖြစ်စဉ်များ၊ သက်ငယ်မုဒိမ်းမှု ကြိုတင်ကာကွယ် အသိပေးဟောပြောခြင်းများ၊ လက်ကမ်းစာစောင်ဝေငှခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲပါက ဖြစ်ပေါ်လာမည့် လက္ခဏာများနှင့် လူမှုပတ်ဝန်းကျင်တွင် ဖြစ်ပေါ်လာမည့် အခက်အခဲများ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များအား ချပြရှင်းလင်းခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားသို့ ဆိပ်ကမ်းမြို့နယ် ရဲတပ်ဖွဲ့မှ ဆိပ်ကမ်းမြို့နယ် ရဲတပ်ဖွဲ့မှူး တင်ဦးနှင့်အဖွဲ့၊ မော်တင် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်စောနှင့် ခရီးသွားပြည်သူတစ်ရာကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းခေတ်**

# ပူတာအိုမြို့မဈေးအနီးရှိ တြိဂံနှင့်ပလက်ဖောင်းများ ဖျက်သိမ်းပြီး ကွန်ကရစ်ခင်း

**ပူတာအို ဇွန် ၂၃**
ကချင်ပြည်နယ် ပူတာအိုမြို့တွင် လူဦးရေတိုးတက်လာသည်နှင့်အမျှ မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရေး၊ ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် သွားလာမှုအဆင်ပြေစေရေးအတွက် ပူတာအိုမြို့ မြို့မဈေးဘေးရှိ တြိဂံနေရာနှင့် ပလက်ဖောင်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဖျက်သိမ်းပြီးနောက် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ တြိဂံနှင့် ပလက်ဖောင်း ဖျက်သိမ်းခြင်းနှင့် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကချင်ပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၂၂ သန်းဖြင့် တင်ဒါအောင်မြင်ခဲ့သည့် ဘုဏ်းမင်းခန့် ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး တြိဂံနေရာကို အလျား ပေ ၉၀၊ အကျယ် ပေ ၃၀၊ ထု ခြောက်လက်မနှင့် ပလက်ဖောင်းကွန်ကရစ်ခင်းခြင်းကို အရှည် ၃၇၅ ပေ၊ အကျယ် ကိုးပေနှင့် ထုခြောက်လက်မအဖြစ် ခင်းသွားမည်ဖြစ်ကြောင်း သိရသည်။

ပူတာအိုမြို့မဈေးသည် ပူတာအိုမြို့အဝင်တွင် တည်ရှိနေခြင်းကြောင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးပါက မြို့အင်္ဂါရပ်နှင့်အညီ သာယာလှပရေးနှင့် ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် များစွာအထောက်အကူပြုမည့်အပြင် သွားလာမှုတွင်လည်း ယခင်ကထက် ပို၍ အဆင်ပြေ ချောမွေ့လာစေမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ဖုန်ကန်(ပူတာအို)**

# လဟယ်မြို့နယ်မှ လမ်းတံတားလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေး

**လဟယ် ဇွန် ၂၃**
စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် တည်ဆောက်ပေးလျက်ရှိသော ကျေးလက်လမ်းနှင့်တံတားများ တည်ဆောက်ပြီးစီးမှု အခြေအနေများကို နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နာဂဦးစီးအဖွဲ့ဝင်(စီးပွား) ဦးရိထင်၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခန္တီးခရိုင်(ဒေသကြီးကြပ်ရေးမှူး) ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ထင်ကျော်နှင့် တာဝန်ရှိသူများက ဇွန် ၂၂ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

လဟယ်မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အဆိုပါ လမ်းတံတားများကို ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ် ပထမခြောက်လပတ်(ဧပြီလမှ စက်တင်ဘာလအထိ) ပြည်ထောင်စုရန်ပုံငွေနှင့် အိန္ဒိယနိုင်ငံမှ တတိယအကြိမ်မြောက်အဖြစ် ထောက်ပံ့သည့်ငွေများဖြင့် တည်ဆောက်ပေးနေခြင်းဖြစ်ကာ ပြည်ထောင်စုရန်ပုံငွေ ကျပ် ၈၄ သန်းဖြင့် ဆောင်ရွက်နေသော အကျယ် ၂၄ ပေ၊ အရှည် နှစ်မိုင်ရှိ လဟယ်-လုံခင်-ယွန်တိုင်း-လွန်ထောင်း ကျေးရွာချင်းဆက်မြေသားလမ်းနှင့် အိန္ဒိယနိုင်ငံမှထောက်ပံ့ငွေ ကျပ် ၃၉၄ သန်းဖြင့် ဆောင်ရွက်နေသော အကျယ် ၂၄ ပေ၊ အရှည် ခြောက်မိုင်ကျော်ရှိ လဟယ်-လောင်ကျန်းနောက်ကုန်း-တိုက်ရံ ကျေးရွာချင်းဆက်မြေသားလမ်း၊ အဆိုပါ လမ်းဘေးမှ ရေနုတ်မြောင်းနှင့် လမ်းပေါ်မှ တံတားလုပ်ငန်းများကို တာဝန်ရှိသူများအဖွဲ့က ကွင်းဆင်းစစ်ဆေးခဲ့ကြခြင်းဖြစ်သည်။

**ဝင်းဦး(ဇေယျာတိုင်း)**



# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား မြို့နယ်များ၌ကျင်းပ

**ရန်ကုန်**
ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၊ မြို့နယ်ပညာရေးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကာ ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သော စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆို ပြိုင်ပွဲများတွင် ဆုရသူများအား ဆုချီးမြှင့်ပွဲနှင့် ဓာတ်ပုံပြပွဲ၊ နံရံကပ်စာစောင်ပြပွဲများကို ဇွန် ၂၂ ရက်က ဌာနာရပ်ကွက် နှင်းဆီလမ်းရှိ အလုံခန်းမ၌ ကျင်းပခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရဲလွင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်ယဉ်မြင့်နှင့် ဒေါ်နွယ်နွယ်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ပြီး အလုံမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းသို့ အလှူရှင်များက ငွေလှူဒါန်းသည်။

ထို့နောက် ပြိုင်ပွဲများတွင် ဆုရသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

**ဝေါ**
အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲနှင့် စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနနှင့် ဝေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဇွန် ၂၂ ရက်က ဝေါမြို့ အေးချမ်းအလကခွဲကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန အသိပညာပေးအဖွဲ့မှ ဝေါမြို့နယ်တာဝန်ခံ ဒုတိယဦးစီးမှူး ဦးထွန်းနိုင်က အရည်အသွေးအာမခံချက်ရှိသော အစားသောက်များအကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေများနှင့် စားသုံးသူများ၏ အခွင့်အရေးများ၊ စားသုံးသူများ သတိပြုရမည့်အချက်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးများ၊ တားမြစ်ချက်နှင့် ပြစ်ဒဏ်များ၊ ဆေးဝါးအသုံးပြုမှုနှင့် ဆိုးဆေးအန္တရာယ်များအကြောင်းတို့ကို ဟောပြောကာ ဆက်လက်၍ မြို့နယ်ပြန်/ဆက်မှ တာဝန်ရှိသူတစ်ဦးက စာဖတ်ရှိန်မြှင့်တင်ရေးနှင့် မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များအကြောင်းကို ဟောပြောခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

**ဖျာပုံ**
ဖျာပုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်၊ ဓာတ်ပုံပြပွဲကို ဇွန် ၂၂ ရက်က ဖျာပုံမြို့ အထက(၂)ကျောင်း၌ ကျင်းပခဲ့ရာ ကျောင်းသား ကျောင်းသူ ၃၀၀ ကျော် တက်ရောက်ခဲ့ကြောင်းသိရသည်။ ဟောပြောပွဲတွင် ဖျာပုံခရိုင်ပညာရေးမှူး ဆရာမကြီး ဒေါ်စိန်မာအေးက အမှာစကားပြောကြားပြီး ဖျာပုံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဆွေဦးက မူးယစ်ဆေးဝါး အမျိုးအစားများ၊ ဆိုးကျိုးများ၊ မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါး ဝင်ရောက်လာပုံနှင့် သတိပြုရှောင်ရှားအပ်သည့် အချက်များကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်အေးသန္တာက မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ ဥပဒေများကိုလည်းကောင်း၊ ခရိုင် ပြန်/ဆက် ဦးစီးမှူး ဒေါ်လှလှနွယ်က 'စဉ်ဆက်မပြတ်အကဲဖြတ် မိမိကိုယ်ကိုမြှင့်တင်အပ်' ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောခဲ့သည်။ ထို့နောက် ပြန်/ဆက်ဦးစီးဌာနမှ ပြသထားသော မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ပညာပေး နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်များကို တက်ရောက်လာသူများက လေ့လာကြည့်ရှုခဲ့ကြသည်။

**သူဇာနွယ်(ဖျာပုံ)**

**လက်ပံတန်း**
အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ကလေးစာဖတ်ခန်း၌ ဇွန် ၂၂ ရက်က ကျင်းပရာ ပြိုင်ပွဲသို့ မြို့နယ်အတွင်း အခြေခံပညာကျောင်း ငါးကျောင်းမှ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ထို့နောက် တာဝန်ရှိသူများက ဆုများချီးမြှင့်ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း နံရံကပ်စာစောင်များ ပြသကာ လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့သည်။

**မောင်ရွှေဝင်း(ပြည်)**

**ချောင်းဆုံ**
မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်းပြီး ပြန်/ဆက်ဦးစီးဌာန ကွန်မြူနတီစင်တာခန်းမ၌ မူးယစ်ဆေးအန္တရာယ် ပညာပေး နံရံကပ်စာစောင်ပြပွဲနှင့် စာစီစာကုံးပြိုင်ပွဲကို ဇွန် ၂၂ ရက်က ကျင်းပခဲ့သည်။

စာစီစာကုံးပြိုင်ပွဲတွင် လက်ထောက် မြို့နယ်ပညာရေးမှူး ဦးတင်မျိုးနိုင်က စည်းမျဉ်းစည်းကမ်းများ ပြောကြားပြီးနောက် 'လူငယ်နှင့်အနာဂတ်လှပဖို့ မူးယစ်ဆေးကို ရှောင်ရှားစို့' ခေါင်းစဉ်ဖြင့် ကျင်းပပေးရာ မြို့နယ်အတွင်းရှိ အထက်တန်းနှင့် အလယ်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၃ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲအပြီးတွင် ဆုရသူများအား တာဝန်ရှိသူများက ဆုနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့နောက် မူးယစ်ဆေးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဆိုးကျိုးလက္ခဏာများ၊ မူးယစ်ဆေးသုံးစွဲသူများအား ကုသပေးခြင်းနှင့် ပညာပေးခြင်းစသည့် နံရံကပ်စာစောင်များကို ပြန်/ဆက်ဦးစီးဌာနက ခင်းကျင်းပြသခဲ့ကာ ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# မုံရွာစက်မှုဇုန် စွန့်ပစ်ရေများကြောင့် ဆင်သောက်ကန်အင်းမှ အနံ့ဆိုးများထွက်ကာ ဒေသခံများ၏ ကျန်းမာရေးအတွက် စိုးရိမ်နေရ

**မုံရွာ ဇွန် ၂၃**

မုံရွာစက်မှုဇုန်နယ်မြေအတွင်း လုပ်ကိုင်လျက်ရှိသော ကြာဆန်လုပ်ငန်း၊ သားရေလုပ်ငန်းနှင့် စက္ကူစက်ရုံများမှ စွန့်ပစ်ရေဆိုးများ၏ အနံ့ဆိုးများကြောင့် ဆင်သောက်ကန်အင်းအနီးရှိ ဆားကျင်းကျေးရွာနေ ဒေသခံပြည်သူများ၏ ကျန်းမာရေးနှင့် အလုပ်အကိုင်များနှင့်ပတ်သက်၍ စိုးရိမ်နေကြောင်း ဒေသခံပြည်သူများ၏ ပြောကြားချက်အရ သိရသည်။

အင်းအနီးပတ်ဝန်းကျင်ရှိ ဆားကျင်းကျေးရွာသည် အိမ်ခြေ ၂၀၀ ရှိပြီး လူဦးရေ ၉၀၀ ကျော်ရှိကာ ဆင်သောက်ကန်အင်းအတွင်းမှ ထွက်ရှိသော အနံ့ဆိုးများကြောင့် ဒေသခံများအနေဖြင့် အလုပ်အကိုင်များနည်းပါးလာသလို ကျန်းမာရေး ထိခိုက်မှုများကို ရင်ဆိုင်နေရကြောင်း သိရသည်။

"စက်မှုဇုန်မလုပ်ခင်က ဆင်သောက်ကန်အင်းမှာ လုပ်ကိုင်ကြတာ မြစ်ထဲကဝင်တဲ့ငါးတွေ ရကြတယ်၊ စက်မှုဇုန်ပေါ်လာပြီး ရေဆိုးစွန့်တာတွေက ကန်ထဲကိုရောက်လာပြီး နောက်ပိုင်းမှာတော့ အင်းထဲမှာငါးတွေ သေကုန်တယ်၊ ရေဆိုးတွေက နေအရမ်းပူရင် တအားအနံ့ဆိုးတယ်၊ ဟိုတုန်းက တစ်ရွာလုံးသောက်သုံးလို့ရတဲ့ ရေတွင်းတောင်မှ စွန့်ပစ်ရေတွေစိမ့်ဝင်တဲ့အတွက် ပျက်စီးသွားတာ အတော်ကြာပြီ၊ အခုနောက်ပိုင်းမှာ ရေပိုက်တွေနဲ့ သွယ်တန်းပြီး ရေချိုသုံးရတယ်၊ အဲဒီရေကလည်း မီးပျက်ရင်မလာတော့ဘူး၊ ကျွန်တော်တို့အနေနဲ့တော့ ဒီကန်ကြီးထဲက ရေဆိုးအနံ့တွေမနံရင်ပြီးရော၊ အနံ့ဆိုးကြောင့်ကိုယ်ဝန်ရှိတဲ့ အမျိုးသမီးတွေဆိုရင် ကိုယ်ဝန်အဆိပ်တက်တယ်၊ လူကြီးတွေဆိုရင် ခေါင်းကိုက်တယ်၊ နောက်ကျောတွေ တက်တယ်၊ ကလေးမွေးပြီးစ အမျိုးသမီးတွေဆိုရင် ကိုယ်ရောင်တာတွေအထိ ဖြစ်လာတယ်"ဟု ဆားကျင်းကျေးရွာနေ ဒေသခံ ဦးမြင့်ဌေးက ပြောသည်။



ဆင်သောက်အင်းသည် ယခင်က ရေချိုကန်ဖြစ်ပြီး ငါးလုပ်ငန်းဦးစီးဌာနက ငါးမွေးမြူရေးကန်အဖြစ်အသုံးပြုကာ ၁၉၉၀ ပြည့်နှစ်မှစတင်၍ မုံရွာစက်မှုဇုန် စတင်တည်ထောင်ပြီးနောက် ဇုန်အတွင်းရှိ ကြာဆန်စက် ကိုးစက်၊ သားရေစက်ရုံငါးရုံ၊ စက္ကူစက်ရုံ တစ်ရုံ၊ နို့ချက်စက်ရုံ တစ်ရုံတို့မှ စွန့်ပစ် ရေဆိုးများကို ဆင်သောက်ကန်အင်းအတွင်းသို့ နေ့စဉ်စွန့်ပစ်နေကြောင်း သိရသည်။

မုံရွာစက်မှုဇုန်ကော်မတီဥက္ကဋ္ဌ ဦးဝေတင့်က "စက်မှုဇုန်က ရေဆိုးတွေနဲ့ပတ်သက်ပြီး စမ်းသပ်မှုတွေ လုပ်နေပါတယ်၊ စိမ်းလန်းအမိမြေနဲ့ ချိတ်ဆက်ပြီးတော့ လေထုတိုင်းတာခြင်း၊ ရေဆိုးတိုင်းတာခြင်းလုပ်ငန်းတွေကို လုပ်ဆောင်ခဲ့တယ်၊ ကြာဆန်စက်တွေ၊ စက္ကူစက်၊ နို့ချက်စက်ရုံနဲ့ သားရေစက်ရုံတွေက ရေဆိုးတွေကိုစွန့်ပစ်တယ်၊ ဒီရေထဲမှာ ဘာတွေပါသလဲ၊ အသေးစိတ်တိုင်းထွာပြီးတော့ ဓာတ်ခွဲစမ်းသပ်ခဲ့တာ အခုဆိုရင် အဖြေတွေလည်း ထွက်လာပါပြီ၊ အဲဒီအတွက် စက်ရုံဒီဇိုင်းတွေ ဆွဲပြီးပြီ၊ မြေနေရာလည်း တိုင်းထွာပြီးပြီ၊ စွန့်ပစ်ရေဆိုးထွက်ရှိတဲ့ စက်ရုံ ၁၆ လုံးအတွက် ထောက်ပံ့ငွေကျပ်သိန်းပေါင်း ၁၂၀၀၀ ခန့်နဲ့ ရေဆိုးသန့်စင်တဲ့စက်ရုံတည်ဆောက်သွားဖို့ အစီအစဉ် ရှိပါတယ်"ဟု ပြောသည်။

မုံရွာစက်မှုဇုန် မတည်ထောင်ခင်အချိန်က ကျေးရွာနေပြည်သူများသည် အင်းပတ်လည်တွင် စပါးစိုက်ပျိုးခြင်း၊ ကန်စွန်းရွက်စိုက်ပျိုးခြင်း၊ ကုလားပဲနှင့် သီးထပ်သီးညှပ်စိုက်ပျိုးရေးကို လုပ်ကိုင်ကြပြီး ယခုအချိန်တွင် စွန့်ပစ်ရေဆိုးများကြောင့် စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်၍မရတော့ဘဲ ကျေးရွာနေပြည်သူများ အလုပ်အကိုင်ရှားပါး၍ အခြားလုပ်ငန်းများကို ပြောင်းရွှေ့လုပ်ကိုင်နေကြရကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# ပြွန်တန်ဆာမြို့၌ မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေး

**ညောင်လေးပင် ဇွန် ၂၃**

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ တည်ထောင်တော်မူသော ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ရှိ သီတဂူစက္ခုဒါနဆေးရုံကြီး၌ မျက်စိဝေဒနာရှင်များအား ဇွန်လ ၂၂ ရက်မှစ၍ အခမဲ့စမ်းသပ်ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မျက်စိရောဂါများကုသပေးရာတွင် သီတဂူဆရာတော်ကြီး၏ဩဝါဒကို ခံယူကာ ဇမ္ဗူအေးတောရ (အင်းဝိုင်း)ဆရာတော်၏ လမ်းညွှန်မှုဖြင့် သီတဂူသာသနာပြုအဖွဲ့ ဥက္ကဋ္ဌ မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာမြအောင် ဦးဆောင်သော မျက်စိအထူးကုဆရာဝန်ကြီးများက စစ်ဆေးကုသပေးပြီး ဇွန် ၂၂ ရက်မှ ၂၅ ရက်အထိအတွင်း မျက်စိဝေဒနာရှင် ၁၅၀၀ အား အခမဲ့စမ်းသပ်ကုသပေးရန်နှင့် ခွဲစိတ်ရန်လိုအပ်သော မျက်စိဝေဒနာရှင်များကို အခမဲ့ခွဲစိတ်ကုသပေးရန်လည်း စီစဉ်ထားကြောင်း၊ သီတဂူဆေးရုံသို့ ညောင်လေးပင်မြို့နယ်၊ ကျောက်တံခါးမြို့နယ်၊ ဒိုက်ဦးမြို့နယ်၊ ရွှေကျင်မြို့နယ်အပြင် အခြား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ မျက်စိဝေဒနာရှင်များ လာရောက်ကုသမှုခံယူလျက်ရှိကြောင်း သီတဂူစက္ခုဒါနဆေးရုံ စီမံအုပ်ချုပ်ရေး ကော်မတီမှ သိရသည်။ ယခု အခမဲ့ မျက်စိစမ်းသပ်ကုသပေးခြင်းသည် ပြွန်တန်ဆာမြို့သီတဂူစက္ခုဒါန ဆေးရုံတော်၌ စတုတ္ထအကြိမ်မြောက် ပြုလုပ်ပေးခြင်းဖြစ်ပြီး မျက်စိရောဂါကုသပေးနေမှုကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်း၊ ညောင်လေးပင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနော်မိုင်လှကြည်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလာရောက်ကြည့်ရှုကာ ပရဟိတအဖွဲ့များ၊ အလှူရှင်များနှင့် ပူးပေါင်းပြီး မျက်စိဝေဒနာရှင်များ အဆင်ပြေစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ရဲမြန်မာ(ညောင်လေးပင်)**



# ရေနံချောင်းမြို့တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး သင်တန်းဖွင့်

**ရေနံချောင်း ဇွန် ၂၃**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ရှိ Peace and Young Active, Z&Y Group က ကြီးမှူး၍ မြို့နယ်တွင်းရှိ ပညာပါရမီ၊ ရွှေရေနံ့သာ၊ လူငယ်ကွန်ရက်၊ Z&Y နှင့် စေတုတ္တရာမြို့လူငယ်ကွန်ရက် စသည့် အဖွဲ့အစည်းများ ပူးပေါင်းကာ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး သင်တန်းကို ဇွန် ၂၂ ရက်က ဖွင့်လှစ်ခဲ့ပြီး ၂၄ ရက်အထိ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ရေနံချောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကွန်မြူနတီစင်တာ၌ ဖွင့်လှစ်သည့် အဆိုပါသင်တန်းတွင် ဦးပီတာက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အချက်အလက်များဖြစ်သည့် အော်ဂဲနစ်စိုက်ပျိုးရေး၊ ဆေးအမျိုးမျိုး အကြောင်း၊ သစ်တောထိန်းသိမ်းခြင်းနှင့် မျိုးစေ့ဘဏ်အကြောင်း ဆက်စပ်မှု၊ ရေမြောင်းနှင့် သောက်သုံးရေသန့်ရှင်းမှု အကြောင်း၊ လေရေ ညစ်ညမ်းမှုကို ဘယ်လို လျှော့ချမည်နည်းနှင့် မိရိုးဖလာ မျိုးစေ့ထိန်းသိမ်းရေး စသည့် အကြောင်းအရာများကို "ကမ္ဘာခြုံစနစ်မှ ဒေသမူမပျက်လူမှုဘဝ" ခေါင်းစဉ်ဖြင့် ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။



တောင်သူများအနေဖြင့် သီးပင်စားပင်များကို စနစ်တကျ စိုက်ပျိုးခြင်းဖြင့် စားသုံးသူပြည်သူများအနေဖြင့် အော်ဂဲနစ်သီးနှံများ စားသုံးရ၍ ပြည်သူလူထု၏ ကျန်းမာရေးကို အကျိုးပြုနိုင်ရေး၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးမှတစ်ဆင့် မိသားစုဝင်ငွေ တိုးပွားလာအောင် ဆောင်ရွက်နိုင်ရေး၊ တောင်သူများ၏ သားသမီးများအနေဖြင့် အရွယ်ရောက်ချိန်တွင် ပြည်ပနိုင်ငံများသို့သွားရောက်ကာ ဈေးပေါသော အလုပ်သမားများဘဝသို့ ရောက်ရှိနေကြခြင်းကို ကာကွယ်နိုင်ရေးနှင့် မိမိတို့နေထိုင်ရာ ကမ္ဘာမြေကြီး၏ သဘာဝပတ်ဝန်းကျင်ကို တစ်နိုင်တစ်ပိုင် ထိန်းသိမ်းစောင့်ရှောက်သွားကြရန် ပညာပေးနိုင်ရေး ရည်ရွယ်ချက်များဖြင့် မျိုးဆက်သစ်လူငယ်များအား အသိပညာ ပေးသင်တန်း ပို့ချပေးခြင်းဖြစ်ကြောင်း ဦးပီတာ(စာရေးဆရာနီးကို)က ပြောသည်။

**ငြိမ်းငြိမ်းအိ**

# ဇလွန်မြို့နယ်မှ ရေနစ်မြုပ်လယ်ယာမြေများကို ကွင်းဆင်းစစ်ဆေး

**ဇလွန် ဇွန် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် ဇွန်လအတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြို့နယ်အတွင်းရှိ စိုက်ပျိုးပြီးလယ်မြေ ၂၄၆၀၃ ဧကအနက် ၆၄၄၇ ဧကတွင် ရေဝင်ရောက်နစ်မြုပ်မှုများဖြစ်ပြီး ကျေးရွာအုပ်စု လေးအုပ်စုမှ တောင်သူ ၁၇၉၁ ဦး၏ လယ်မြေများ ရေကြီးနစ်မြုပ်မှု ကြုံတွေ့နေရကြောင်း သိရသည်။

ရေကြီးနစ်မြုပ်လျက်ရှိသော လယ်မြေများအနက် ကျုံခမွန်ကျေးရွာ ဗျင်းညားကျေးရွာများမှ လယ်မြေများသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်အောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဇွန် ၂၂ ရက်က သွားရောက်ကြည့်ရှုခဲ့ကြပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ ရေပြန်ကျသွားချိန်တွင် အချိန်မီ ထွန်ယက်ရေး၊ မျိုးစပါးမျိုးကောင်းမျိုးသန့်များ ရရှိရေး၊ ရေစီးရေလာကောင်းမွန်ရေးတို့ကို တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပြီး တောင်သူများ၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြသည်။ ဇလွန်မြို့နယ်တွင် ဇွန် ၂၂ ရက်က မိုးရေချိန်မှာ ၀ ဒသမ ၁၆ လက်မနှင့် မြစ်ရေတက်ရောက်မှုမှာ ၃၁ ဒသမ ၈၅ လက်မရှိကာ ဇလွန်မြို့နယ်၏ မြစ်ရေ စိုးရိမ်ရေမှတ်မှာ ၃၈ လက်မဖြစ်ကြောင်း သိရသည်။

**ငွေသန်း**

# နေပြည်တော်၌ ရေဘေးကာကွယ်ရေး ကြိုတင်ဇာတ်တိုက်လေ့ကျင့်

**နေပြည်တော် ဇွန် ၂၃**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် ဇီးကုန်းကျေးရွာအုပ်စု ကုလားရွာကျေးရွာ၌ ရေဘေးအန္တရာယ်ကာကွယ်ရေး ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ကြီးမှူး၍ ဒေသခံပြည်သူများပါဝင်ပြီး ဇွန် ၂၂ ရက်က ပြုလုပ်ခဲ့သည်။

ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးလက်နေပြည်သူများ စုစုပေါင်း အင်အား ၃၀၀ ခန့် ပူးပေါင်းပါဝင်၍ သရုပ်ပြလေ့ကျင့်ကြပြီးနောက် ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဆန်းထွန်းက အမှာစကားပြောကြားကာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်ကျော်ထွန်းက သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေနွယ်ကျော်ဇော က သဘာဝဘေးအန္တရာယ်ဆိုင်ရာနှင့်ပတ်သက်သည့် ဆောင်ရန်ရှောင်ရန်အချက်များကို ဆွေးနွေးဟောပြောခဲ့ပြီး ထောက်ပံ့ပစ္စည်းများနှင့် လက်ကမ်းစာစောင်များကို တာဝန်ရှိသူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဝမ်းတွင်းမြို့နယ်တွင် အခြေခံပညာ အလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်

**ဝမ်းတွင်း ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် အိုမတွေ့ကျေးရွာအုပ်စု အိုမတွေ့ကျေးရွာတွင် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို အလယ်တန်းကျောင်းအဖြစ် ဇွန် ၂၂ ရက်က အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့သည်။

ဖွင့်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်စိုး၊ လက်ထောက်ပညာရေးမှူး ဦးမြင့်စန်းဦးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာဝင်းရှိန်တို့က ကျောင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စံပယ်က ပြောင်းလဲနေသောပညာရေးစနစ်အကြောင်းနှင့် ကျောင်းသမိုင်းကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါကျောင်းသည် ၁၉၅၄ ခုနှစ်က မူလတန်းကျောင်း၊ ၂၀၀၀ ပြည့်နှစ်တွင် တွဲဖက်အလယ်တန်းကျောင်း၊ ၂၀၁၃ခုနှစ်တွင် အလယ်တန်းကျောင်းခွဲအဆင့်များဖြင့် ဖွင့်လှစ်ခဲ့ပြီး ယခုနှစ်တွင် အလယ်တန်းအဆင့်သို့ တိုးမြှင့်နိုင်ခဲ့ခြင်းဖြစ်သည်။

**ဌေးလှိုင်(ဝမ်းတွင်း)**



နှလုံးသားထဲကမြန်မာ
MPT Club
MPT ရှေ့သို့လှမ်းချီ မြန်မာပြည်
MPT သုံးစွဲသူအားလုံးအတွက် MPT Club အစီအစဉ်ကို စတင်မိတ်ဆက်လိုက်ပါပြီ။
MPT Club အစီအစဉ်ဆိုတာ ဘယ်လိုမျိုးလဲ?
MPT Club မှာ စာရင်းပေးသွင်းပြီး MPT နဲ့ ဖုန်းငွေဖြည့်ဖြည့်၊ အကျိုးတူပူးပေါင်းထားတဲ့ဆိုင်တွေက ပစ္စည်းတွေဝယ်ဝယ်၊ Point ဒါမှမဟုတ် တစ်ခြားလက်ဆောင်တွေ ရရှိနိုင်မယ့် အစီအစဉ်ပေါ့...
MPT Club ကနေ Point တွေ ရလာရင်ရော ဘယ်မှာပြန်သုံးလို့ရမှာလဲ?
Point တွေနဲ့ MPT ဝန်ဆောင်မှုတွေ (ဒါမှမဟုတ်) MPT နဲ့ အကျိုးတူပူးပေါင်းထားတဲ့ ဆိုင်တွေကနေ သတ်မှတ်ထားတဲ့ ပစ္စည်းတွေကို ပြန်လဲလှယ်ရယူနိုင်မှာပါ။
MPT ဝန်ဆောင်မှု ဆိုတာက?
MPT Club အစီအစဉ်အတွက် သီးသန့်ပြုလုပ် ပေးထားတဲ့ package တွေကို ဆိုလိုခြင်းဖြစ်ပါတယ်။
MPT Club အစီအစဉ်မှာ ပါဝင်ဖို့အတွက်ဆိုရင် ဘယ်လိုလုပ်ရမလဲ?
*345# ကို ဖုန်းခေါ်ဆိုပြီး Register လုပ်ပြီးတာနဲ့ အစီအစဉ်မှာ ပါဝင်ပြီးသားဖြစ်ပြီလေ။ ဒါ့အပြင် အဖွင့်လက်ဆောင်အနေနဲ့ Point တွေ ပါရဦးမှာနော်
Yayy!!
Yes!!
*345# ကို ဖုန်းခေါ်ဆိုပြီး MPT Club မှာ ပါဝင်လိုက်ရအောင်။
အထူးအစီအစဉ်အနေနဲ့ ဇွန်လ ၃၀ရက် အထိ
Register လုပ်ပြီး ဖုန်းငွေဖြည့်တိုင်း
Point ၂ဆ ရဦးမှာနော်။
အသေးစိတ်အချက်အလက်ကို http://mpt.com.mm/mm/mpt-club-mm/ မှာ သွားရောက်ကြည့်ရှုနိုင်ပါတယ်။
အသေးစိတ်သိရှိလိုပါက www.mpt.com.mm www.facebook.com/mptofficialpage MPTOFFICIAL
CALL CENTER 106 call free 24 hours everyday

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်နေ ဦးကောင်းဇော်ဖြိုး ၉/ခအဇ(နိုင်)၀၁၆၇၇၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ "Major ticket" အမည်ရှိ အောက်ဖော်ပြပါ ဆိုင်အမှတ်တံဆိပ်အမည်အမှတ်အသားကို မန္တလေးမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် (၁၂၅၂/၂၀၁၈)အရ တရားဝင်မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

Major ticket

မေဂျာလက်မှတ်

သို့ဖြစ်ပါ၍ ဖော်ပြပါ "Major ticket" အမည်အမှတ်တံဆိပ်အမှတ်အသားကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံး၌ လိုအပ်သလို ဝန်ဆောင်မှုလုပ်ငန်းများ၊ ဖြန့်ဖြူးရေးလုပ်ငန်းများ အစရှိသည့် လုပ်ငန်းရပ်အသီးသီးတွင် အသုံးပြု၍ လုပ်ငန်းခွဲများ ထပ်မံဖွင့်လှစ်တိုးချဲ့လုပ်ကိုင်ရာတွင် အသုံးပြုသွားရန်အတွက် မှတ်ပုံတင်သွင်းကြေညာခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ "Major ticket" အမည်ရှိ ခရီးသွားလက်မှတ်ဝန်ဆောင်မှုလုပ်ငန်းများအား မန္တလေးမြို့တွင် လုပ်ကိုင်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေတစ်ဦးတည်းမှုပိုင်ဖြစ်သော "Major ticket" ဟူသော ဆိုင်အမှတ်တံဆိပ်အမည်အမှတ်အသားကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှားထင်ယောင်ထင်မှား တုပသုံးစွဲခြင်းများမပြုလုပ်ကြပါရန် ကြေညာအပ်ပါသည်။ အဆိုပါ "Major ticket" ဟူသော အမှတ်အသား၏အရှေ့မှလည်းကောင်း၊ အလယ်မှလည်းကောင်း၊ နောက်မှလည်းကောင်း၊ တစ်စုံတစ်ရာစာတမ်းများ၊ ဖြည့်စွက်၍ တံဆိပ်အမည်အမှတ်အသားကို မှတ်ပုံတင်ခြင်းမပြုလုပ်ကြပါရန် ကြေညာအပ်ပါသည်။

အကယ်၍ မည်သူမဆို ကျွန်ုပ်မိတ်ဆွေ၏ အကျိုးစီးပွားထိခိုက်နစ်နာစေရန်ရည်ရွယ်၍ ဆိုင်၏အမှတ်တံဆိပ်အား တုပသုံးစွဲဆောင်ရွက်ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ-**
**ဦးကောင်းဇော်ဖြိုး**
**၉/ခအဇ(နိုင်)၀၁၆၇၇၆**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးမြတ်သူ LL.B, Dip.in Business Law**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၆၄၁)**
**အမှတ် (C-1)၊ လမ်း ၆၅ × ၆၆ ကြား၊ ၄၂လမ်း၊**
**မေတ္တာလမ်းသွယ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့**

## အများသိစေရန် ကြေညာအပ်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ၅၁ လမ်း၊ အကောက်ခွန်အိမ်ရာ၊ ၂၈ ခန်းတွဲ၊ အခန်းအမှတ်(၄)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထွန်းမင်း ၁၂/အစန(နိုင်)၁၁၈၉၇၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ ဘူတာရုံလမ်း(ခ)ရွာလယ်လမ်း၊ အမှတ် ၈၂၀၊ အကျယ်အဝန်း(၅၅ပေ ×၂၅ပေ)ရှိ မြေပေါ်တွင် နှစ်ထပ်ပျဉ်ထောင်အိမ်တစ်လုံးတည်ရှိရာ အဆိုပါအိမ်တွင် ကျွန်ုပ်၏မိတ်ဆွေမှ ဦးဉာဏ်ထွန်းသိန်းနှင့် ဒေါ်ခင်ခင်သော်တို့အား အခမဲ့ခွင့်ပြုချက်ဖြင့် နေထိုင်ခွင့်ပြုခဲ့ပါသည်။ ၎င်းလင်မယားမှ ကျွန်ုပ်မိတ်ဆွေ၏ခွင့်ပြုချက်တစ်စုံတစ်ရာရယူခြင်း၊ အသိပေးခြင်းမရှိဘဲ ၎င်းတို့နှင့်ပတ်သက်ဆက်နွယ်သူ ဒေါ်ဝေဝေနွယ်ဆိုသူအား ထပ်ဆင့်ငှားရမ်းနေထိုင်ခွင့်ပြုခဲ့သည့် ကိစ္စနှင့်ပတ်သက်၍ မြောက်ပိုင်းခရိုင်တရားရုံးတော်တွင် တရားစွဲဆိုခဲ့ရာ တရားမကြီးအမှုအမှတ် ၁/၂၀၁၅ဖြင့် လက်ခံ၍ ကြားနာစစ်ဆေးပြီးနောက် အခမဲ့ခွင့်ပြုချက်နှင့် နေထိုင်သူများနှင့်ပတ်သက်ဆက်နွယ်သူ ဦးဉာဏ်ထွန်းသိန်း ပါ(၃)ဦးတို့အား နေအိမ်မှ နှင်ထုတ်ဖယ်ရှား၍ အချင်းဖြစ်မြေနှင့်အိမ်ကို ကျွန်ုပ်၏မိတ်ဆွေသို့ လက်ရောက်ပေးအပ်စေရန် စရိတ်နှင့်တကွ ဒီကရီတစ်ရပ်ကို ချမှတ်ခဲ့ပါသည်။ ဆက်လက်၍ ကျွန်ုပ်၏မိတ်ဆွေမှ မြေနှင့်အိမ်ကို လက်ရောက်လွှဲပြောင်းပေးအပ်နိုင်ရန်အတွက် မူလရုံးတော်တွင် တရားမဇာရီမှုအမှတ် ၆၀/၂၀၁၇ ဖွင့်လှစ်၍ အမှုဆောင်ရွက်နေဆဲဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အချင်းဖြစ်မြေနှင့်အိမ်ကို ကျွန်ုပ်မိတ်ဆွေ၏ တရားဝင်ခွင့်ပြုချက်ရရှိခြင်းမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးအပ်ခြင်းမပြုလုပ်ကြရန် အများသိရှိစေရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြင့်သိန်း LL.B.,D.I.L.,D.A.Psy တရားလွှတ်တော်ရှေ့နေ (စဉ်-၇၈၅၀)**
**တိုက်အမှတ် ၂၈/၃၂၊ ဗိုလ်ကလေးဈေးလမ်း၊ (၆)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁၈-၃၉၈၅၉၃၊ ၀၉-၅၁၈၅၁၃၂**

## အမည်မှန်

လှိုင်ကော်မြို့၊ အထကခွဲ (လောပိတ) ရှမ်းရွာ၊ ဆဋ္ဌမတန်းမှ (ဘ)ဦးစိုးဝင်းထွေး၏သား မောင်ကျော်စိုးဟိန်း၏အမည်မှန်မှာ မောင်ဖြိုးဟိန်း ဖြစ်ပါကြောင်း။ **မောင်ဖြိုးဟိန်း**

## မိခင်အမည်မှန်

လှိုင်ကော်မြို့၊ အထကခွဲ (လောပိတ)ရှမ်းရွာ၊ ဆဋ္ဌမတန်းမှ မသူဇာဝင်း၏ မိခင်အမည်မှန်မှာ ဒေါ်နန်းငဲ ၂/လကန(နိုင်)၀၇၉၃၉၇ ဖြစ်ပါကြောင်း။ **ဒေါ်နန်းငဲ**

## မိဘအမည်မှန်

လှိုင်ကော်မြို့၊ အထကခွဲ (လောပိတ) ရှမ်းရွာ၊ သတ္တမတန်း (A)မှ မဇင်ဦး၏ မိဘအမည်မှန်မှာ ဦးအောင်ဇော်ဦး ၂/လကန(နိုင်)၀၀၁၃၅၈ နှင့် ဒေါ်နန်းငဲ ၂/လကန(နိုင်)၀၇၉၃၉၇ ဖြစ်ပါကြောင်း။
**ဦးအောင်ဇော်ဦး-ဒေါ်နန်းငဲ**

## အမည်မှန်

လားရှိုးမြို့၊ အထက (၉)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မစန္ဒာထွန်း၏အမည်မှန်မှာ မစိုးစန္ဒာထွန်း ဖြစ်ပါသည်။

## အမည်မှန်

လားရှိုးမြို့၊ အထက (၃)၊ တက္ကသိုလ်ဝင်တန်းမှ နန်းဆိုင်ဟွမ်၏အမည်မှန်မှာ နန်းဆိုင်မိုဟွမ် ဖြစ်ပါသည်။

## အမည်မှန်

လားရှိုးမြို့၊ စိတ္တသုခ ဘုန်းတော်ကြီးပညာသင်ကျောင်း ဒုတိယတန်းမှ မောင်ငြိမ်းချမ်းကိုကို၏အမည်မှန်မှာ မောင်ကျုပ်ဗဟာဒူး ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅/ထန်းတပင်ရပ်)၊ မြေကွက်အမှတ် (ဒ-၆၀၁၈)၊ ဧရိယာ ၀ဒသမ၀၅၅ ဧကရှိ ဒေါ်မွန်မွန်အောင် (ဘ)ဦးအောင်မြင့် ၁၂/ကမရ(နိုင်)၀၅၆၉၇၉ အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်ခိုင်ဇာမွန် (ဘ)ဦးထွန်းလှ ၉/ခမစ(နိုင်)၀၀၃၁၃၈ မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ရတနာအိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ် (၁)၊ မြေကွက်အမှတ် (၁၅၁)၊ မြေဧရိယာ ၀ဒသမ၂၀၂ဧကရှိ မြေကွက်ကို အမည်ပေါက် ဦးအုန်းမြင့် ၁၂/ကတတ(နိုင်)၀၀၃၄၇၃ထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဝယ်ယူထားသူ ဒေါ်လှျို့အိုက်လီ(ခ)မြင့်မြင့်ဝေ ၁၃/နခန(ဧည့်)၀၀၀၁၀၈ မှ မြေငှားစာချုပ်(ဂရန်)ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေယာဌာနခွဲ၊ နေပြည်တော်သို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေယာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးအမှတ် (၄၀)၊ နေပြည်တော်**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အနောက်ဈေးဟောင်းလမ်း၊ အိမ်အမှတ် (၄၉)တွင် နေထိုင်သူ ဒေါ်လှလှဝင်း ၁၂/တမန(နိုင်)၀၉၁၄၇၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဦးချစ်မောင်လမ်းမကြီး၊ အိမ်အမှတ် (၁၀၃)၊ (ပေ၂၀×ပေ၄၀)အကျယ်အဝန်းရှိသော နှစ်ထပ်တိုက်ခံ သွပ်မိုးအဆောက်အအုံနှင့် ဗဟန်းမြို့နယ်၊ ဦးချစ်မောင်လမ်းမကြီး၊ အိမ်အမှတ် (၁၀၅)၊ (ပေ ၁၀× ပေ၄၀) အကျယ်အဝန်းရှိသော နှစ်ထပ်တိုက်ခံ သွပ်မိုးအဆောက်အအုံတို့သည် ကွယ်လွန်သူများဖြစ်ကြသော အမွေရှင် ဦးစန်းအောင်နှင့် ဒေါ်သန်းရီတို့၏ အမွေပုံပစ္စည်းများဖြစ်ပါသည်။ ဒေါ်သန်းရီသည် လွန်ခဲ့သည့် (၂)နှစ်ခန့်က ကွယ်လွန်ခဲ့ပြီးနောက် ယနေ့အချိန်ထိ အမွေခွဲဝေရခြင်းမရှိဘဲ ဖော်ပြပါအမွေပုံပစ္စည်းများကျန်ရစ်ခဲ့ပါသည်။ အဆိုပါအမွေပုံပစ္စည်းများအား ခွဲဝေရခြင်းမပြုမီ အမွေဆိုင်ဖြစ်သူ ဒေါ်လှလှဝင်းမသိရှိဘဲ၊ သဘောတူညီမှုမရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ အမည်ပြောင်းလဲခြင်း မပြုလုပ်ကြပါရန် လေးစားစွာ အသိပေးအပ်ပါသည်။ သို့မဟုတ်ပါက ကျွန်ုပ်အမှုသည်၏ နစ်နာမှုအဝဝကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမိုးဟိန်း (တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၁၅၈၁)**
**အမှတ် (၁၄)၊ နွယ်နီလမ်း၊ ၆ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၀၁၈၆၈၂**







## ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ကန့်ဘလူမြို့နယ်တရားရုံးတော်**
**၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ်-၄၃ နှင့်ဆက်နွယ်သည့်**
**၂၀၁၈ ခုနှစ် တရားမဇာရီမှုအမှတ်-၁၀**

| | | |
|---|---|---|
| ၁။ ဦးဘမော် (၎င်းကိုယ်တိုင်နှင့် ဦးမောင်မောင်ကြီး၏ ကိုယ်စားလှယ်စာရသူ) | နှင့် | ၁။ ဦးဝင်းအောင်(ခ)ကိုမိုး |
| ၂။ ဦးမောင်မောင်ကြီး | | ၂။ ဒေါ်သန်းသန်းဝင်း |
| | | ၃။ ဦးတင်အောင် |
| | | ၄။ မတင်နွယ်အေး (ကွယ်လွန်သူ ဒေါ်ခင်ပြုံး၏ တရားဝင်ကိုယ်စားလှယ်) |
| | | ၅။ ဦးအောင်ကျော်ထွန်း |
| | | ၆။ ဒေါ်နွယ်နွယ်ဝင်း |
| | | ၇။ ဒေါ်သန်းသန်းမြင့် |
| **ဒီကရီအနိုင်ရသူများ** | | **တရားရှုံးများ** |

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့၊ အမှတ် (၂)ရပ်ကွက်၊ မတင်နွယ်အေး (ကွယ်လွန်သူ ဒေါ်ခင်ပြုံး၏ တရားဝင်ကိုယ်စားလှယ်) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ်-၄၃တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်များက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၈ ခုနှစ် ဇူလိုင် ၁၁ ရက် (၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလပြည့်ကျော် ၁၄ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၁၈ ခုနှစ် ဇွန် ၂၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သူရစိုးဝင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ကန့်ဘလူမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ ၁ နှင့် ၅)**
**အင်းတော်မြို့နယ်တရားရုံးတော်၌**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၅**

| | | |
|---|---|---|
| မစိုးပပဝင်း | နှင့် | မောင်အောင်ဟိန်းကျော် |
| **တရားလို** | | **တရားပြိုင်** |

ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ် မငေးကလေးကျေးရွာနေ မောင်အောင်ဟိန်းကျော် (ယခင်ဗိုလ်ကြီးအောင်ဟိန်းကျော်) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ မစိုးပပဝင်းက အကြင်လင်မယားအဖြစ်မှ ကွာရှင်းပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၈ ခုနှစ် ဇူလိုင် ၉ ရက် (၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဇွန် ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖြိုးဝေစိုး)**
**မြို့နယ်တရားသူကြီး**
**အင်းတော်မြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5L/6840 ISUZU ELF NPR81, L/T (4×2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မာထွေး ၁၂/ဥကမ(နိုင်)၀၂၆၀၅၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၇ဂ/၇၅၂၁ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8I/3193 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော် ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၁)အုပ်စု၊ ငွေတောင်ရပ်၊ ဗိုလ်မိုးလမ်း၊ အမှတ်(၁၀/၂၃)နေ (ဦးအေးကို)-ဒေါ်ဖြူဖြူဆင့်တို့၏သား ကိုငြိမ်းချမ်းအောင် ၉/ပမန(နိုင်)၁၄၂၈၉၂ သည် မိခင်ဖြစ်သူအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **မိခင်- ဒေါ်ဖြူဖြူဆင့် ၉/တကန(နိုင်)၀၄၁၀၀၃**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ရေနံချောင်းမြို့၊ ချိုင်းကျေးရွာအုပ်စု၊ သပြေစမ်းကျေးရွာနေ ဦးကျော်ဝင်းလေး၏သား ဦးဝင်းမြင့် ၈/ရနခ(နိုင်)၀၈၄၆၂၅ နှင့် ဦးမောင်မောင်ရွှေမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးဝင်းမြင့်(ခ)ဦးမောင်မောင်ရွှေ**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအုန်းမြင့်၏
၁။ မှတ်ပုံတင်ကတ်
၂။ ပင်စင်ထုတ်ကတ်
၃။ ယာဉ်မောင်းလိုင်စင်
၄။ ရွှေတိဂုံရောင်တော်ဖွင့်အသင်းကတ်

၂၀/၆/၂၀၁၈ နံနက် (၀၆:၀၀)ခန့်တွင် ရွှေတိဂုံဘုရားလမ်းနှင့် ဗိုလ်ချုပ်လမ်းဆုံတွင် ပျောက်ဆုံးခဲ့ပါ၍ တွေ့ရှိပါက ဖုန်း-၀၉-၅၀၁၀၃၆၇၊ ၀၁-၇၀၈၆၇၇ သို့ ဆက်သွယ်ပေးပါရန် ကျေးဇူးဆပ်ပါမည်။

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7J/4994၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ ယူရိုငွေ ၁ ဒသမ ၃၇၈ သန်းတန်ဖိုးရှိ ကျောက်မျက် ၆၉ တွဲ ရောင်းချ

နေပြည်တော် ဇွန် ၂၃

**(၅၅) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့အဖြစ် ယနေ့ နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။**



ယနေ့ကျင်းပသည့် ကျောက်မျက်ရောင်းချပွဲ၌ အခြေခံဈေးနှုန်း ယူရိုငွေ ၅၀၀ နှင့်အထက် တန်ဖိုးသတ်မှတ်သည့် ကျောက်မျက်အတွဲပေါင်း ၃၃၆ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချရာ ကျောက်မျက်ရတနာကုန်သည်များက ယူရိုငွေ ၁ ဒသမ ၃၇၈ သန်းတန်ဖိုးရှိ ကျောက်မျက်အတွဲပေါင်း ၆၉ တွဲကို ဈေးပြိုင်ဝယ်ယူခဲ့ကြသည်။

ထို့ပြင် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမနှင့် ပရဝဏ်အတွင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဇွန် ၂၄ ရက်မှ ၂၉ ရက်အထိ ရောင်းချမည့် အခြေခံဈေးနှုန်း ယူရိုငွေ ၄၀၀၀ နှင့်အထက် ကျောက်စိမ်းအတွဲများ၊ အခြေခံဈေးနှုန်း ယူရိုငွေ ၁၀၀၀ နှင့်အထက် အချောထည် ကျောက်စိမ်းတွဲများကို ကြည့်ရှုလေ့လာကြပြီး သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ဈေးနှုန်းတင်သွင်းလွှာများကို အပြိုင်အဆိုင် ထည့်သွင်းကြသည်။

အဆိုပါ ကျောက်စိမ်းအတွဲများ၌ အခြေခံဈေးနှုန်း ယူရိုငွေ တစ်သန်း နှင့်အထက် တင်ပြရောင်းချသည့် ကျောက်စိမ်းအတွဲ ၁၄ တွဲ ပါရှိပြီး ယင်းအတွဲများအနက် ယူရိုငွေ ၁၅ သန်း ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲ တစ်တွဲလည်း ပါဝင်ကြောင်း သိရသည်။

ကျောက်စိမ်းအတွဲများကို ပြည်ပမှ တရုတ်နိုင်ငံသား ကျောက်မျက် ရတနာကုန်သည်များက အများဆုံး ဝယ်ယူကြပြီး ယခုပြပွဲတွင်လည်း ထိုင်း၊ ကနေဒါ၊ ဩစတြေးလျနှင့် အမေရိကန်နိုင်ငံတို့မှ ကျောက်မျက်ရတနာ ကုန်သည်များထက် ပိုမိုလာရောက်ကြောင်း သိရသည်။

"ကျွန်တော် နေ့တိုင်း ကျောက်စိမ်းအတွဲကိုကြည့်ပြီး အကြိုက်တွေ့တဲ့ ကျောက်စိမ်းတွဲတွေကို ဈေးပြိုင်ဝင်ဆွဲပါတယ်၊ *စာမျက်နှာ ၇ ကော်လံ ၁* ✻

(၅၅) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့တွင် ပြသထားသော ကျောက်စိမ်းအတွဲများကို ရတနာကုန်သည်များ ကြည့်ရှုစစ်ဆေးစဉ်။


၂၀၁၇ ခုနှစ်အတွက် အကောင်းဆုံး အားကစားသမားဆုများချီးမြှင့် စာ-၅

မိုးညှင်းနှင့် မောင်တောမြို့တို့၌ ငွေကျပ်သိန်းပေါင်း ၂၄၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် တူမီးသေနတ်တစ်လက် ဖမ်းဆီးရမိ စာ-၁၃


# လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်နှင့် ထိပ်ဆုံးမှ ရန်ကုန်သရေကျ

**တောင်ကြီး ဇွန် ၂၃**

၂၀၁၈ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၇)ပထမနေ့ကို ယနေ့ညနေပိုင်းက ကွင်းသုံးကွင်း၌ ကျင်းပသည်။

တောင်ကြီးကွင်း၌ ကျင်းပသောပွဲတွင် ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်း ဂိုးမရှိ သရေကျခဲ့သည်။ ရန်ကုန်အသင်းသည် အဝေးကွင်း၌ သရေကစားနိုင်ခဲ့သောကြောင့် ထိပ်ဆုံးနေရာတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်း၌ အနိုင်ရရန် ကြိုးပမ်းခဲ့သော်လည်း ဂိုးသွင်းခွင့်များကို ရန်ကုန်ဂိုးသမား ကျော်ဇင်ထက် လက်စွမ်းပြကာကွယ်နိုင်ခဲ့ခြင်း၊ ဒုတိယပိုင်းတွင် နည်းပြမာဂျန်၏ လူစားလဲမှု မှားယွင်းခြင်းများကြောင့် ကစားအားတက်မလာဘဲ ဂိုးမရှိသရေကျခဲ့ခြင်းဖြစ်သည်။ *စာမျက်နှာ ၁၂ ကော်လံ ၃* ❍



ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်း အကြိတ်အနယ် ယှဉ်ပြိုင်စဉ်။

ဓာတ်ပုံ- စိုးညွန့်

# အိုလံပစ်နေ့အထိမ်းအမှတ် ကမ်ပိုအားကစား သရုပ်ပြသ




**ရန်ကုန် ဇွန် ၂၃**

မြန်မာနိုင်ငံကမ်ပိုအဖွဲ့ချုပ်က စီစဉ်ကျင်းပသော အိုလံပစ်နေ့အထိမ်းအမှတ် ကမ်ပိုအားကစားသရုပ်ပြပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံ အားကစားနယ်မြေ အားကစားသိပ္ပံကွင်း ကမ်ပိုအားကစားရုံ၌ ကျင်းပသည်။

ထို့နောက် ကမ်ပိုရိုးရာ Chinkon သရုပ်ပြသခြင်းကို တက်ရောက်လာကြသော ကမ်ပိုကစားသမားများက လေ့ကျင့်ဆောင်ရွက်ကြသည်။ ဆက်လက်၍ Kihon (ကီးဟွန်) ကမ်ပိုကစားနည်းကို စုပေါင်းသရုပ်ပြသခြင်း၊ တောင်ဒဂုံ ကမ်ပိုကလပ်၊ ရန်ကုန်ကမ်ပိုကလပ်တို့မှ မျိုးဆက်သစ်ကစားသမားလေးများက သရုပ်ပြသခြင်း၊ Sea Game ရွှေတံဆိပ်ဆုရ နိုင်ငံ့ဂုဏ်ဆောင် ကမ်ပိုကစားသမားများက နှစ်ယောက်တွဲနှင့် အဖွဲ့လိုက် သရုပ်ပြသကစားကြသည်။ ယင်းနောက် မြန်မာနိုင်ငံ ကမ်ပိုအားကစားတာဝန်ခံ ကမ္ဘာ့ကမ်ပိုအဖွဲ့ချုပ်မှ နည်းပြချုပ် Mr.Morinaga က Shoriji Kempo ကစားနည်း၏ နည်းစနစ်ပိုင်းများကို ရှင်းလင်းဆွေးနွေးပြီး ဆုရရှိကြသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

ထိုကမ်ပိုအားကစားသည် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ်မှ စတင်ကာ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပထမဆုံး ဝင်ရောက်ယှဉ်ပြိုင်ပြီး လက်ရည်စစ်ပြိုင်ပွဲများတွင် ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်နှစ်ခုရရှိခဲ့ပြီး Sea Game ပြိုင်ပွဲတွင် ရွှေခြောက်ခု၊ ကြေးခုနစ်ခု ရရှိပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သော အားကစားနည်းများဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**


GRAND HANTHA INTERNATIONAL HOSPITAL
GREEN, GRAND, CARE FOR THE PEOPLE



အင်္ဂလန်နိုင်ငံမှ သားဖွားနှင့် မီးယပ်ဆိုင်ရာ ကုသမှုနယ်ပယ်တွင် ဝါရင့်အတွေ့အကြုံရှိဆရာဝန်ကြီး

Dr. Myo Nandar

M.B.,B.S, MRCOG (UK), Consultant Obstetrician and Gynaecologist, UK



(၂.၇.၂၀၁၈) မှ (၁၆.၈.၂၀၁၈)အတွင်း အပတ်စဉ် တနင်္လာနေ့မှ ကြာသပတေးနေ့ နံနက် (၁၀း၀၀)နာရီမှ နေ့လည် (၁၂း၀၀)

အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ✆ 01 523000, 01 523111, 01 523222, 09 5202282, 09 5202283, 09 5202284